www.free4readers.com

News Watch
WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၇) ၄-၅-၂၀၁၉ (စနေ)

## မဟာမုနိဘုရားကြီးတွင် ဇူလိုင်လမှစတင်၍ နိုင်ငံခြားသားများကို ဝင်ကြေးကောက်ခံမည်

အချပ်ပို တောင်းယူပါ။

မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များအား ဝင်ကြေးစတင်ကောက်ခံသွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ထံမှ သိရသည်။ မဟာမုနိဘုရားကြီးသို့ လာရောက်လည်ပတ်လေ့လာသည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအား ဝင်ကြေးကောက်ခံရန် ခွင့်ပြုချက် တောင်းခံထားမှုမှာ ၂ နှစ်ကျော်ကြာနေပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ခွင့်ပြုကြောင်း ဂေါပကအဖွဲ့ထံ ဧပြီလ ၃၀ ရက်နေ့က အကြောင်းကြားစာပေးပို့ခဲ့သည်။ ''ဝင်ကြေးကောက်ခံဖို့နဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘောတူထားတယ်။ အဲဒါကြောင့် စာ(၁၇)သို့

## လျှပ်စစ်မီး များများသုံးလေ၊ ရောင်းသူ များများရှုံးလေဖြစ်နေ၍

### လျှပ်စစ်ဓာတ်အား လုံလောက်စွာ မပေးနိုင်ခြင်းဖြစ်ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းပြော

ပြည်သူလူထုက လျှပ်စစ်မီး များများ သုံးလေ၊ ရောင်းသူက များများရှုံးလေဖြစ်နေ၍ လျှပ်စစ်ဓာတ်အားလုံလောက်စွာ မပေးနိုင်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားလိုက်သည်။ လျှပ်စစ်မီးသုံးစွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ သုံးစွဲမှုတိုင်း အားလုံးကိုစိုက်ထုတ်ပေးနေရပြီး သုံးစွဲသူမှ တယူနစ်သုံးတိုင်း လျှပ်စစ်ဓာတ်အား၏တန်ဖိုးကို အစိုးရက ငွေစိုက်ထုတ်ကာ ကျခံပေးနေရသည့် အခြေအနေရှိနေကြောင်း ဧပြီ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ် မြို့နယ်အားကစားခန်းမ၌ စာ(၂၃)သို့

## နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့်တွေ့ဆုံ၊ ကမ္ဘောဒီးယား သံဃာတော်များ ဗုဒ္ဓစာပေကျမ်းဂန်များ လေ့လာနိုင်ရန် ပုဂံတွင် ဘုရားကျောင်းတခု တည်ဆောက်ခွင့်ပြုမည်

စာ(၂၄)သို့



## နေပြည်တော်ပါတီရုံး တည်ဆောက်မည့်ကိစ္စ ယခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်မည်ဟု ဒေါက်တာဇော်မြင့်မောင် ပြော

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) နေပြည်တော်ပါတီရုံးတည်ဆောက်မည့်ကိစ္စကို ယခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းပါတီဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်က စာ(၂၃)သို့

## ရန်ကုန်မိုးပျံရထားစီမံကိန်းလမ်းကြောင်းရှိ ပုဂ္ဂလိကပိုင်မြေများကို နိုင်ငံတော်မှ မြေသိမ်းမိန့်ထုတ်ပြန် နိုင်ရေး လာမည့်နှစ်တွင် ဆောင်ရွက်မည်

စာ(၂၃)သို့

## နိုင်ငံတော်အကြံပေးကို အကြံပေးခြင်း (၂)

''စံချိန်တင်အပူချိန်တွေ တမြို့ပြီးတမြို့ ဖြစ်ပေါ်နေချေ၏။ အမိုက်ကောက်သလို သစ်ပင်တွေစိုက်ကြဖို့ လိုအပ်နေပြီဖြစ်သည်။ ပြည်သူလူထုကိုလည်း လူတယောက် သစ်ပင်ငါးပင်ရှင်အောင် စိုက်ပျိုးကြရန် အားပေးလှုံ့ဆော်ပါ။ သစ်ပင်များကို ခုတ်ခဲ့သော ခရိုနီသစ်ကုမ္ပဏီများကိုလည်း...'' စာ(၆)သို့

## မြမြဝိညာဉ်ထပ်ပူးလျှင် ဘယ်သူ့ကို တရားစွဲမှာလဲ ဝိညာဉ်ကိုလား အပူးခံရသူကိုလားဟု ဇာခြည်လွင် မေးခွန်းထုတ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ် ကျောက်စိမ်းဖိနပ်စက်ရုံမှ တာဝန်ရှိသူများနှင့် တိုင်းရဲတပ်ဖွဲ့မှ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အသတ်ခံရသူမြမြ၏ဝိညာဉ် ထပ်မံဝင်ရောက် အပူးကပ်ခံရသည် စာ(၁၈)သို့



Photo:Kyaw Thu

## ရန်ကုန်–မန္တလေးမီးရထားလမ်းပိုင်းတွင် အသုံးပြုရန် ဂျပန်မှ ဝယ်ယူထားသည့် သံလမ်းတန်ချိန် ၂၈၀၀ ကျော် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

စာ(၁၇)သို့



ဂျပန်သင်္ဘော Taikli ပေါ်မှသံလမ်းပိုင်းများချနေသည်ကို မေ ၁ ရက် ညပိုင်းက တွေ့မြင်ရပုံ Photo:Lin Lin Aung

## တောင်ကြီး လေးလောင်းပြိုင် လူသတ်မှုကျူးလွန်သူကို ဖမ်းဆီးရမိ၊ အမွေကိစ္စကြောင့် မိသားစုအားလုံးအား သတ်ဖြတ်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်

စာ(၂၃)သို့

ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေးသတင်းများကို News Watch က စောင့်ကြည့်နေသည်။





"ပဋိစ္စသမုပ္ပာဒ်ဆိုတာ အကြောင်းကိုစွဲပြီး အကျိုးဖြစ်ထွန်းတာကိုခေါ်တာ၊
သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ၊ ဒီသစ္စာနှစ်ပါးနဲ့ ပဋိစ္စသမုပ္ပာဒ်လည်တယ်၊
ဒကာမကြီးလည်း အသက်ကြီးပြီ၊ ဝိုက်ဆံရမယ့်အလုပ်ချည်းပဲ လုပ်မနေနဲ့၊
တရားရမယ့် အလုပ်လည်းလုပ်ဦး၊
ကဲဦးဇင်း အဝေးကြီးပြန်ရမယ်၊ ဝတ္ထုကလေးကပ်ဦး"

ဦးဇင်းမှာ ကောင်းသောဘဝကို ပိုင်ဆိုင်ထားပါကလား၊
တရားကျင့်၊တရားထိုင် လူ့ဘောင်လောကအတွက်
ဘာသောကမျှ မရှိ၊ အသုံးလိုလျှင် အလှူဒါနပြုလိုသူတွေဆီက
အလှူခံရုံပါပဲ။ သံသရာမှာ ထွက်ပေါက်ပိတ်နေသည့်
ပုထုဇဉ်တွေကတော့ . . .

# တင်တင်ဦး

## ထွက်ပြေးချင်သူ

### ဝတ္ထုတိုစုစည်းမှု



ထွက်ပြီ

**အရှေ့နေခြည်စာပေ-** ၀၁ ၃၈၈၇၆၃၊ ၀၉ ၂၆၀၀၂၅၃၅၅
**ပင်ရင်း-** အမှတ် ၁၉၉၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါပြီ။

www.free4readers.com

news Watch WEEKLY
စောင့်ကြည့် သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၇) ၄-၅-၂၀၁၉ (စနေ)



# ‘ဝ’တောင်တန်းမှ လွင့်ပျံ့လာသော ငြိမ်းချမ်းရေးတေးသံ

သန်းစိုးနိုင်

နှစ်ပေါင်း ၃၀ ကြာမျှ ဗုံး၊ အမြောက်သံတို့ မကြားဖူးရအောင် တိတ်ဆိတ်နေခဲ့သော ပန်ဆန်းတွင် ၄ လပိုင်း ၁၇ ရက်နေ့ (မြန်မာနှစ်ဆန်းတရက်နေ့) နံနက်ပိုင်းက အမြောက်သံများတကျော့ပြန် ဟိန်းညံ ထွက်ပေါ်လာခဲ့ပြန်ပါတယ်။ ရှမ်းပြည်အရှေ့မြောက် ဒေသ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ မြို့တော်ပန်ဆန်းမှာကျင်းပတဲ့ နှစ် ၃၀ မြောက် ငြိမ်းချမ်းရေးပွဲတော်အခမ်းအနားကို ‘ဝ’ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) အမြောက်တပ်ဖွဲ့က အကြိမ် ၃၀ အမြောက်ပစ်ဖောက် ကြိုဆိုလိုက်ခြင်းဖြစ်ပါတယ်။ ဗကပများထံမှ အာဏာသိမ်းယူလိုက်တဲ့ ၄ လပိုင်း ၁၇ ရက်ကို အစွဲပြုထားတဲ့ ‘၄၁၇’ အမှတ်တံဆိပ်ပါ ယပ်တောင်များကလည်း ပွဲတော်လာတိုင်းရင်းသား ပေါင်းစုံကြားမှာ လှုပ်ရှားပလူပျံ့လို့နေပါတယ်။ တချိန်တည်းမှာ ‘တရားမျှတ၊ လွတ်လပ်ခြင်းနှင့်မသွေ’ အစချီတဲ့ နိုင်ငံတော်သီချင်းသံကို စတင်လွှင့်ထုတ်လိုက်ရင်း ‘ဝ’ပြည်ဟာ မြန်မာနိုင်ငံတော်ရဲ့ အစိတ်အပိုင်းတရပ်ဖြစ်ကြောင်းကို သက်သေထူပြခဲ့ပါတယ်။

UWSA စစ်သေနာပတိချုပ် ဦးပေါက်ယူချန်းက အမိုးဖွင့်ကားနှင့် သူ၏စစ်ကြောင်းများကို လှည့်လည်စစ်ဆေးရင်း ‘ဝ’အလံများကို ဝှေ့ယမ်းကြိုဆိုနေတဲ့ တိုင်းရင်းသားပြည်သူအပေါင်းကိုလည်း လက်ပြနှုတ်ဆက်ခဲ့ပါတယ်။ ဒီနောက်မှာတော့ တပ်မဟာ ၄၆၈၊ ၄၁၈၊ ၃၁၈၊ ၆၁၈ နှင့် ၁၇၁ စစ်ဒေသ ကိုယ်စားပြုတပ်ခွဲများက စစ်သည်အင်အား ၇၆၀၀ နှင့် စစ်သေနာပတိချုပ် ဦးပေါက်ယူချန်းကို ချီတက်အလေးပြုကြပါတယ်။ ဒီစစ်ကြောင်းတွေထဲမှာ စစ်သူနာပြုအဖွဲ့၊ ဆက်သွယ်ရေးတပ်ဖွဲ့၊ အုပ်ချုပ်ရေးတပ်ဖွဲ့၊ အမျိုးသမီး လက်နက်ကိုင်တပ်ဖွဲ့တွေလည်း ပါဝင်ပါတယ်။ ဒီစစ်ကြောင်းတွေ နောက်မှာတော့ လေယာဉ်ပစ်စက်အမြောက်တပ်ဖွဲ့၊ မြေပြင်မှဝေဟင်ပစ် ဒုံးတပ်ဖွဲ့၊ ၄က်ပျောဖူးတင့်ကားဖျက် (ဘဇူကာ)တပ်ဖွဲ့၊ တောင်ပေါ်ပစ် အမြောက်တပ်ဖွဲ့၊ စိန်ပြောင်းကြီးတပ်ဖွဲ့နှင့် ဒရုန်းလေယာဉ်တပ်ဖွဲ့စတဲ့ ခေတ်မီလက်နက်ကြီး တပ်ဖွဲ့တွေ ချီတက်လိုက်ပါခဲ့ကြပါတယ်။ အဆိုပါ စစ်ကြောင်းများ၏ နောက်မှရုံးဌာနအလိုက် တပ်ဖွဲ့များ၊ ခရိုင်မြို့နယ်၊ ပြည်သူ့စစ်တပ်ဖွဲ့များ ဆက်လက်လိုက်ပါခဲ့ကြပါတယ်။ လူထုစစ်ကြောင်းတွေထဲမှာ ‘ဝ’၊ လားဟူ၊ ရှမ်းလူမျိုးတို့အပြင် ပန်းသေးမူဆလင်အဖွဲ့တွေအထိ လူမျိုးစုံက လိုက်ပါချီတက်အလေးပြုခဲ့ကြပါတယ်။

ဒီအခမ်းအနားမှာ ဝသွေးစည်းညီညွတ်ရေးပါတီ (UWSP)အထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်ယူချန်းက မိန့်ခွန်းမြွက်ကြားရာမှာ ‘ဝပြည်နယ်ဟာ ပြည်ထောင်စု မြန်မာနိုင်ငံမှ ခွဲထွက်လို့မရတဲ့ အစိတ်အပိုင်းတပိုင်းဖြစ်ကြောင်း၊ ခွဲမထွက်ရေးနှင့် လွတ်လပ်ရေး မတောင်းဆိုရေးတို့အတွက် အလေးအနက် ကတိသစ္စာပြုကြောင်း’ ပြောကြားခဲ့ပါတယ်။ သူက ‘ကျွန်တော်တို့ရဲ့ လိုလားချက်ဟာ တိုင်းရင်းသားဇာတိမာန်နှင့် တန်းတူညီမျှရေး၊ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေး ဖြစ်တယ်။ ပြည်ထောင်စုအစိုးရက ဝတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်၊ ဝပြည်နယ်အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆိုတယ်။ ဒီရည်မှန်းချက် ပန်းတိုင်ရောက်အောင် ကျွန်တော်တို့ ရာသက်ပန် ကြိုးစားအားထုတ်သွားမယ်’လို့ ဆိုပါတယ်။

အဆိုပါ နှစ် ၃၀ ငြိမ်းချမ်းရေးပွဲတော်ကို အစိုးရအဖွဲ့ကိုယ်စား အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သာ တက်ရောက်ခဲ့ကြသည်။ ထိုသို့ အစိုးရအဖွဲ့၏ ဒုတိယတန်းခေါင်းဆောင်များသာ တက်ရောက်လာခဲ့ခြင်းကို ‘ဝ’ခေါင်းဆောင်များက အတော်စိတ်ပျက်အားမရဖြစ်ခဲ့ကြသည်။ ‘ဝ’ခေါင်းဆောင်များ လာစေချင်သည့် ခေါင်းဆောင်များဖြစ်ကြသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဝငြိမ်းချမ်းရေး တည်ဆောက်ခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်တို့ မတက်ရောက်ခဲ့ကြပေ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးခင်ညွန့်တို့က သဝဏ်လွှာတွေ ပေးပို့ခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ‘ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးမှသာ ဆောင်ရွက်နိုင်မည်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် NCA က တံခါးပေါက်ဖြစ်ပြီး လမ်းဆုံးမဟုတ် လက်မှတ်ထိုးပြီးနောက် NCA က လွှမ်းခြုံခြင်းမရှိသည့် ကိစ္စရပ်များ ရှိလာပါက တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် အစိုးရနှင့် ညှိနှိုင်းသဘောတူညီမှုရယူနိုင်ကြောင်း’သတင်းစကားပါးခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့် သဝဏ်လွှာ ဖတ်ကြားချိန်မှာတော့ ဦးခင်ညွန့်အမည်ကိုကြားသည်နှင့် လူထုပရိသတ်ကြီးက လှိုက်လှဲဝမ်းသာစွာ လက်ခုပ်ဩဘာပေးခဲ့ကြပါတယ်။ ဦးခင်ညွန့်ကတော့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရုံမျှမက သာယာသော ပြည်ထောင်စုကြီးဖြစ်စေရန် ဝခေါင်းဆောင်များက အစိုးရနှင့် ပူးပေါင်းဆွေးနွေးသင့်တယ်လို့ တိုက်တွန်းထားပါတယ်။

ပွဲတော်အပြီးကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ UWSP ဒုဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့လက်ထက်မှာ သဘောတူထားတာတွေကို NLD အစိုးရလက်ထက်မှာ ဆက်လက်အကောင်အထည်ဖော်မှုမရှိတဲ့အတွက် အစိုးရအဖွဲ့တဖွဲ့နှင့်တဖွဲ့အကြား တာဝန်ယူမှုမရှိဟု ဝေဖန်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးရေးမှာ အစိုးရနှင့် ၎င်းတို့အကြား သဘောထားကွဲလွဲမှုရှိတယ်လို့လည်း ဆိုပါတယ်။ UWSA ဟာ ၁၉၈၉ ခုမှာ တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားခဲ့တယ်။ ၂၀၁၁ ဒီဇင်ဘာ ၂၆ ရက်က လားရှိုးမြို့မှာ ဦးသိန်းစိန်အစိုးရနှင့် ပြည်ထောင်စုအဆင့် အပစ်ရပ်စာချုပ်ချုပ်ဆိုပြီးဖြစ်တယ်။ ရှေ့အစိုးရနှင့်ဆွေးနွေးပြီး ကတိပေးထားတဲ့ဟာကို နောက်အစိုးရက သတိအမှတ်မပြုရင် သံသယရှိစရာဖြစ်လာတယ်။ ၎င်းတို့နှင့်မသက်ဆိုင်တဲ့ NCA ကို လက်မှတ်ထိုးခိုင်းနေတာ သဘာဝမကျဘူး။ အစိုးရနှင့်သတ်မှတ်ထားတဲ့ ဒေသအလိုက်၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပြီးရင် နိုင်ငံရေးဆွေးနွေးလို့ရပြီလို့ ခံယူတယ်ဆိုတဲ့သဘောထားကို ရှင်းပြပါတယ်။

ထို့ပြင် ဦးကျောက်ကော်အန်းက ဆက်လက်၍ “ကျွန်တော်တို့ငြိမ်းချမ်းရေးကို ပိုပြီးတည်ငြိမ်အောင် ပိုပြီးအာမခံချက်ရှိအောင် ဆက်ပြီးတော့ ဆောင်ရွက်သွားမယ်။ ဒါကြောင့် တပ်ကိုတည်ဆောက်ထားတယ်။ လက်နက်ခဲယမ်းတွေ အဆင့်မြှင့်တင်ထားတယ်။ မူဝါဒသဘောအရ တိုက်ပွဲမရှိရင် အားလုံးက ပြည်သူဖြစ်နေပြီး တိုက်ပွဲဝင်ရမည်ဆိုရင် အားလုံးကစစ်သားဖြစ်နေရမယ်လို့ တောင်းဆိုထားတယ်” ဆိုပါတယ်။ အကဲခတ်များရဲ့အဆိုအရ ဝတပ်ဖွဲ့မှာ အမြဲတမ်းအင်အား ၃ သောင်းရှိနေရုံမက အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းထားတဲ့အတွက် အရန်လက်နက်ကိုင်အင်အား ၂ သောင်းဝန်းကျင်ခန့် ရှိနိုင်တယ်လို့ခန့်မှန်းရပါတယ်။ ဒါကြောင့် တပ်မတော်နှင့် ဝတပ်စစ်ရေးပဋိပက္ခ ပေါက်ကွဲဖြစ်ပေါ်လာခဲ့ရင် နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာမှုကြီးနိုင်တယ်။ အထူးသဖြင့် ဒီနေ့ဒီအချိန်မှာ ဝတွေဟာ အမျိုးသားဂုဏ်သိက္ခာနှင့် ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်လိုစိတ်၊ မြင့်မားနေချိန်ဖြစ်ပါတယ်။ ခေတ်မီစစ်လက်နက်အဆင့်အတန်း မြင့်မားလာမှုထက် အမျိုးသားစိတ်ဓာတ် မြင့်မားတက်ကြွလာခြင်းက ပိုမိုခွန်အားဖြစ်စေနိုင်ပါတယ်။ ဒီခွန်အားတွေ ငြိမ်းချမ်းရေးအင်အားဖြစ်လာဖို့ ယုံကြည်မှုတည်ဆောက်ရေးက အရေးကြီးဆုံးဖြစ်နေပါပြီ။

> “ကျွန်တော်တို့ငြိမ်းချမ်းရေးကို ပိုပြီးတည်ငြိမ်အောင် ပိုပြီးအာမခံချက်ရှိအောင် ဆက်ပြီးတော့ ဆောင်ရွက်သွားမယ်။ ဒါကြောင့် တပ်ကိုတည်ဆောက်ထားတယ်။ လက်နက်ခဲယမ်းတွေ အဆင့်မြှင့်တင်ထားတယ်။ မူဝါဒသဘောအရ တိုက်ပွဲမရှိရင် အားလုံးက ပြည်သူဖြစ်နေပြီး တိုက်ပွဲဝင်ရမည်ဆိုရင် အားလုံးက စစ်သားဖြစ်နေရမယ် …”

နှစ် ၃၀ မြောက် ‘ဝ’ငြိမ်းချမ်းရေးပွဲတော်ကို ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)အဖွဲ့ဝင်အားလုံး ပါဝင်တက်ရောက်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေထဲကတော့ မွန်ပြည်နယ်သစ်ပါတီနှင့် RCSS (SSA) မှခေါင်းဆောင်တချို့ကိုသာ မြင်တွေ့ခဲ့ရပါတယ်။

စာ (၈) သို့



ဓာတ်ပုံ – ရွှေအင်းသားခင်မောင်ဝင်း

‘ဝ’အထူးဒေသ မြို့တော်ပန်ဆန်း၌ ၁၇–၄–၂၀၁၉ ရက်က ကျင်းပခဲ့သည့် ငြိမ်းချမ်းရေး နှစ်(၃၀)ပြည့် အခမ်းအနား၌ UWSA တပ်ဖွဲ့ဝင်များ စစ်ရေးပြနေပုံ

www.free4readers.com



စောင့် ကြည့်

# နိုင်ငံတော်အကြံပေးကို အကြံပေး



အချို့ကလည်း ပြောကြ၏။ နိုင်ငံတော်အကြံပေးဟူသည် မရှိ၊ နိုင်ငံတော်အတိုင်ပင်ခံဟူသော ရာထူးသာရှိသည်ဟူ၍ ဖြစ်သည်။ သူတို့ပြောသည်ကို မငြင်းလိုပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟူသော ရာထူးကို ကျွန်ုပ်သိပါသည်။ သူများခေါ်သည့်အတိုင်း မခေါ်ဘဲ မိမိစဉ်းစားဉာဏ်ဖြင့်ချင့်တွက်ကာ နိုင်ငံတော်အကြံပေးဟု ကျွန်ုပ်ကခေါ်ခြင်းဖြစ်ပါသည်။ အတိုင်ပင်ခံဆိုသည့်မြန်မာစကားကို မြန်မာစာအဖွဲ့ ဦးစီးဌာနကထုတ်ဝေသော မြန်မာ-အင်္ဂလိပ်အဘိဓာန် (MYANMAR-ENGLISH DICTIONARY) စာမျက်နှာ ၅၆၀ တွင် အတိုင်ပင်ခံ /n consultant; adviser ဟူ၍ ရေးထားပါသည်။ ထို့ကြောင့် အတိုင်ပင်ခံဆိုသည်မှာ အကြံပေး (adviser) ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည်မှာလည်း စာသဘောအရဆိုလျှင် နိုင်ငံတော်ကို အကြံပေးသူပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အကြံပေးကို အကြံပေးခြင်းဟူသောခေါင်းစဉ်သည်လည်း သဘာဝကျ၍ ယုတ္တိရှိသော မြန်မာစာအသုံးအနှုန်းပင်ဖြစ်ပါသည်။ ထပ်၍ပြောပါမည်။ ဤစာကို တော်၍တတ်၍ရေးခြင်းမဟုတ်မူဘဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အလုပ်များလွန်းသဖြင့် မမြင်မိသော အောက်ခြေအဖြစ်အပျက်အချို့ကို ကူညီသတင်းပို့တင်ပြခြင်းသာဖြစ်ပါကြောင်း။ ပထမဆောင်းပါး (နိုင်ငံတော်အကြံပေးကို အကြံပေးခြင်း အပိုင်း ၁) တွင် အမှတ်စဉ် ၁ မှ ၉ အထိ ရေးသားတင်ပြခဲ့ရာ ယခုဆောင်းပါးတွင် အမှတ်စဉ် ၁၀ မှစတင်၍ တင်ပြသွားမည်ဖြစ်ပါသည်။

### (၁၀) နိုင်ငံခြားမှလာဖွင့်သော စက်သုံးဆီဆိုင်များကို ဖွင့်ခွင့်ပေးပါ

ကိုယ်ကျိုးစီးပွားကာကွယ်မှုအရ မြန်မာလုပ်ငန်းရှင်များ လုပ်ငန်းယိုင်နဲ့သွားမည်ကိုစိုးရိမ်သဖြင့် ပြည်ပမှဝင်လာမည့်လုပ်ငန်းများကို ခွင့်မပြုခဲ့လျှင် ပြိုင်ဘက်မရှိ ကိုယ်တော်ကြီးများသည် စက်သုံးဆီရောင်းချရာ၌ လယ်ယာမြေများကို အခြားနည်းလမ်းဖြင့် ဈေးနှုန်းချိုသာစွာအသုံးပြုခွင့်ရခြင်း၊ ဒေါ်လာဈေးတက်သောအခါ စက်သုံးဆီဈေးနှုန်းတက်ယူခြင်း၊ ဒေါ်လာဈေးကျသောအခါ (သို့မဟုတ် စက်သုံးဆီဈေးနှုန်း နိုင်ငံတကာတွင်ကျသောအခါ) မသိချင်ယောင်ဆောင်ပြီး ဈေးချမပေးခြင်း၊ အခြင်အတွယ်မပြည့်ခြင်း၊ အပြိုင်အဆိုင်မရှိသဖြင့် လုပ်ငန်းရှင်ချင်းညှိကာ ဈေးနှုန်းကိုလက်ဝါးကြီးအုပ်ထိန်းချုပ်ထားခြင်းတို့ဖြစ်စေပါသည်။ ယခုအခါ တရုတ်နိုင်ငံမှ Patrol China Company (International Unit စင်ကာပူရုံးခွဲမှ) Singapore Petroleum Co(SPC)၊ ထိုင်းနိုင်ငံမှ PTT၊ နိုင်ငံတကာရေနံကုမ္ပဏီကြီးများဖြစ်သော PUMA နှင့် SHELL တို့သည် မြန်မာနိုင်ငံတွင် စက်သုံးဆီဆိုင်များဖွင့်ခွင့်ရဖို့ ကြိုးစားနေကြသည်။ ပူးမားကုမ္ပဏီကတော့ ပြည်တွင်းလေယာဉ်များ ဆီဖြည့်သည့်လုပ်ငန်းတွင် လုပ်ကိုင်ခွင့်ရခဲ့သည်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်လုပ်ငန်းတွင်တော့ တရုတ်ကုမ္ပဏီ SPC သာ ပထမဆုံးလုပ်ကိုင်ခွင့်ရခဲ့လေသည်။ ဒါတောင် ပြည်တွင်းမှ ရွှေတောင်ကုမ္ပဏီနှင့် ဖက်စပ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဆိုင်များများလည်း ဖွင့်ခွင့်မရသေးချေ။ တရုတ်အခြေခံ SPC ကိုလုပ်ကိုင်ခွင့်စတင်ပေးသလို အခြားသော နိုင်ငံတကာမှနာမည်ကောင်းဖြင့် ကျော်ကြားသောစက်သုံးဆီကုမ္ပဏီကြီးများကို လွတ်လပ်စွာရောင်းဝယ်ခွင့်ဖွင့်ပေးခြင်းဖြင့် (ပြည်တွင်းမှ ခရိုနီဆီဆိုင်အချို့ အထိနာနိုင်သော်လည်း) တိုင်းသူပြည်သားများအတွက် ပိုမိုအဆင်ပြေစေပါသည်။ ရွေးချယ်စရာ ပိုမိုစုံလင်လာခြင်းဖြင့် ဝယ်သူဘက်က အခွင့်သာစေပါသည်။

### (၁၁) တက္ကသိုလ်၊ ကောလိပ်များ မြို့ထဲပြန်ပို့ပါ

မြန်မာနိုင်ငံတဝန်းရှိ တက္ကသိုလ်၊ ကောလိပ်များကို မြို့ပြင်လူသူကင်းဝေးရာဒေသများသို့ စနစ်တကျအကွက်ချ၍ နှင်ထုတ်ပစ်သူမှာဗိုလ်ချုပ်ခင်ညွန့်ဖြစ်သည်။ ၁၉၈၈ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်သေဆုံးခဲ့သောအရေးအခင်း၊ ရန်ကုန်တက္ကသိုလ်အင်းလျားကန်အနီး တံတားဖြူမှတ်တိုင်တွင်ဖြစ်ပွားခဲ့သောအရေးအခင်း၊ မဆလအစိုးရကို ပြုတ်ကျစေသော ၈-၈-၁၉၈၈ အရေးတော်ပုံကြီး၊ ဒေါ်အောင်ဆန်းစုကြည်ငြိမ်းချမ်းရေး နိုဘယ်ဆုရရှိချိန်တွင်ဖြစ်ပေါ်ခဲ့သော ရန်ကုန်တက္ကသိုလ်(ပင်မ)ဝင်းထဲမှ ဆန္ဒပြပွဲများကို အစိုးရကအထူးစိုးရိမ်ခဲ့သည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နေအိမ်နှင့် အင်အားသုံးသောင်းကျော်ရှိသော ရန်ကုန်တက္ကသိုလ်(ပင်မ)၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့ ရှိနေခြင်းကို ဗိုလ်ခင်ညွန့်က မနှစ်သက်။ ကျောင်းသားများဆန္ဒပြတိုင်း ပြည်သူလူထုကပါလာသည်ကို သူမလိုလား။ ကျောင်းသား၊ ကျောင်းသူများကို အကြမ်းဖက်နှိမ်နင်းခြင်းအား မြို့သူမြို့သားများမြင်တွေ့နေရသည်ကိုလည်း သူသဘောမကျ (ဆန္ဒပြပွဲများဖြစ်လာလျှင် လူမသိ သူမသိ ရက်ရက်စက်စက်နှိပ်ကွပ်ချင်သည်)။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသားများနှင့် ဒေါ်အောင်ဆန်းစုကြည်၊ တက္ကသိုလ်ကျောင်းသားများနှင့် ပြည်သူလူထု ဝေးကွာသွားစေရန် ပညာရေးကော်မတီ၏ဥက္ကဋ္ဌဖြစ်သော ဗိုလ်ခင်ညွန့်က မသမာသောအကြံဖြင့် တနိုင်ငံလုံးမှ တက္ကသိုလ်၊ ကောလိပ်အားလုံးနီးပါးကို လူသူမနီးသော ချောင်ကြိုချောင်ကြား မြို့စွန်လယ်ကွင်းထဲသို့ ပို့ပစ်တော့သည်။

ထိုအချက်ကို ထင်ရှားစေသည်မှာ သူ့ဘာသာအဆင်ပြေနေသော ဘာချို့ယွင်းချက်မှမရှိသော သမိုင်းဝင်ရန်ကုန်တက္ကသိုလ်(ပင်မ)တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူအားလုံးကို ၁၉၉၇ ခုနှစ်မှစကာ ဒဂုံတက္ကသိုလ်သို့ ပို့ချလိုက်လေသည်။ RC2 (ခေါ်)ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ကိုလည်း ဘာမှအသုံးချခြင်းအကြောင်းထူးမရှိဘဲ ပိတ်ချလိုက်ကာ ဒဂုံတက္ကသိုလ်သို့ ပို့လိုက်လေသည်။ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ)မှ ကျောင်းသား၊ ကျောင်းသူများကိုလည်း မြို့ပြင်တက္ကသိုလ်သို့ ပို့လိုက်လေသည်။ ရန်ကုန်တွင်သာမက မြန်မာတနိုင်ငံလုံးတွင်လည်း တက္ကသိုလ်၊ ကောလိပ်များအသစ်ထပ်မံတည်ဆောက်ကာ တက္ကသိုလ်များကို လူမြင်ကွင်းမှ မောင်းထုတ်လိုက်လေသည်။ ယခင်က ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များတွင်သာ အဓိကသင်ကြားပေးသောဘာသာရပ်များ (ဥပမာ E.major, I.R,Law စသည်)များကိုလည်း နယ်ရှိတက္ကသိုလ်အသီးသီးတွင် သင်ကြားစေကာ ကျောင်းသားများ ရန်ကုန်တွင် လူလာမစုအောင် ခွဲထုတ်လိုက်လေသည်။ ဤသို့ မသမာသောရည်ရွယ်ချက်ဖြင့် ဗိုလ်ခင်ညွန့်ဆောင်ရွက်ခဲ့သောစီမံကိန်းကို NLD အစိုးရလက်ထက်တွင် ပြန်လည်ပြင်ဆင်သင့်ပေသည်။ ရန်ကုန်တက္ကသိုလ်ကို ယခုလိုလက်ရွေးစင်ကျောင်းသား၊ ကျောင်းသူများဖြင့် မစို့မပို့ ·လက်ခံမည့်အစား ယခင်ကလို ကျောင်းသား၊ ကျောင်းသူပေါင်းများစွာဖြင့် ပြန်လက်လက်ခံသင်ကြားပေးသင့်သည်။ လှိုင်နယ်မြေ၊ ဗိုလ်တထောင်နယ်မြေ၊ ကြည့်မြင်တိုင်နယ်မြေ စသော ကောလိပ်ကျောင်းများကိုလည်း ပြန်လည်အသုံးပြုသင့်သည်။ မြန်မာနိုင်ငံတဝန်းတွင် ဗိုလ်ခင်ညွန့်လက်ချက်ဖြင့် တောကြိုအုံကြား၊ ချောင်ကြိုချောင်ကြားသို့ ရောက်နေသောတက္ကသိုလ်အသီးသီးကို လူ့ယဉ်ကျေးမှုမြို့ပြနယ်နိမိတ်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သင့်ပါသည်။

### (၁၂) မြန်မာဘာသာဖြင့် စာသင်ကြားပါ

မြန်မာစာသည် မြန်မာနိုင်ငံ၏ ရုံးသုံးစာဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ တွင်ပါရှိ၏။ သို့ပါသော်လည်း ကျောင်းသားများသည် သင်္ချာကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားနေရခြင်းဒုက္ခ၊ ဓာတုဗေဒကို အင်္ဂလိပ်လိုကျက်မှတ်ရခြင်းဒုက္ခ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ်များကို အင်္ဂလိပ်လိုအာဂုံဆောင်နေရသော သင်ကြားရေးစနစ်များဖြင့် စခန်းသွားနေရ၏။ ထိုအခါ သင်္ချာကိုလည်း မတတ်၊ အင်္ဂလိပ်လိုလည်း ကောင်းကောင်းမတတ်၊ ဓာတုဗေဒလည်းမတတ်၊ အင်္ဂလိပ်စာလည်းမတတ်၊ ရူပဗေဒလည်းမတတ်၊ ဇီဝဗေဒလည်းမတတ်၊ အင်္ဂလိပ်လိုလည်း မယ်မယ်ရရမတတ်သောအဖြစ်များ ဖြစ်ပေါ်လာ၏။ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ သင်္ချာ စသည့်ဘာသာရပ်များသည် ဘာသာရပ် (Subjects) များဖြစ်ကြသည်။ အင်္ဂလိပ်စာ၊ မြန်မာစာ စသည်တို့သည် (Language) များဖြစ်ကြသည်။ Subject တခုကိုသင်ရာတွင် ထိုဘာသာရပ်ကို နားလည်တတ်မြောက်ခြင်းသည် ပဓာနဖြစ်သည်။ အင်္ဂလိပ်လိုသင်ခြင်းထက် မြန်မာနိုင်ငံသားအများစုသည် မိခင်ဘာသာစကားဖြင့်သင်ကြားလျှင် ပိုမိုနားလည်လာမည်ဖြစ်သည်။ ဂျပန်တွင်လည်း ဘာသာရပ်များကိုဂျပန်စာဖြင့်သော်လည်းကောင်း၊ ထိုင်းနိုင်ငံတွင်လည်း ဘာသာရပ်များကို ထိုင်းဘာသာဖြင့်ပင်လည်းကောင်း သင်ကြားကြရာ တတ်မြောက်နှုန်းမြင့်မားကြပေ၏။ အင်္ဂလိပ်လိုသင်ကြားခြင်းဖြင့် ဘာသာရပ်ကိုလည်း မတတ်မြောက်၊ အင်္ဂလိပ်စာမှာလည်း ထူးပြီးမတိုးတက်သည့် မိအေးနှစ်ခါနာအဖြစ်များကို ဖြစ်စေသောကြောင့် ဘာသာရပ်များကို အင်္ဂလိပ်လိုသင်ကြားမည့်အစား မြန်မာဘာသာဖြင့်သာ သင်ကြားသင့်၏။ အင်္ဂလိပ်ဘာသာရပ်ကိုမူ Language တခုအနေနှင့် သင်ကြားသင့်ပါ၏။

### (၁၃) ကျောင်းပညာရေးမှာ စာကြည့်တိုက် သွားချိန်တချိန် မဖြစ်မနေထည့်ပါ

လူငယ်များစာမဖတ်ကြဘူးဟု စွပ်စွဲနေကြခြင်းသည် နည်းလမ်းမကျသော ပညာရေးစနစ်ကြောင့်ဖြစ်သည်။ ကျောင်းစာကြည့်တိုက်များကို စာအုပ်ဝယ်ရန်၊ ကျွမ်းကျင်စာကြည့်တိုက်မှူးငှားရန် ဘတ်ဂျက်ချပေးရမည်။ သို့မဟုတ် စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ဝန်ထမ်းများ၊ ပညာရေးဝန်ကြီးဌာနက အလုပ်ခန့်ထားပေးရမည်။ သောကြာနေ့တိုင်းကလေးများကို စာကြည့်တိုက်သို့ သွားစေရ

"ပြောင်းလဲချိန်တန်ပြီဆိုသော်လည်း မပြောင်းလဲသော ဌာနမှာ လဝကရုံးများ၏ဝန်ဆောင်မှု ဖြစ်သည်။ ထိုရုံးများတွင် အောက်ခြေပြာတာမှစကာ ဦးစီးမှူးအဆင့်အထိ မှန်မှန်ကန်ကန် အလုပ် လုပ်၊ မလုပ် မြန်မြန်ဆန်ဆန် ဆောင်ရွက်မှုရှိ၊ မရှိ၊ ရုံးချိန်အတွင်း အလုပ်ခွင်၌ရှိနေ၊ မနေ လာဘ်ငွေမရပါက ခရု၊ ပက်ကျိကဲ့သို့ဆောင်ရွက်ပြီး လာဘ်ငွေရပါက **Iron Man** ကဲ့သို့ လျင်မြန်စွာ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို အနီးကပ်လေ့လာ စောင့်ကြည့်မည့် အဖွဲ့တဖွဲ့ ရှိသင့်ပါသည် ..."

www.free4readers.com

News Watch
WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၇) ၄-၅-၂၀၁၉ (စနေ)

## ကချင်ပြည်နယ်တွင် ရေကာတာတည်ဆောက်ပြီး ၈ လအကြာ၌ ပျက်စီးခဲ့မှု လွှတ်တော်ကိုယ်စားလှယ် မေးခွန်းထုတ်




ကချင်ပြည်နယ် ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာတွင် ရေကာတာတည်ဆောက်ပြီး ၈လအကြာတွင် ပျက်စီးသွားမှုကို ဆော့လော်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးက မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။ ယင်းရေကာတာသည် တည်ဆောက်ပြီး ၈ လအကြာတွင် ပျက်စီးသွားမှုနှင့်ပတ်သက်၍ မေ ၂ရက်က ကျင်းပသည့် ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဦးလာမာလေးက မေးခွန်းထုတ်ခဲ့ခြင်း ဖြစ်သည်။ အချပ်ပို(ခ)သို့

## ကျပ်ငွေသိန်းပေါင်း ၁၃၀၀၀ ကျော်ကို ပြန်လည်ရလိုမှုဖြင့် Carlsberg ဘီယာကုမ္ပဏီကို မြတ်မွေးကုမ္ပဏီက အမှုဖွင့်

အချပ်ပို(ဂ)သို့




# သဘာဝဘေး ခံနိုင်ရည်အတွက် စိုးရိမ်ဖွယ်ရာ



## နာဂစ်သဘာဝဘေးဒဏ်သင့် ရွာပေါင်း ၄၀ အနက် ရွာ ၆ ရွာတွင်သာ အပြည့်အဝပြန်လည်ထူထောင်ထားနိုင်

အချပ်ပို(ဂ)သို့

## မြစ်ဆုံစီမံကိန်း နေရာရွှေ့ပြီး ပမာဏလျှော့ချရုံမှတပါး အခြားရွေးစရာလမ်းမရှိ

အချပ်ပို(ခ)သို့



## လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် မြေဆီလွှာ ပျက်စီးခြင်း၊ လယ်ယာမြေ ပျက်စီးခြင်းများ ဖြစ်ပေါ်နေ

လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းကြောင့် မြေဆီလွှာများ ပျက်စီးခြင်း၊ အပင်များခြောက်သွေ့သေဆုံးခြင်း၊ လယ်ယာမြေများပျက်စီးခြင်းနှင့် ချင်းတွင်းမြစ် ရေသန့်စင်မှုမရှိခြင်းတို့ ဖြစ်ပေါ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အချပ်ပို(ခ)သို့

## ငါန်းဇွန်ဆေးခြောက်စိုက်ခင်းနှင့် ပတ်သက်၍ အမှုရင်ဆိုင်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ထား

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာစက်မှုဇုန်အနီးရှိ ဧက ၅၀ ကျော်ကျယ်ဝန်းသည့် ဆေးခြောက်စိုက်ခင်းအမှုနှင့်ပတ်သက်၍ အမှုရင်ဆိုင်ရန် III M Global Nutracetical ကုမ္ပဏီမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ထားကြောင်း တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးက ပြောသည်။ အဆိုပါစိုက်ခင်းတွင် စိုက်ပျိုးထားသောအပင်များမှာ ဆေးခြောက်အနွယ်ဝင် ဖြစ်သော်လည်း မူးယစ်ဆေးဝါးမထုတ်လုပ်နိုင်သော အပင်များဖြစ်ကြောင်း၊ ယင်းအပင်များမှ အချပ်ပို(ဂ)သို့

## ၂၀၁၉ ခုနှစ်အတွင်း အဂတိလိုက်စားမှု သိသိသာသာလျော့ကျအောင် လုပ်ဆောင်မည်ဆိုသော် နောက်ကြောင်းပြန်အရေးယူ၍မရ

အချပ်ပို(ဂ)သို့

www.free4readers.com



# မြစ်ဆုံစီမံကိန်း နေရာရွှေ့ပြီး ပမာဏလျှော့ချရုံမှတပါး အခြားရွေးစရာလမ်းမရှိ

ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းက ပေကျင်း၌ ကျင်းပပြုလုပ်သည့် ၂၁ ရာစု ပိုးလမ်းမစီမံကိန်းဆိုင်ရာ ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့သည်။ ၎င်းခရီးစဉ်အတွင်း ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုမြှင့်တင်ရေးများနှင့်ပတ်သက်၍ တရုတ်နှင့် မြန်မာအကြား သဘောတူစာချုပ် ၃ ခု လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် လူအများ စိုးတထိတ်ထိတ်ဖြစ်နေသည့် မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ တစုံတရာ ပြောဆိုခြင်း၊ သဘောတူမှုရယူခြင်းများမရှိခဲ့ချေ။

အဆိုပါ ပိုးလမ်းမသစ်အစည်းအဝေးမကျင်းပမီ သီတင်းပတ် ၄ ပတ်ခန့်ကပင် ပြည်တွင်းမီဒီယာစာမျက်နှာများတွင် မြစ်ဆုံစီမံကိန်းအကြောင်းက လွှမ်းမိုးနေခဲ့ပြီး ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများကို နှိုးဆွပေးခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်နေ့တွင်လည်း မြစ်ဆုံစီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ဒေသခံများ ပြောင်းရွှေ့အခြေချရမည့် အခြေအနေများအပေါ် ဒေသခံ ကချင်တိုင်းရင်းသား ၁၀၀၀၀ ခန့်က မြစ်ကြီးနားမြို့တွင် ဆန္ဒပြခဲ့ကြသည်။ ဧပြီ ၁ ရက်နေ့တွင်လည်း မြစ်ဆုံစီမံကိန်း ကန့်ကွက်သူများနှင့် စာရေးဆရာများ အစည်းအဝေးပြုလုပ်၍ မြစ်ဆုံစီမံကိန်းဆန့်ကျင်ရေးကော်မတီတခု တည်ထောင်ခဲ့ကြသည်။

ပေကျင်းတွင် ဆုံးဖြတ်ချက် တစုံတရာ မချမှတ်ခဲ့သော်လည်း အဖြေတခုထွက်ရန် မဝေးတော့ဟု ယူဆရမည်ဖြစ်သည်။ မြန်မာခေါင်းဆောင်များ အနေဖြင့် မြစ်ဆုံနှင့်ပတ်သက်၍ ပြောင်းလဲလာသည့် သဘောထားများကို တွေ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီ ၁၀ ရက်နေ့က ကချင်ပြည်နယ် ပူတာအိုရှိ နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံသို့သွားရောက်ခဲ့စဉ်က မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံ့ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဇန်နဝါရီ ၂၂ ရက် စစ်ကိုင်းတိုင်းခရီးစဉ်တွင်လည်း မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်သည့်မေးခွန်းကို ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားရာတွင် လက်ရှိအစိုးရအနေဖြင့် ယခင်အစိုးရက ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်သည့်အတွက် ပယ်ဖျက်လိုက်၍မရကြောင်း၊ ထိုသို့ လုပ်ဆောင်လိုက်ခြင်းကြောင်း နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုကျဆင်းသွားနိုင်ကြောင်း ပြောကြားခဲ့သည်။ တဖန် မတ် ၁၄ ရက် ပဲခူးတိုင်းခရီးစဉ်တွင်လည်း "ကျွန်မတို့ နိုင်ငံဟာ ကမ္ဘာရဲ့ ယုံကြည်မှုရဖို့အတွက်ဆိုရင် ကျွန်မတို့ဟာ စကားတည်ဖို့လိုပါမယ်။ အခုတမျိုး အခုတမျိုးပြောလို့ မရပါဘူး"ဟု ပြောခဲ့သည်။ ဆက်လက်ပြီး မြစ်ဆုံစီမံကိန်း အပါအဝင် စီမံကိန်းများကို စဉ်းစားဆုံးဖြတ်ရာတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် အချက် ၄ ချက်ကို ကြည့်ကာ စဉ်းစားဆုံးဖြတ်ချက်ချရခြင်းဖြစ်ပြီး အချက် ၁ ချက်တည်းကိုကြည့်ကာ စဉ်းစားမည်ဆိုပါက မှားယွင်းနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြစ်ဆုံစီမံကိန်း၏ အဓိကပြဿနာမှာ ဆည်တည်ဆောက်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ဒေသခံများကို ပြောင်းရွှေ့နေရာချထားမှု၊ ဆည်အက်ကွဲပြီးဖြစ်ပေါ်လာမည့် အန္တရာယ် အစရှိသည့် နည်းစနစ်ပိုင်း နည်းပညာပိုင်း ပြဿနာမဟုတ်။ နိုင်ငံရေးဆိုင်ရာ အခြေအနေများကြောင့် အထူးအာရုံစိုက်ခံနေရခြင်း ဖြစ်သည်။

၂၀၁၁ စက်တင်ဘာ ၃၀ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်က မြစ်ဆုံစီမံကိန်းအား ရပ်ဆိုင်းလိုက်ကြောင်း ကြေညာခဲ့ရာ ကန့်ကွက်ဆန့်ကျင်ရေးလှုပ်ရှားမှုများ တခန်းရပ်သွားခဲ့သည်။ ထိုဖြစ်ရပ်သည် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုစတင်ချိန်နှင့်လည်း တိုက်ဆိုင်နေပြီး အဆိုပါဆုံးဖြတ်ချက်ကို မြန်မာပြည်သူအများစုက ဒီမိုကရေစီ၏ သင်္ကေတအဖြစ် မှတ်ယူကြသည်။ NGO များ၊ တက်ကြွလှုပ်ရှားသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စီမံကိန်းနှင့်ပတ်သက်၍ မြန်မာ့အကျိုးစီးပွားကို ကာကွယ်ကြရန် ဟောကြပြောကြလုပ်ခဲ့ကြသကဲ့သို့ စာရေးဆရာ၊ ကဗျာဆရာများကလည်း မြစ်ဆုံသည် မြန်မာ့သင်္ကေတ၊ မြန်မာ့အချုပ်အခြာအာဏာအဖြစ် ရေးသားခဲ့ကြသည်။ တနည်းအားဖြင့်ဆိုလျှင် မြန်မာပြည်သူများက မြစ်ဆုံပြဿနာကို ရင်ဝယ်ပိုက်လက်ခံလိုက်ကြခြင်းပင် ဖြစ်သည်။

ရခိုင်ပြည်နယ်ပြဿနာဖြစ်ပေါ်ခဲ့သည့် ကြားကာလများတွင်လည်း မြန်မာ့အမျိုးသားရေးစိတ်ဓာတ်များ တက်ကြွအားကောင်းလာခဲ့ပြီး မြစ်ဆုံဆန့်ကျင်ရေး စိတ်ခံစားချက်များမှာလည်း ယနေ့တိုင် ပြင်းထန်နေဆဲ ဖြစ်သည်။

၂၀၁၈ ခုနှစ်မတိုင်မီအချိန်အထိ NLD အစိုးရ၏ မြစ်ဆုံနှင့်ပတ်သက်သော ဗျူဟာသည် ရှင်းလင်းပြတ်သားမှုမရှိဘဲ ဝေဝေဝါးဝါးသာရှိနေခဲ့သည်။ အဖွဲ့ဝင် ၂၀ ဦးပါဝင်သော မြစ်ဆုံစီမံကိန်းလေ့လာသုံးသပ်ရေးကော်မရှင်က အစီရင်ခံစာနှစ်စောင် ပြုစုတင်ပြထားသော်လည်း အစိုးရအနေဖြင့် ယနေ့တိုင် အများသိထုတ်ပြန်ချပြခြင်းမရှိသေးချေ။

တချိန်တည်းမှာပင် ရခိုင်ပြည်နယ်ပြဿနာကြောင့် အနောက်နိုင်ငံများမှရင်းနှီးမြှုပ်နှံမှုများ လျော့ပါးသွားချိန်တွင် အစိုးရအနေဖြင့် တရုတ်၏ ပိုးလမ်းမသစ်စီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးများတွင် ပါဝင်လုပ်ဆောင်ရန် အသေအချာ ဆုံးဖြတ်ထားသည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပိုးလမ်းမသစ်စီမံကိန်း အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီတွင် ဥက္ကဋ္ဌတာဝန်ကိုယူထားသည်။

မြစ်ဆုံပြဿနာသည် အများကြိုက်နိုင်ငံရေးဝါဒနှင့် တိုင်းရင်းသားမျိုးနွယ်စုဆိုင်ရာ နိုင်ငံရေးများနှင့်လည်း ဆက်နွယ်နေသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အများကြိုက်ဝါဒီနိုင်ငံရေးသမားမဟုတ်။ ဖေ့စ်ဘုတ်လူမှုကွန်ရက်ပေါ်မှ အသံများသည် ပြည်သူလူထုအားလုံးကို ကိုယ်စားမပြုဟု သူမက ပြောဆိုခဲ့ဖူးသည်။ မြစ်ဆုံစီမံကိန်းကိုပိတ်သိမ်းလိုက်ခြင်းအပေါ် အများပြည်သူက ချီးကျူးထောမနာပြုမည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲသော်လည်း ယုံကြည်စိတ်ချရသည့်နိုင်ငံဖြစ်ရန်လည်း လိုအပ်သည်။

၂၀၂၀ ရွေးကောက်ပွဲမှာလည်း တစတစ နီးကပ်လာသည်ဖြစ်ရာ NLD အနေဖြင့် မဲဆန္ဒရှင်များ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၏အမြင်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက မြစ်ဆုံစီမံကိန်းကို ပြန်လည်အသက်သွင်းပါက ၎င်းအနေဖြင့် လက်ပိုက်ကြည့်နေမည်မဟုတ် ဧပြီ ၇ ရက်နေ့က ပြောဆိုခဲ့သည်။ ထို့အတူ ကချင်နှင့် ရှမ်းခေါင်းဆောင်များကလည်း မြစ်ဆုံစီမံကိန်းပြန်လည်စတင်ပါက ဖြစ်ပေါ်လာမည့် နိုင်ငံရေးအန္တရာယ်များကို သတိပေးထားသည်။ လက်ရှိအချိန်တွင် အစိုးရအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကို ချိန်ဆလျက်ရှိပြီး မကြာမီလပိုင်းများအတွင်း၌ ဆုံးဖြတ်ချက်အဖြေတခု ထွက်ပေါ်လာနိုင်ခြေရှိသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားဆက်ဆံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်သူ ဦးသောင်းထွန်းက အစိုးရအနေဖြင့် မြစ်ဆုံစီမံကိန်း၏ တည်နေရာ၊ အရွယ်အစားများနှင့်ပတ်သက်၍ တရုတ်နှင့် နီးကပ်စွာ ဆွေးနွေးပြောဆိုလျက်ရှိကြောင်း ဇန်နဝါရီ ၂၉ ရက်က ပြောကြားထားသည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စီမံကိန်းကြီးများ ဖော်ဆောင်၍ရနိုင်သည့်နေရာ များစွာရှိကြောင်း၊ အခြားနေရာများကို အစားထိုးလုပ်ကိုင်ခွင့်ပြုရန် လေ့လာလျက်ရှိကြောင်း ၎င်းက ပြောခဲ့သည်။

မြစ်လက်တက်ငယ်များပေါ်တွင် စီမံကိန်းများ တည်ဆောက်ခြင်းက မြစ်မကြီးပေါ်တွင် စီမံကိန်းကြီး တခု တည်ဆောက်ခြင်းထက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု၌ များစွာလျော့နည်းသည်ဆိုသော ကျွမ်းကျင်သူများ၏အမြင်ကို အားလုံးကလက်ခံကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်ကလည်း ပြောဆိုထားသည်။

စီမံကိန်းနေရာ ပြောင်းရွှေ့ခြင်းနှင့် အရွယ်အစား လျှော့ချခြင်းများသည် မြစ်ဆုံဆည်စီမံကိန်းအတွက် ဖြစ်နိုင်ခြေရှိသည့်ရွေးချယ်မှုများဖြစ်သည်။ ဥပမာအားဖြင့် တရုတ်ကဖော်ဆောင်မည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအား အကြွေးပိုက်ဘောမိမည့်အန္တရာယ်ကို ထောက်ရှုပြီး မူလ ၇ ဒသမ ၃ ဘီလီယံဒေါ်လာစီမံကိန်းမှ ၁ ဒသမ ၃ ဘီလီယံဒေါ်လာအထိ ပမာဏလျှော့ချခဲ့သည်။

သို့ဖြစ်ရာ မြစ်ဆုံစီမံကိန်းကို ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းပုံစံအတိုင်း ဖြေရှင်းရန်မှာ ဖြစ်နိုင်ခြေများသောနည်းလမ်းတခု ဖြစ်သည်။ တရုတ်နှင့် မြန်မာအကြား ပိုးလမ်းမသစ်စီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမူဘောင်များအောက်တွင် ဖော်ဆောင်မည့် စီမံကိန်းကြီးများ များစွာရှိနေချိန်တွင် နှစ်နိုင်ငံလုံးက မြစ်ဆုံစီမံကိန်း၏ လိပ်ခဲတည်းလည်း အခြေအနေကို ကျော်လွှား၍ ရှေ့ဆက်လိုကြသည်မှာ သေချာပေါက်ပင် ဖြစ်သည်။

**မော်ရှိုး**

***Ref: SCMP***

(မူရင်းဆောင်းပါးရှင် Zhu Xianghui သည် ယူနန်တက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာန၏ လက်ထောက်ပါမောက္ခ ဖြစ်သည်။)

*ရှေ့ဖုံး (လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် မြေဆီလွှာ ပျက်စီးခြင်း၊ လယ်ယာမြေပျက်စီးခြင်းများ ဖြစ်ပေါ်နေ) မှအဆက်*

ဦးရဲထွဋ်က ပြောကြားသည်။

မေလ ၂ ရက်နေ့တွင်ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအနီးရှိ ကျေးရွာများတွင် စီမံကိန်းမှထွက်ရှိလာသော အက်စစ်ငွေ့များ၊ ယမ်းငွေ့များကြောင့် သစ်ပင်များ၊ ထန်းဥယျာဉ်များ၊ သီးနှံများခြောက်သွေ့သေဆုံးခြင်း၊ မိုင်းခွဲမှုတုန်ခါအားကြောင့် မြေဆီလွှာများပျက်စီးခြင်းနှင့် ရေဆိုးလွှတ်မှုကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးမှုများအပေါ် အမြန်ဆုံးတားဆီးအရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းစဉ် ဦးရဲထွဋ်က ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ကိုဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်တွင် ကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်ခဲ့ကြောင်း၊ ယင်းအစီရင်ခံစာ စာမျက်နှာ ၃၂၊ ၃၃ တို့တွင် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဆောင်ရွက်ရန် အတိအလင်းဖော်ပြထားကြောင်း၊ သို့သော် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများမှာ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ဦးရဲထွဋ်ကပြောကြားသည်။

"ယနေ့အချိန်မှာ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတွေဟာ ရှိနေဆဲပဲဖြစ်ပါတယ်။ စီမံကိန်းမှ ထွက်ပေါ်နေတဲ့အက်စစ်ငွေ့တွေ၊ ယမ်းငွေ့တွေကြောင့် အနီးပတ်ဝန်းကျင်ရွာတွေဖြစ်တဲ့ ဆည်တဲ၊ ကံတော၊ မိုးကြိုးပြင်၊ ဝက်မည်း၊ တုံ့ရွာ စတဲ့ကျေးရွာတွေမှာ မြေဆီလွှာတွေ ပျက်စီးခြင်း၊ ထန်းပင်တွေ၊ တမာပင်တွေ၊ ကုက္ကိုပင်ကြီးတွေ၊ သက်ရင့်ပင်ကြီးတွေ ခြောက်သွေ့ပြီးသေဆုံးခြင်းတွေ ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

စီမံကိန်းကြောင့် ဒေသခံတောင်သူများ၏ လယ်ယာမြေများထိခိုက်ပျက်စီးနေကြောင်းလည်း ဦးရဲထွဋ်က ဆက်လက်ပြောကြားသည်။

"စီမံကိန်းရဲ့အရှေ့ဘက်မှာ ထားရှိတဲ့ရေဆိုးထုတ်ကန်မှ စိမ့်ရေတွေကြောင့် လယ်ယာမြေတွေ ထိခိုက်ပျက်စီးနေရပါတယ်။ မြစ်ရေဝင်ချိန်နဲ့ မိုးရွာသွန်းချိန်တွေမှာ ရေဆိုးတွေ ထုတ်လွှတ်မှုကြောင့် ရေဆိုးတွေဟာ မြေနုကျွန်းမြေယာတွေအပေါ် ဖြတ်သန်းစီးဆင်းတဲ့အတွက် မြေက ၅၀၀ ကျော် ပျက်စီးနေရတယ်လို့ သိရပါတယ်"ဟု ပြောကြားသည်။

နောက်ဆုံးဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ဦးရဲထွဋ်က "ယနေ့ပေါ်ပေါက်နေတဲ့ နောက်ဆုံးဖြစ်ရပ်ကတော့ ဝမ်ပေါင်ကုမ္ပဏီက မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးယူပြီးသားမြေတွေကို တကေလျှင် ကျပ်သိန်း ၇၀၊ ၈၀ ပေးပြီး အပေါ်ယံမြေတွေကိုတူးဖော်ကာ ကြေးနီမိုင်းထဲက စွန့်ပစ်မြေတွေကို အဲဒီမြေကွက်တွေထဲကို သွန်ချနေပါတယ်။ အဲဒီလိုသွန်ချတဲ့အတွက် လျော်ကြေးမယူရသေးတဲ့တောင်သူတွေရဲ့မြေတွေ၊ ဆက်စပ်နေတဲ့မြေတွေမှာ ထိခိုက်ပျက်စီးမှုတွေ ကြုံနေရပါတယ်။ မိုးရာသီရောက်ရင်တော့ ယခုထက်ပိုဆိုးပါလိမ့်မယ်။ တောင်သူအချင်းချင်းပဋိပက္ခဖြစ်နိုင်တဲ့ အလားအလာတွေလည်း ရှိနေပါတယ်"ဟု ပြောကြားခဲ့သည်။

ဦးရဲထွဋ်၏မေးခွန်းအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေက ပြန်လည်ပြောကြားခဲ့သည်။ ကြေးနီတူးဖော်ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို နိုင်ငံတော်၏တည်ဆဲဥပဒေများ၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏အကျိုးစီးပွား၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူလူထု၏လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးတို့ကို ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာရဲမြင့်ဆွေက ပြောကြားခဲ့သည်။

**မင်းထင်**

*ရှေ့ဖုံး (ကချင်ပြည်နယ်တွင် ရေကာတာတည်ဆောက်ပြီး ၈ လအကြာ၌ ပျက်စီးခဲ့မှု လွှတ်တော်ကိုယ်စားလှယ် မေးခွန်းထုတ်) မှအဆက်*

"အမာခံမထည့်ဘဲ ၂ လက်မ၊ ၃ လက်မ ထုနဲ့ သနပ်ခါးလိမ်းသလို ပါးပါးလေးဖို့ထားတာကို တွေ့ရပါတယ်။ လုပ်ငန်းပြီးစီးလို့ လက်ခံတဲ့နေရာမှာ လက်မှတ်ထိုးထားသူက ဦးဒိန်ခန်ဂျိုရန်လို့ ရေးထားပါတယ်။ တကယ်ကျတော့ လန်ဆယ်ကျေးရွာအုပ်ချုပ်ရေးမှူးကသူမဟုတ်ဘဲ ဦးအေရိုစီ ဖြစ်ပါတယ်။ ထပ်ဆင့်လက်မှတ်ရေးထိုးထားသူက ကချင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး ဖြစ်ပါတယ်။ လုပ်ငန်းနဲ့ပတ်သက်ပြီး အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ လက်မှတ်ထိုးမယ်ဆိုရင် ပြည်နယ်ညွှန်မှူးအပါအဝင် ဌာနဆိုင်ရာတွေက သေချာကွင်းဆင်းပြီး စစ်ဆေးပြီးမှ လက်မှတ်ထိုးသင့်ပါတယ်။ ရေတာတမံပျက်စီးရခြင်း အကြောင်းရင်းကို ကျွန်တော် လေ့လာကြည့်တဲ့အခါမှာ တမံက ၂၇၅ ပေရှိတယ်။ ဘတ်ဂျက်ကျတာက သိန်း ၄၀၀ နီးပါးဆိုတော့ ဘတ်ဂျက်ကလည်း နည်းပါတယ်။ လုပ်ငန်းကို လက်ခံတဲ့ကုမ္ပဏီကလည်း ရတဲ့ဘတ်ဂျက်နဲ့ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို လေ့လာသင့်ပါတယ်။ သက်ဆိုင်ရာဌာနကလည်း သေသေချာချာ စစ်ဆေးပြီး သေသေချာချာ ကြပ်မတ်ခြင်းမရှိတဲ့အတွက် ပျက်စီးရခြင်းဖြစ်ပါတယ်"ဟု ဦးလာမာလေးက ပြောသည်။

လန်ဆယ်ကျေးရွာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ၂၀၁၇-၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ၂၇၅ ပေ အရှည် ရေကာတာတစင်းကို ကျပ်သန်း ၃၉ ဒသမ ၅၅ သန်းဖြင့် Orchidstar ကုမ္ပဏီက တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လတွင် လုပ်ငန်းပြီးစီးခဲ့ကာ ၈ လ အကြာတွင် ရေကာတာ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကာတာပျက်စီးမှုသည် အရည်အသွေးညံ့ဖျင်းမှုကြောင့်မဟုတ်ဘဲ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခြင်း ယိုယွင်းခြင်းသာဖြစ်ကြောင်း၊ ယင်းပျက်စီးမှုကိုလည်း သက်ဆိုင်ရာကုမ္ပဏီနှင့် နိုင်ငံတော်ပူးပေါင်း၍ တာဝန်ရှောင်လွှဲမှုမရှိဘဲ ဆောလျင်စွာ ပြင်ဆင်နိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီအနေဖြင့်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းများဆုံးရှုံးမှုနှင့် အရည်အသွေးတို့ကို သတ်မှတ်ချက်အတိုင်းစစ်ဆေးနိုင်ခြင်းတို့ကြောင့် အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း၊ ၃ နှစ်တာကာလအတွင်း ပျက်စီးပါက စာချုပ်ပါ စည်းမျဉ်းများနှင့်အညီ ကုမ္ပဏီမှ တာဝန်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြောကြားခဲ့သည်။

**ထွန်း(နေပြည်တော်)**

# ဦးဖေမောင်တင်ကြေးရုပ်နှင့် မြန်မာစာ ကျေးဇူးကန်းအတွေး

မောင်ခင်မင်(ဓနုဖြူ)

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကို စတင်အခြေချ၍ တပည့်ပေါင်းများစွာ မွေးထုတ်ပေးခဲ့ပြီး မြန်မာစာပေဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့သော ကျေးဇူးရှင်ဆရာကြီးဦးဖေမောင်တင်၏ ပုံတူကြေးရုပ်တုကို ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစုက သွန်းလုပ် ပြီးစီးပြီဖြစ်၍ မြန်မာစာဌာနတည်ရာ တောင်ငူဆောင်တွင် တင့်တင့်တယ်တယ်စိုက်ထူထားရန် စီစဉ်လျက်ရှိသည့်သတင်းကို ကြားရသည်။ ကျေးဇူးကြီးမားလှသော ဆရာကြီးကို ကျေးဇူးသိတတ်သော မြန်မာစာမိသားစုဝင် 'မြေးတပည့် **မြစ်တပည့်'များ၏ ကျေးဇူးတရားသင်္ကေတ**အဖြစ် ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်ဖွယ်ကောင်းလှသည်။ အမိရန်ကုန်တက္ကသိုလ်ကြီး၏သက်တမ်း ရာပြည့်ကာလရောက်တော့မည့်အချိန်တွင် မြန်မာလူမျိုးထဲက ပထမဆုံးကျောင်းအုပ်ကြီးလည်းဖြစ်သော ဆရာကြီးဦးဖေမောင်တင်၏ဂုဏ်ကျေးဇူးကို ဖော်ထုတ်လိုက်ခြင်းမှာ အချိန်အခါနှင့်လည်း များစွာ ဆီလျော်လှသည်။

မည်မျှကောင်းသောအလုပ်ကို လုပ်သည်ဖြစ်စေ ဂယက်ထတတ်သည့်သဘာဝအတိုင်း ဆရာကြီး၏ ကြေးရုပ်တု သွန်းလုပ်မည်ဆိုသော အစီအစဉ်ပေါ်လာသည်နှင့် မြန်မာစာမိသားစုထဲမှာပင် 'ပွစိပွစိ'အသံတွေ တိုးတိုးတမျိုး၊ ကျယ်ကျယ်တမျိုး ပေါ်ထွက်ခဲ့သည်။ ''ဦးဖေမောင်တင်ကြေးရုပ်လုပ်မယ်ဆိုရင် ဟိုဆရာကြီး 'ဦးဘယ်သူ'ကိုကော ကြေးရုပ်မလုပ်ဘူးလား။ ဟိုဆရာကြီး 'ဦးဘယ်ဝါ'ကိုလည်း ကြေးရုပ်လုပ်သင့်တာပေါ့'' ဆိုသောအသံများ ဖြစ်သည်။ ခက်သည်က ဆရာကြီးဦးဖေမောင်တင်ကို ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာသင်ပေးခဲ့သော ဆရာတယောက်ဟု သာမန်သဘောထားပြီး 'သူတို့ဆရာကြီးကို ကြေးရုပ်လုပ်ရင် ငါတို့ဆရာကြီးကိုလည်း လုပ်သင့်တာပေါ့' ဆိုသော ဆရာစွဲဖြင့် 'ပခုံးချင်းယှဉ်ချင်'သည့် 'ကြေးတိုက်'ချင်သည့်စိတ်ကူးကို အရင်းခံ၍ ပေါ်လာသော အသံများ ဖြစ်သည်။ မကြာမီကပင် 'ဆရာမောင်ဘုန်းပြည့်'က ဆရာကြီးဦးဖေမောင်တင်၏ဂုဏ်ကို ဖော်ညွှန်းရာတွင် ဆရာကြီးကို မလှမ်းမကမ်းယှဉ်နိုင်သူများတွင် တပည့်ကြီးများဖြစ်သော ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့သာရှိသည်ဟူသောသဘောမျိုး ရေးခဲ့ဖူးသည်။ **ဆရာကြီး ဦးဖေမောင်တင်၏ တသက်တာ ဆောင်ရွက်ချက်များကို သုံးသပ်ကြည့်လျှင်ပင် 'မြန်မာစာအသိုင်းအဝိုင်းတွင် ဆရာကြီးနှင့်ယှဉ်၍ ကြေးရုပ်သွန်းလောင်းသည့်ပုဂ္ဂိုလ်တယောက်တလေမျှ မပေါ်သေးကြောင်း အထင်အရှားသိနိုင်ပါသည်။**

တကယ်တော့ သူများက 'ဖေမောင်တင်'ဆို၍သာ သံယောင်လိုက်ပြီး 'ဖေမောင်တင်'နေကြသော်လည်း ဆရာကြီးနှင့် ပုဂ္ဂိုလ်အရရော၊ ပညာအရရော အလွန်အလှမ်းဝေးနေသူများ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေကြောင်း ကျွန်တော်ကိုယ်တွေ့ ကြုံဖူးပါသည်။ တခါက ဆရာကြီး၏သမီး ဒေါက်တာတင်တင်မြိုင် မြန်မာစာဌာနသို့ ခေတ္တလာစဉ် ယခုတာဝန်ယူနေသော 'မြေးတပည့်'ပါမောက္ခလက်ထက်မှာ အစည်းအဝေးလုပ်ပြီး ဆရာကြီးဦးဖေမောင်တင်အကြောင်း အမှတ်တရပြောကြသည်။ ဆရာကြီး၊ ဆရာမကြီးအချို့လည်း ပါသည်။ ဆရာကြီးနှင့် ကြုံတွေ့ရသည့် အတွေ့အကြုံကိုပြောပြကြရန် ဆရာကြီးသမီးက မေတ္တာရပ်ခံသည်။ ထိုအခါ ဆရာကြီးတယောက်က ''ကျွန်တော် ဆရာကြီးဦးဖေမောင်တင်ကို ဌာနမှာဆုံလို့ နှုတ်ဆက်ဖူးပါတယ်''ဟု ပြောပြီးရပ်သွားသည်။ ဆရာမကြီးတယောက်ကတော့ 'ဆရာကြီးက ကျွန်မနာမည်ခေါ်ပြီး နှုတ်ဆက်ပါ



တက္ကသိုလ်ကဘွဲ့ရသွားပြီး
အရာရှိရင့်မကြီးတွေဖြစ်နေတာတောင်
မြန်မာစာဖြောင့်အောင်မရေးတတ်ဘဲ
တက္ကသိုလ်မှာ မြန်မာစာဖြုတ်ဖို့
စဉ်းစားတာကတော့ ကျေးဇူးကန်းလွန်းရာ
ရောက်ပါသည် . . .

တယ်''ဟုပြောပြီး ရပ်သွားသည်။ ဆရာကြီးနှင့်ပတ်သက်၍ မှတ်သားစရာအတွေ့အကြုံများ ကြားရတော့မည်ဟု မျှော်လင့်နေသော ကျွန်တော့်မှာ ထိုစကားများကြောင့် ဆရာကြီးသမီးကို တော်တော် မျက်နှာပူသွားပါသည်။ သူ့ဖခင်အကြောင်း ဘာမှ ဟုတ်တိပတ်တိ မပြောတတ်ကြပါလားဟု ထင်သွားမည်စိုးပါသည်။

အဖြစ်မှန်ကလည်း ထိုသဘောမျိုးဖြစ်နေသည်။ ကာလတခုမှာ မြန်မာစာဌာနက ပုဂ္ဂိုလ်အချို့ ဆရာကြီးနှင့် အထိအတွေ့မရှိကြ။ အဆက်အဆံမလုပ်ကြ။ ထို့ကြောင့် ဆရာကြီး၏ပုဂ္ဂိုလ်အကြောင်းလည်းမသိ၊ စာပေအကြောင်းလည်းမသိဆိုသော အခြေအနေသို့ ရောက်ခဲ့သည်။ ကျောင်းမှာ ပြဋ္ဌာန်းသော ဆရာကြီး၏ သဒ္ဒါစာအုပ်တွေလောက်သာ (သင်နေရသည့်အတွက်) သိအောင်လုပ်ကြသည်၊ အခြားစာတွေအကြောင်း မသိသည်က များပါသည်။ (အကယ်၍ လေ့လာထားသူတယောက်က ''၁၈ ရာစုမှာ မြန်မာစကားသံတချို့ ပြောင်းစပြုတဲ့အကြောင်း ဆရာကြီးဦးဖေမောင်တင်က Phonetics in a Passport စာတမ်းမှာ ပေးထားတဲ့ အယူအဆကို ပြင်သစ်က မဒမ်ဘဲဦးတို့လို ကမ္ဘာကျော် ဘာသာဗေဒပညာရှင်တွေက အလေးအမြတ်ကိုးကားပြီး ရေးနေကြတယ်''ဟု ပြောမိလျှင် ပြောသူကို 'ဘာတွေပြောနေပါလိမ့်'ဟု အူကြောင်ကြောင်မျက်နှာဖြင့် ပြန်ကြည့်နေမည့်သူတွေ အများကြီးရှိမည်ကို မြင်ယောင်နေမိပါသည်။)

ဆရာကြီး၏ 'သားတပည့်'တွေ ခေတ်တွင် သားတပည့်အများစုက ဆရာကြီး၏ပညာကြီးမြတ်မှုကို အလေးအမြတ်ပြုကြစဉ် သားတပည့်အချို့က ဆရာကြီးကိုအပြစ်ရှာပြီး အထက်သို့ တိုင်ကြတောကြသည့်အတွက် ဆရာကြီးခမျာ အမေးအမြန်းခံရပြီး စိတ်မသက်မသာဖြစ်ရသည့်အကြောင်း မှတ်တမ်းမှတ်ရာတွေ အထင်အရှားရှိခဲ့ပါသည်။ ယခုအထိ လက်ကျန်အစွဲကလေးတွေ ရှိနေပါသေးသည်။ ယခု မြေးတပည့်၊ မြစ်တပည့်များခေတ်မှာတော့ ထိုပယောဂတွေ ကင်းသွားပါပြီ။ ဆရာကြီး၏ဂုဏ်ကျေးဇူးကို ဘက်လိုက်မှုကင်းစွာ မှန်မှန်ကန်ကန် လေ့လာသုံးသပ်နိုင်သော လူငယ်များက 'ဦးဖေမောင်တင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ'ဟု နားလည်နေကြပါပြီ။

ဆရာကြီးကွယ်လွန်ချိန်မှာ ဆရာကြီးကိုးကွယ် သည့်ဘာသာဖြစ်သော ခရစ်ယာန်ဘာသာဝင်များက ခရစ်ယာန်ဘာသာအတွက် ဆရာကြီးအကျိုးပြုခဲ့ပုံကို ဖော်ညွှန်းကြသကဲ့သို့ ဆရာကြီး၏တပည့် ဗုဒ္ဓဘာသာဝင်များကလည်း ဗုဒ္ဓဘာသာအတွက် ဆရာကြီးအကျိုးပြုခဲ့ပုံကို ဖော်ညွှန်းကြသည်မှာ အံ့ဩစရာကောင်းလှပါသည်။ ဘာသာတရားနှင့်ပတ်သက်၍ ဆရာကြီး၏ ကြီးမြတ်သော 'နှလုံးသား'ကို အလေးအမြတ်ပြုကြ ခြင်းဖြစ်သည်။ ဆရာကြီး ပညာဉာဏ်ကြီးပုံ၊ အမြော်အမြင်ကြီးပုံ၊ ကိုလိုနီခေတ်တွင် မျက်နှာငယ်နေသော မြန်မာစာကို နေရာမှန် ပြန်ရောက်အောင်ကြိုးပမ်းခဲ့ပြီး တက္ကသိုလ်မှာ အဆင့်မြင့်မြင့် သင်ကြားသည့်ဘာသာအဖြစ် ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခဲ့ပုံ၊ မြန်မာစာကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာ့စိတ်ဓာတ်ပါ မြင့်မားလာအောင် အားပေးခဲ့ပုံ၊ မြန်မာစာဖွံ့ဖြိုးမှုကိုအကြောင်းပြု၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး အဆင့်မြင့်မြင့်လေ့လာနိုင်ခဲ့ပုံများမှာ သမိုင်းစာမျက်နှာများတွင် အထင်အရှားရှိပြီးဖြစ်သည်။ ပြော၍ကုန်နိုင်စရာမရှိပါ။

သို့သော် . . .

တဖက်က ဆရာကြီးဦးဖေမောင်တင်၏ ကျေးဇူးကို ဖော်ထုတ်ပူဇော်ရန်ကြိုးပမ်းနေကြချိန်တွင် တဖက်က ဆရာကြီး၏မျက်နှာကိုမှမထောက် မြန်မာစာ၏ကျေးဇူးကိုမထောက်ဘဲ ကျေးဇူးကန်းဖို့ 'တာစူ' နေကြသည့် အရိပ်အယောင်တွေ ပေါ်နေသည်။

သင်ကြားရန်လိုအပ်သည့်အတွက် ခေတ်အဆက်ဆက်တွင် မယူမနေရ ပင်ရင်းမြန်မာစာအဖြစ် တက္ကသိုလ်မှာ သင်ကြားခဲ့သော မြန်မာစာကိုဖြုတ်ပစ်ဖို့ ကြံစည်သူများက 'တက္ကသိုလ်မှာ မြန်မာစာသင်ဖို့ မလိုပါဘူး'ဟု လေသံပစ်နေကြသည်။ မြန်မာစာမသင်ရတော့လျှင် မြန်မာစာနေရာမှာ သူ့ဘာသာ၊ ကိုယ့်ဘာသာတွေထည့်သင်ဖို့ အလုအယက်စဉ်းစားနေကြသည်။

တက္ကသိုလ်မှာ မြန်မာစာမသင်ဘဲ နေလို့ရပါပြီလား။ အသံတသံကို ကြားယောင်လာသည်။ ''**ခင်ဗျားတို့ဗျာ၊ ပါမောက္ခချုပ်တွေ၊ ဌာနမှူးတွေ၊ အရာရှိကြီးတွေဖြစ်နေပြီး မြန်မာစာတောင် နားလည်အောင် မရေးတတ်ဘူး**''ဟု ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က တာဝန်ရှိသော ဒုတိယဝန်ကြီးတယောက်က ကရုဏာ ဒေါသော ကြိမ်းမောင်းပြောဆိုသည့်အသံ နားထဲက မထွက်သေးပါ။ ယခု ထိုအခြေအနေကို ကျော်လွှားနိုင်ပါပြီလား။

''**အခြေခံပညာဦးစီးဌာနက ထုတ်တဲ့အမိန့်စာကို အဓိပ္ပာယ်နားမလည်လို့ ဘာဆက်လုပ်ရမှန်းမသိဘူး**''ဟု အမိန့်စာတစောင်ကို သာဓကပြ၍ပြောသည်။

စာ (၁၀) သို့

ဆရာဒဂုန်တာရာ၏ ရာပြည့်ပွဲသို့ လိုက်ပါလိုသူ စာပေသမားများ စာရင်းပေးနိုင်ပါပြီ



ဆရာဒဂုန်တာရာ၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့၊ မယ်ခိုတောင်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကျင်းပမည့်နေ့ရက်မှာ ၁၀-၅-၂၀၁၉ ရက်ဖြစ်ပါသည်။

ရန်ကုန်မှထွက်ခွာမည့်နေ့ရက်မှာ ၉-၅-၂၀၁၉ ညဖြစ်ပါသည်။

တညအိပ် ၂ ရက်ခရီးဖြစ်ပါသည်။

လိုက်ပါလိုသူများ အောက်ပါဖုန်းနံပါတ်များကို စာရင်းပေးနိုင်ကြပါသည်။

| | |
|---|---|
| ၁။ ဆရာဦးစိုးမြင့် | - ၀၉ ၂၅၀၀၈၀၁၅၆ |
| | ၀၉ ၇၇၀၆၇၁၃၀၇ |
| ၂။ ဆရာဦးထက်မြက် | - ၀၉ ၄၂၁၀၉၀၂၀၄ |
| ၃။ ဆရာကိုခါး | - ၀၉ ၇၉၈၁၃၄၃၈ |
| ၄။ ဦးချစ်မောင် | - ၀၉ ၄၄၃၂၃၇၇၉၀ |
| | ၀၉ ၄၂၈၆၁၂၀၁၀ |

◆ မေလ ၉ ရက်၊ ညနေ ၅ နာရီ၊ အောင်ဆန်းကွင်းရှေ့မှ ကားထွက်ပါမည်။

www.free4readers.com

www.free4readers.com

# သစ်တောကျူးမြေ အမှုတွဲတွေ ပိတ်သိမ်းလိုက်

မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)

သို့

ဥက္ကဋ္ဌ

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ

. . . မြို့

ရက်စွဲ ၂၀၁၈ ခုနှစ် မေလ (၂၀)ရက်

အကြောင်းအရာ။ ။ သိမ်းဆည်းခံမြေယာများ ပြန်လည်ပေးအပ်ရန် တင်ပြခြင်း။

၁။ . . . တိုင်းဒေသကြီး၊ . . . မြို့နယ်၊ ကြက်တကောင်ရွာနေ (ဘ) ဦးတင်မောင်၏သား ကျွန်တော် မောင်သိန်းအောင် ရိုသေလေးစားစွာ အသနားခံတင်ပြအပ်ပါသည်။ ကျွန်တော်သည် ဘုန်းကြီးကျောင်းထွက်ဖြစ်ပါသည်။ အရေးအသားမပြေပြစ်လျှင် ကျွန်တော့်တာဝန်သာဖြစ်သည်။ ဤစာကို စတုတ္ထမြောက်တင်ပြခြင်းဖြစ်သည်။

၂။ ၁၉၈၀ ခုနှစ်ခန့်မှစ၍ ကျွန်တော်တို့ နေထိုင်ခဲ့ရာ ရွာကြီးသည် ဧရာဝတီမြစ်ရေတိုက်စားပြီး လုပ်ကိုင်စားသောက်နေသည့်မြေယာများပါ ပြိုပျက်ဆုံးရှုံးခဲ့ပါသည်။

၃။ ကျွန်တော်တို့သည် နေစရာလည်းမြေမရှိ၊ လုပ်ကိုင်စားစရာလည်းမြေမရှိတော့ပါ။ ဘိုးဘွားမိဘလက်ထက်ကစပြီး မြေယာလုပ်ကိုင်စားသောက်ခဲ့ကြရာ၊ အခြားဘာမျှလုပ်မစားတတ်ကြပါ။ ရင်းနှီးစရာလည်း ငွေကြေးမရှိကြပါ။

၄။ ထိုအခါ ကျွန်တော်တို့ဒေသ၏ ရှေးအစဉ်အလာဓလေ့ထုံးစံအတိုင်း ကျေးရွာနယ်နိမိတ်နှင့် ဆက်စပ်နေသည့် စီးပွားဖြစ်မဟုတ်တော့သည့် သစ်တောမြေများကို ကျွန်တော်နှင့်အတူ ရွာသား ၃၀ ဦးတို့ ကျေးရွာလူကြီးကိုတိုင်ပြီး မြေဧက ၇၀၀ ကျော် ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးကြပါသည်။ ကျွန်တော့်အတွက် ခွဲတမ်း ၁၅ ဧကရရှိပါသည်။

၅။ ကျွန်တော်တို့ ခုတ်ထွင်ရှင်းလင်းသည့် သစ်တောနယ်မြေမှာ ဧရာဝတီမြစ်နှင့် ရွှေလီမြစ်အကြား လွှန်စွာကျယ်ဝန်းသည့် အရှေ့ကသာ သစ်တောနယ်မြေဖြစ်ပါသည်။ သစ်တောထဲတွင် နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည့် လူကြီးသူမများ လက်ဆင့်ကမ်းပြောစကားအရ ရွှေလီမြစ်ကမ်းမှာ မြန်မာနိုင်ငံတွင် အကြီးဆုံးသော ကျွန်းပင်ကြီးပေါက်ရောက်ရာ သစ်တလုံးတည်းနှင့် ၁၀ တန် ကျော်ပါသည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ဘုံဘေဘားမား၊ စတီးဘရားသား၊ ဖူးကား၊ တီဒီဖင်လေ၊ မက္ကရက္ကီ စသည့် အင်္ဂလိပ်သစ်ကုမ္ပဏီကြီးများက ကျွန်းသစ်များ အလွန်သက်သာသောနှုန်းထားများနှင့် ထုတ်လုပ်ခဲ့ပါသည်။ သစ်ထုတ်ရာမှာ အလွန်စနစ်ကျသည်ဟုဆိုပါသည်။ ရင်စို့လုံးပတ် ၆ ပေရှိ သစ်ကို သစ်သင်းပြီး သုံးနှစ်ကြာမှ အလှည့်ကျထုတ်ရာ သစ်တောမှာ မထိခိုက်ဘဲ ကျွန်းပင်များ အစားထိုးပြီးဖြစ်သည်ဟု သိရသည်။ ထိုသစ်တောကြီးမှာ အထက်မြန်မာနိုင်ငံတွင် အကြီးဆုံးသစ်တောကြီးဖြစ်ပြီး တောရိုင်းတိရစ္ဆာန်များ ပေါများရာ မြန်မာနိုင်ငံတွင် ရှားပါးလှသည့် ကြံ့သတ္တဝါများပင်ရှိသည်ဟု ဆိုပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဘုရင်ခံချုပ်ဆာဟာကုတ်ဘတ္တလာနှင့် ဝန်ကြီး၊ ဝန်ကလေးများ ခရစ္စမတ်အကြို ထိုသစ်တောသို့ တောပစ်ထွက်ရာ 'မုဆိုးတို့၏နတ်ပြည်'ဟု ခေါ်စမှတ်ရှိကြပါသည်။ အမှန်မှာမူ သစ်တောဥပဒေအရ တိရစ္ဆာန်များကို မပစ်ရပါ။ သို့သော် ဘုရင်ခံတို့လူစုသည် ဥပဒေအထက်က လူများဖြစ်ကြရာ သူတို့လုပ်ချင်တာလုပ်နိုင်သည်ဟုဆိုပါသည်။ ယခုလည်း အာဏာရှင်အစိုးရနှင့် ဥပဒေအထက်က ကုမ္ပဏီကြီးများ မူလက နေပြောက်မထိုးသည့်သစ်တောကြိုးဝိုင်းများကို 'အပြောင်ရှင်း'လိုက်ရာ ပြောင်တလင်းခါသွားပါသည်။ တရားခံမှာ ဒေသခံ တောင်သူလယ်သမားများ မဟုတ်ကြပါ။ ဥပဒေအထက်က လူများသာဖြစ်ကြပါသည်။

၆။ ထိုစီးပွားဖြစ်သစ်တောမဟုတ်သည့် ဖုန်းဆိုးတောများကို နေထိုင်လုပ်ကိုင်စားစရာမရှိသည့် ဒေသခံများက စီးပွားဖြစ်မဟုတ်ကြပါ။ မိမိတို့မိသားစု တဝမ်းတခါးအတွက် ခုတ်ထွင်ရှင်းလင်းကြပါသည်။ သစ်တောဌာနမသိဘဲ သစ်တောမြေကို တိုးချဲ့၍မရပါ။ မြေစာရင်းမသိဘဲ သီးနှံစိုက်ပျိုး၍မရပါ။ နှစ်စဉ် အခွန်အခများပေးဆောင်ကြရပါသည်။ ထိုစဉ်က ကျွန်တော်တို့အား သစ်တောကျူးသူဟု တစုံတယောက်ကမျှ တားဆီးခြင်း အရေးယူခြင်းမရှိခဲ့ပါ။

၇။ ကျွန်တော်တို့မှာ မိသားစု ၆ ယောက်ရှိပါသည်။ ထိုမြေယာပေါ်မှာ နေထိုင်လုပ်ကိုင်စားသောက်ခဲ့တာ ၁၀ နှစ်ကျော်ပါပြီ။ နေရေး၊ စားရေး၊ ဝတ်ရေး အတန်အသင့်ပြေလည်ပါသည်။ သားသမီးလေးများကိုလည်း နီးစပ်ရာ မူလတန်းကျောင်းမှာ ပညာသင်ကြားနိုင်ခဲ့ပါသည်။

၈။ ၁၉၉၀ ပြည့်နှစ်ခန့်လောက်ရောက်သည့်အခါ မန္တလေး–တကောင်း–မြတောင်–ငါးအိုး–ရွှေကူ–ဗန်းမော် ဧရာဝတီအရှေ့ခြမ်း ဖွံ့ဖြိုးရေးလမ်းမကြီး (မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်များကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ပြည်ထောင်စုလမ်းမကြီးဟုခေါ်ကြပါသည်။) ဖောက်လုပ်သည့်အခါ ကျွန်တော်တို့ စိုက်ကွင်းများအတွင်း ဖြတ်သန်းသွားပါသည်။ ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးတိုးတက်မည်ဆိုသဖြင့် ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါသည်။ လုပ်အားများ အပြည့်အဝပေးခဲ့ကြပါသည်။




> ပြည်သူ့ကိုယ်စားလှယ်ကြီးများက ထွက်ပေါက်ပေးလိုက်တော့ ဌာနဆိုင်ရာအကြီးအကဲများ လက်ဝကွက်အပ်လိုက်သလိုပါပဲ။ သပိတ်ဝင် အိတ်ဝင် ဖြစ်သွားပါပြီ။ အကြောင်းမူ တောင်သူလယ်သမားများထံမှ ကုမ္ပဏီများအတွက် ဦးဆောင်ပြီး မြေယာသိမ်းပေးခဲ့တာ သူတို့ပါပဲ။ အခုလည်း သိမ်းဆည်းခံမြေယာပြဿနာ ဖြေရှင်းပေးရာမှာ သူတို့က . . .

၉။ ထိုသို့ ဝမ်းသာပျော်ရွှင်မဆုံးရှိနေစဉ်မှာပင် ဝမ်းနည်းစရာကြုံလာရသည်။ အကြောင်းမူ ခရီးလမ်းဆက်သွယ်ရေးကောင်းမွန်လာသည့်အခါ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦး . . . ရောက်လာသည်။ ကျွန်တော်တို့ လုပ်ကိုင်စားနေသည့် မြေယာသည် အင်ဒေါင်းကြိုးဝိုင်း အကွက်အမှတ်(၂၂/၂၃)ဖြစ်သည်။ ကျွန်းစိုက်ခင်းထူထောင်မည်။ ၄ နှစ်ကြာစီမံကိန်း မအောင်မြင်ပါက မူလစိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများကို မြေယာပြန်ပေးမည်ဟု ကတိရှိခဲ့ပါသည်။

၁၀။ ကျွန်းစိုက်ခင်းအမည်ခံထားသော်လည်း ၄ နှစ်တာကာလအတွင်း မည်သူတဦးတယောက်မျှ လာရောက်ခြင်းမရှိပါ။ ကျွန်းပင်တပင်မျှ စိုက်ပျိုးခြင်းလည်း မရှိပါ။ ကျွန်တော်တို့မှာ မြေယာကို လုပ်မြဲလုပ်ကိုင်ခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၀၅/၂၀၀၆ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ ကုမ္ပဏီသို့ လွှဲပြောင်းပေးကြောင်း သိရပါသည်။

၁၁။ မကြာမီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားရေး၊ ဥပဒေ၊ သစ်တော၊ မြေစာရင်းဌာနအကြီးအကဲများ ရောက်လာပါသည်။ ကျွန်တော်တို့လုပ်ကိုင်စားသောက်နေသည့် မြေယာကို ကုမ္ပဏီအပ်ရမည်။ မအပ်လျှင် 'ထောင်'ကျခံရမည်ဟု တရားဝင်ပြောကြားခဲ့ပါသည်။

၁၂။ ကျွန်တော်တို့ တောင်သူလယ်သမားများမှာ စာမတတ်ပေမတတ်နှင့် လူသူမနီး တောကြီးမျက်မည်းတွင် ကြီးပြင်းလာကြရသဖြင့် ဗဟုသုတအကြားအမြင်မရှိကြပါ။ ဒေသသုံးအရပ်စကားနှင့်ပြောရလျှင် 'ဘောင်းဘီရှည်ဝတ်ဆို တရုတ်မကိုပင်ကြောက်ရသည်'ဟု အဆိုရှိပါသည်။ မြေသိမ်းယာသိမ်းလာရောက်ကြသူများအားလုံးမှာ ဘောင်းဘီရှည်ဝတ်များ ဖြစ်ကြပါသည်။

၁၃။ တောင်သူလယ်သမားများမှာ ရဲစခန်း၊ တရားရုံးများကို အလွန်ကြောက်ကြပါသည်။ 'ထောင်' ဆိုသည့်စကားကြားရသည့်အခါ အသက်ပင် ဘယ်က ထွက်ရတော့မည် မသိတော့ပါ။ ဌာနဆိုင်ရာအကြီးအကဲများဦးဆောင်ပြီး ကုမ္ပဏီအတွက် မြေယာများ သိမ်းပေးရသည်ဆိုရာ ကုမ္ပဏီဆိုသည်မှာ အစိုးရအထက်ကဟု တောသူတောင်သားများ ထင်မှတ်မှားကြပါသည်။

၁၄။ ထို့ပြင် ထွေအုပ်မင်းကြီး၊ ရဲမင်းကြီး၊ တရားသူကြီး၊ မြေစာရင်း စသည့်တိုင်းအဆင့်အကြီးအကဲများသည် အငြိမ်းစားယူပြီး ကုမ္ပဏီမှာ အကြံပေးပုဂ္ဂိုလ်ကြီးများအဖြစ် ခန့်ထားသည်ဟု ကြားသိရပါသည်။ မြို့နယ်အဆင့် အကြီးအကဲများမှာ ထိုကုမ္ပဏီကြီးများကို မော်၍ပင်ကြည့်ဝံ့ကြမည်မထင်ပါ။ ဥပဒေကို ဘာမျှမသိနားမလည်သည့် တောင်သူလယ်သမားများဆိုလျှင် စက်ရုံက ကြိတ်ဝါးလိုက်သည့် ကြံကြိတ်ဖတ်ကဲ့သို့ အမှုန့်ဖြစ်သွားနိုင်ပါသည်။

၁၅။ ကျွန်တော်တို့ ကြားသိရသည်မှာ ပြည်ထောင်စုလမ်းမကြီးဖောက်လုပ်ပြီးနောက် လမ်းဘေးဝဲယာမြေယာများကို တိုင်းရင်းသားအရင်းရှင်အမည်ခံ ကုမ္ပဏီများက စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရန် နိုင်ငံတော်အစိုးရထံ လျှောက်ထားသည်ဟုဆိုပါသည်။ ထိုမြေယာများမှာ မြေလွတ်မြေလပ် မဟုတ်ကြပါ။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ဒေသခံများ စိုက်ပျိုးလုပ်ကိုင်စားနေသည့် မြေယာများဖြစ်ပါသည်။

၁၆။ လမ်းမကြီးနှင့်ဝေးရာမှာ မြေလွတ်၊ မြေရိုင်းများ များစွာရှိပါသည်။ ထိုမြေများကို ကုမ္ပဏီကြီးများက အပင်ပန်းခံလုပ်မည်မဟုတ်ပါ။ ဒေသခံများ ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးစားသောက်နေကြသည့် လုပ်စားမြေပြောင်များကိုသာ ဌာနဆိုင်ရာနှင့်ပူးပေါင်းပြီး သိမ်းယူခဲ့ကြပါသည်။ သစ်တောကြီးများကို ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခြင်းမပြုဘဲ သစ်ခိုးထုတ်ကြပါသည်။

၁၇။ အားမတန်မာန်လျှော့ရပါသည်။ သားသမီးလေးများလက်ဆွဲပြီး မိမိတို့ပိုင်ဆိုင်သည့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ခွေးကလေးများခေါ်ကာ မိမိတို့လုပ်ကိုင်ခဲ့ဖူးသည့် မြေယာပေါ်မှ ထွက်ခွာခဲ့ကြရပါသည်။ သမင်လည်ပြန်နောက်သို့ လှည့်ကြည့်ရာ နေထိုင်ခဲ့သည့် အိမ်ကလေး၊ နွားတင်းကုပ်၊ စိုက်ပျိုးထားသည့်ဥယျာဉ် ပန်းမန်၊ ရေတွင်း၊ ရေကန် ရာသီပင်များစိုက်ပျိုးထားသည်ကို မြင်ရသည့်အခါ လူကြီးမိဘများ မျက်ရည်ကျရသည်။ သားငယ်သမီးငယ်များ အော်ဟစ်ငိုယိုကြသည်။ တောင်သူလယ်သမားဘဝသည် မိမိတို့မြေယာကိုအချစ်ဆုံးပါ။

စာ (၂၉) သို့

www.free4readers.com



# ဆရာစံ-ဇာဏီဘို၏ ၇ ရက်သားသမီးအတွက် ပေဒင်ယတြာ

### တနင်္လာနေ့မွေးသောသူများ



လွှပ်ရှားမှုရပ်တန့်နေသည့်ကိစ္စများ ပြန်လည်ဆောင်ရွက်နိုင်မည်။ အရေးပါသည့် ဆောင်ရွက်မှုနှစ်ခု လုပ်ကိုင်နိုင်မည်။ စီးပွားကိစ္စ၊ အလုပ်ကိစ္စများ အလုံးစုံ အောင်မြင်ခြင်းနှင့် တိုးတက်ခြင်းများ ရရှိမည်။ မထင်မှတ်ထား သောသူများထံမှ ကောင်းသော အထောက်အကူကောင်းများ ရရှိမည်။ ဆုံးရှုံးထားသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။

### ရာဟု (ဗုဒ္ဓဟူးမွန်းလွဲ) မွေးသောသူများ



အခက်အခဲများ ကျော်လွှားနိုင်မည်။ ခရီးနှင့် အပြောင်းအလဲကိစ္စများ ပေါ်ထွန်းမည်။ လူမျိုးကွဲ၊ လူမျိုးခြားများ၊ ဘာသာခြားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှကောင်းသော အောင်မြင်မှုများဖြစ်ထွန်းမည်။ စုဆောင်းထားသောငွေများ အလုံးအရင်းလိုက် သုံးစွဲရလိမ့်မည်။ ပညာသင်တန်းနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်ရမည်။

### တနင်္ဂနွေနေ့မွေးသောသူများ



တပါးသူ သတိပေးမှုအပေါ် အလေးမထားဘဲ ထင်ရာစိုင်းမှုကြောင့် အမှားအယွင်းများ ကြုံတတ်သည်။ ဖြစ်ပေါ်လာသော ပြဿနာမှန်သမျှသည် တပါးသူအရေးကိစ္စများသာ ဖြစ်မည်။ လုပ်ငန်းခွင်အတွင်း၌ဖြစ်စေ၊ မိတ်ဆွေအသိုင်းအဝိုင်းတွင်းမှဖြစ်စေ သောကများခြင်းကြောင့် စိတ်မှုမမှန် ဖောက်ပြန်သောသူ ပေါ်ပေါက်တတ်သည်။

### ကြာသပတေးနေ့မွေးသောသူများ



အပြိုင်အတိုက်အခံကြားမှ တိုးတက်မှုများ ရရှိမည်။ ချက်ချင်းဆုံးဖြတ်ပြီး ဆောင်ရွက်ခြင်းမှ ထူးခြားသော အကျိုးဆက်များ ရရှိမည်။ ကြိုးပမ်းဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ မိသားစုတွင် ဝင်ငွေ၊ လုပ်ငန်းစီးပွားတိုးတက်မည်။ အလုပ်အဆင့်တိုးတက်မည်။ တပါးသူ၏ အကူအညီအား စောင့်စားခြင်းမပြုသင့်။

### အင်္ဂါနေ့မွေးသောသူများ



ကာလအတန်ကြာ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသော ပြဿနာများပြီးပြောက် အဆင်ပြေသွားမည်။ ကြိုးပမ်းဆောင်ရွက်မှု၏ ကောင်းသောအနှစ်သာရကို ရမည်။ သတိရှိရန်မှာ အတူတကွ ပူးတွဲလုပ်သူများ၏ မရိုးမသား ဆောင်ရွက်မှုများကို ကိုယ်ကသိလျက်ဖုံးကာဖိကာ ကာကွယ်ပေးရမည်။ ထိုသူများသည်ပင် တနေ့ မိမိအား ဒုက္ခပေးလိမ့်မည်။

### သောကြာနေ့မွေးသောသူများ



ရပိုင်ခွင့်များ ပြန်လည်တောင်းဆိုရရှိမည်။ လုပ်ငန်းဟောင်းများရပ်၍ အသစ်အဆန်းကိစ္စများ ဆောင်ရွက်နိုင်မည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို သတိနှင့် ကိုင်တွယ်ပါ။ မြှုပ်နှံထားသောငွေများ ပြန်ဖော်ရန်ခက်သည်။ မလိုအပ်ဘဲ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်းပြုရန် အခါမသင့်။ မိမိအကျိုးလိုလားသောသူများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ပါ။

### ဗုဒ္ဓဟူးနေ့မွေးသောသူများ



စိတ်ချမ်းမြေ့မှုများ လွှမ်းမိုးနေမည်။ မိမိစိတ်ထဲမှ မျှော်လင့်ထားသည်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ သူတပါးအား ဖွင့်မပြောဘဲ လျှို့ဝှက်ထားသည့်ကိစ္စတခုအား လက်တွေ့ဆောင်ရွက်နိုင်မည်။ ဖြတ်တောက်ရန် ခက်ခဲလှသော သံယောဇဉ်ဟောင်းများအား အပြီးအပိုင်ဖြတ်တောက်နိုင်မည်။ မေတ္တာရေး ကံကောင်းမည်။

### စနေနေ့မွေးသောသူများ



ဘဝစိတ်ကူး ရည်မှန်းချက်တခုအား ကျောခိုင်းရ၍ မရေရာ မသေချာသော အနာဂတ်သစ်တခုသို့ ရုတ်ခြည်းပြောင်းလဲရန် အခြေအနေများပေါ်ထွန်းမည်။ ပေါ့ပေါ့တန်တန် ပြုမိသော အမှားကြောင့် ဘဝတခုလုံးကို ပေးဆပ်ရမည်။ ကောင်းမယောင်နှင့်ဆိုးသော အနေအထားရှိမည်။ ဆုံးဖြတ်ချက်မှား၍ ငွေကုန်များခြင်းများ ရှိမည်။

ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။ စံ-ဇာဏီဘို။ ဖုန်း - ၆ ၄ ၁ ၆ ၃ ၉

# ပြည်တွင်းဈေးကွက်သို့ ယိုးဒယားဆားဝင်ရောက်မှု တိုးလာ



မြန်မာနိုင်ငံတွင် ယိုးဒယားဆား စားသုံးမှု များပြားလာသောကြောင့် ပြည်တွင်းဈေးကွက်သို့ ယိုးဒယားဆား ဝင်ရောက်မှုများလာကြောင်း သိရသည်။

ပြည်တွင်းဆားနှင့် ယိုးဒယားဆားမှာ ဈေးနှုန်းကွာခြားမှုမရှိသော်လည်း ထုပ်ပိုးမှုစနစ်နှင့် အရည်အသွေးကြောင့် စားသုံးသူများ ယိုးဒယားဆားကို စားသုံးလာကြကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခင်စိုးက ပြောသည်။

"ယိုးဒယားဆားက အရည်အသွေးမြင့်တယ်လို့ ပြည်တွင်းစားသုံးသူတွေက လက်ခံကြတယ်။ ဈေးက တရာ၊ နှစ်ရာ လောက်ကွာပေမဲ့ သူတို့က ကျေကျေနပ်နပ်နဲ့ ဝယ်သုံးကြတယ်။ လုပ်ငန်းရှင်တွေကလည်း ဈေးကွက်မပျက်ရေးအတွက် အရည်အသွေးမီအောင် လုပ်လာကြပါပြီ"ဟု ၎င်းက ပြောသည်။

ဆားဈေးကွက်တွင် ပြည်တွင်းဆားသည် ၈၀ ရာခိုင်နှုန်းခန့် ပုံမှန်ထုတ်လုပ်ပေးနိုင်ပြီး ယိုးဒယားဆားမှာ ၂၀ ရာခိုင်နှုန်းခန့် ဝင်ရောက်နေရာယူလာကြောင်း ၎င်းကပြောသည်။

ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာနမှလည်း ပြည်ပအရည်အသွေးမီ အဆင့်မြင့်ဆားများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာကို ဖြန့်ဖြူးပေးရန် ရည်ရွယ်ထားကြောင်း ဖြည့်စွက်ပြောသည်။

ပြည်တွင်း၌ တနှစ် ဆားသုံးစွဲမှုနှုန်းသည် မက်ထရစ်တန် တသိန်းခွဲမှ နှစ်သိန်းထိရှိပြီး ရေသန့်စက်ရုံနှင့် ငါးပိလုပ်ငန်းများတွင် အများဆုံးသုံးစွဲကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက ပြည်ပဆားမဝင်နိုင်ဘူးလေ။ သူတို့က ပြည်တွင်းဆားဈေးနဲ့ ယှဉ်မရောင်းနိုင်ဘူးလေ။ စားသုံးသူတွေကလည်း မရှိသလောက်ဘဲ။ ဒီနှစ်တော့ တော်တော်သုံးလာတယ်။ သူတို့ဆားက ဖြူတယ်လေ သန့်တယ် အရည်အသွေးကောင်းတယ်ပေါ့။ စားသုံးသူတိုးလာတော့ ဈေးကွက်ဖောက်လာနိုင်တာပေါ့"ဟု ရေးမြို့နယ် ပင်ကျေးရွာမှ ဆားကွင်း မန်နေဂျာ ဦးကျော်လွင်က ပြောသည်။

ပြည်တွင်း လုပ်ငန်းရှင်များမှလည်း ဆားအထွက်နှုန်းတိုးလာစေရန်နှင့် အရည်အသွေးမီလာစေရန် ကြိုးစားဆောင်ရွက်နေကြကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ယိုးဒယားဆား ၁ ပိဿာ ၄၀၀ ကျပ်ဖြစ်ပြီး ပြည်တွင်းဆားချော ၁ ပိဿာ ၂၀၀ ကျပ်နှင့် ဆားကြမ်း တပိဿာ ၁၇၀ ကျပ်ဝန်းကျင် ရောင်းဈေးရှိကြောင်း သိရသည်။ ***ထိုက်ထိုက်***

# ရန်ကုန်မြို့တွင် ပညာရေးဖိုရမ်တခုပြုလုပ်မည်ဟု ဦးမြင့်မင်းသိန်း ပြောကြားပြီး ၃ လကြာသည်အထိ တစုံတရာညွှန်ကြားခြင်း မရှိသေး

ရန်ကုန်မြို့တွင် ပညာရေးဖိုရမ်တခု ပြုလုပ်မည်ဟု ဝန်ကြီးချုပ်ဦးမြင့်မင်းသိန်းက ပြီးခဲ့သည့်ဇန်နဝါရီလကုန်ပိုင်းတွင် ပြောကြားခဲ့သော်လည်း ၃ လကြာသည်အထိ တစုံတရာညွှန်ကြားခြင်း မရှိသေးကြောင်း သတင်းရရှိသည်။

"ပညာရေးဖိုရမ် မလုပ်ဖြစ်သေးပါဘူး။ ဝန်ကြီးချုပ်က မပြောသေးဘူး။ အလုပ်တွေကများတော့ လုပ်ဖြစ်ဦးမှာ မဟုတ်သေးဘူး"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက News Watch သို့ ပြောသည်။

ရန်ကုန်မြို့တွင် ပညာရေးဖိုရမ်ပြုလုပ်ကျင်းပရန်ကိစ္စအား ဝန်ကြီးချုပ်အနေဖြင့် ၎င်းပြောကြားထားသည့်အတိုင်း ကျင်းပပြုလုပ်မည်ဟုလည်း လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဆက်ပြောသည်။ "ကျွန်တော်ဝန်ကြီးချုပ်ကို ပြန်ပြီးမေးကြည့်ပါ့မယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မင်းသိန်းသည် ရန်ကုန်မြို့တွင် ပညာရေးဖိုရမ်တခုပြုလုပ်မည်ဟု ပြီးခဲ့သည့် ဇန်နဝါရီလပိုင်းက ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၂၄ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိလာကာ ကျောင်းမှတာဝန်ရှိသူများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့်တွေ့ဆုံခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အဆိုပါကျောင်းမှ ပြန်လည်ထွက်ခွာခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မင်းသိန်းက ကျောင်းမှ ဆရာ၊ ဆရာမများနှင့် အချိန် ၁ နာရီခန့်တွေ့ဆုံကာ အစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အစည်းအဝေးပြုလုပ်ရာတွင် ဝန်ကြီးချုပ်က ပညာရေးစနစ်တိုးတက်ကောင်းမွန်ရေးအတွက် အကြံဉာဏ်များတောင်းခံခဲ့သည်။ ထို့အပြင် ပညာရေးဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးနှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်ပညာရေးမှူးများ ပါဝင်သည့် ပညာရေးဖိုရမ်တခုကို ရန်ကုန်မြို့တွင် ပြုလုပ်မည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း၊ ယင်းအစည်းအဝေးတက်ရောက်ခဲ့သူတဦးက News Watch သို့ ပြောကြားထားခြင်းဖြစ်သည်။ ***လင်းလင်းအောင်***

# ရန်ကုန်-ဒလတံတားစီမံကိန်းအတွက် ဒလဘက်ခြမ်း ဖောင်ဒေးရှင်းတူးဖော်ခြင်းလုပ်ငန်းများ ဇူလိုင်လတွင်စတင်မည်

ရန်ကုန်-ဒလတံတားစီမံကိန်းအတွက် ဒလဘက်ခြမ်းတွင်ဖောင်ဒေးရှင်းတူးဖော်ခြင်းလုပ်ငန်းများကို လာမည့်ဇူလိုင်လတွင် စတင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားစီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝေက ပြောသည်။

"ဒလဘက်ကတော့ ဖောင်ဒေးရှင်းလုပ်ငန်းတွေကိုစတင်ဖို့ အကောင်အထည်ဖော်နေတယ်။ ဖောင်ဒေးရှင်းကတော့ မတူးရသေးပါဘူး။ စီမံကိန်းဧရိယာကို ယူထားပါပြီ။ ခြံစည်းရိုးတွေ ခတ်နေပါပြီ။ ဇူလိုင်လောက်လုပ်နိုင်မယ်လို့ ထင်တယ်။ ဒလဘက်အခြမ်းကတော့ အဆင်သင့်နီးပါးဖြစ်နေပြီ။ ကျွန်တော်တို့ အသုံးပြုပစ္စည်းတွေစစ်နေတဲ့အပိုင်းပဲ ကျန်ပါတော့တယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်-ဒလတံတားစီမံကိန်းနှင့် ပတ်သက်၍ ဧပြီလ ၃၀ ရက်က ဒလပြည်သူများနှင့် တံတားဦးစီးဌာနမှတာဝန်ရှိသူများတွေ့ဆုံပွဲကို ဒလဘက်ခြမ်းရှိ ကမာကဆစ်အနောက်ကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည်။

"ရန်ကုန်ဘက်အခြမ်းကတော့ ကျွန်တော်တို့ ဖောင်ဒေးရှင်းလုပ်နိုင်ဖို့အတွက်ကို ရေမြောင်းကြီးတွေကိုဖယ်ဖို့ရှိပါတယ်။ သူကတော့ နည်းနည်းနောက်ကျမယ်။ နောက်တပတ်မှာလည်း အစည်းအဝေးရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ဌာနတခုတည်းနဲ့ ဆောင်ရွက်လို့မရတော့ ဌာနဆိုင်ရာတွေ တွေ့ဆုံဆွေးနွေးအစီအစဉ်ချပြုလုပ်ရမှာဖြစ်တဲ့အတွက် အဲဒီတော့မှ သိရမှာပါ။ ဒါပေမဲ့ အများကြီးတော့ မကြာတော့ပါဘူး။ ရေမြောင်းတွေတနေရာရွှေ့ပြီးတာနဲ့ အဲဒီနေရာကိုဖောင်ဒေးရှင်းဝင်တူးသွားမှာဖြစ်ပါတယ်။ စည်ပင်သာယာရေးကော်မတီနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ ရေမြောင်းကိုဘယ်နားရွှေ့မယ်။ နောက်ပြီး မိုးတွင်းလည်းရှိတဲ့အတွက် ပြည်သူတွေကို မထိခိုက်အောင် လုပ်ဆောင်ရမှာဖြစ်တယ်"ဟု ၎င်းကပြောသည်။



တံတားတည်ဆောက်ရန် ကိုရီးယားသမ္မတနိုင်ငံ၏ EDCF Loan (ကိုရီးယားနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုရန်ပုံငွေ)မှ ချေးငွေကန်ဒေါ်လာသန်း ၁၃၀ အပါအဝင် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၄ သန်းကုန်ကျမည်ဖြစ်သည်။ တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားအမျိုးအစား၊ အမြင့် ၄၉ မီတာ၊ အကျယ် ၁၅၁ မီတာ၊ ပင်မတံတားအရှည် ၁၉၃၆ ပေရှိပြီး စုစုပေါင်းတံတားအရှည် ၆၁၄၃ ပေ၊ လေးလမ်းသွားတံတားဖြစ်ပြီး တည်ဆောက်ရေးကာလ ၃၉ လသတ်မှတ်ထားသည့်အတွက် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ***ကျော်ကျော်***

( တစ် )

အင်္ဂလိပ်ကိုလိုနီခေတ်က ဖြစ်သည်။ မြန်မာ့အလင်းသတင်းစာ တာဝန်ခံအယ်ဒီတာဦးချစ်မောင်က အက်ဒွပ်ဘုရင် 'နန်းစွန့်နေပြီ' သို့မဟုတ် 'နန်းစွန့်ပြီ' ဟု အဓိပ္ပာယ်ကောက်ယူနိုင်သော သတင်းတပုဒ်ကို သတင်းစာတွင်ထည့်လိုက်သည်။ ထိုသတင်းကြောင့် အတွင်းဝန်ချုပ်ကြီး မစ္စတာကရောဖို့ဒ်က တာဝန်ခံအယ်ဒီတာကို အတွင်းဝန်ရုံးသို့ ချက်ချင်းဆင့်ခေါ်သဖြင့် ဦးချစ်မောင်သွားတွေ့ရသည်။ ရုံးခန်းထဲတွင် မြန်မာ့အလင်း တာဝန်ခံအယ်ဒီတာ ဦးချစ်မောင်နှင့် အင်္ဂလိပ်အတွင်းဝန်တို့ အတော်လေး အချေအတင် ဖြစ်ကြသည်။ ဘုရင်အက်ဒွပ် နန်းစွန့်ပြီဆိုသောကိစ္စမှာ အင်္ဂလိပ်သတင်းများစာထဲတွင်ပင်မပါသေးဘဲ မြန်မာ့အလင်းသတင်းစာမှ ယခုကဲ့သို့ရေးလိုက်သည်မှာ အရေးယူခံရနိုင်ကြောင်းနှင့် သတင်းကို ပြန်ပြင်၍ အမြန်ဆုံးထည့်ပေးရန် အတွင်းဝန်ကပြောဇ၏။ အတွင်းဝန်၏ စကားကို ဦးချစ်မောင် ပြန်ပြောလိုက်သောစကားမှာ မြန်မာ့သတင်းစာ သမိုင်းအတွက် စာတင်လောက်ပါသည်။

''ဒီမှာ အတွင်းဝန်ချုပ်ကြီးခင်ဗျာ၊ ဒီသတင်းကို ပြန်ပြင်လိုက်ရအောင် ကျုပ်က ခင်ဗျားတို့အစိုးရတဖွဲ့လုံးရဲ့ တာဝန်ခံပုဂ္ဂိုလ်တယောက် မဟုတ်ဘူး။ ကျုပ်က မြန်မာ့အလင်းသတင်းစာရဲ့ တာဝန်ခံပုဂ္ဂိုလ်တယောက် ဆိုတာကို ခင်ဗျားတို့သိဖို့ ကောင်းပါတယ်။ ခင်ဗျားတို့ အစိုးရသတင်းအရ နောက်ကျနေတာကို ကျုပ်က တိုင်းသူပြည်သားတယောက်အနေနဲ့ အများကြီး ဝမ်းနည်းပါတယ်ဗျာ။ ဒီသတင်းက အမှန်သတင်းဖြစ်နေပြီမို့ ကျုပ်ပြန်ပြင်ပြီး ထည့်မပေးနိုင်ပါဘူး''ဟူ၍ ဖြစ်သည်။ ထိုအကြောင်းကို ဆရာမကြီး ဂျာနယ်ကျော်မမလေးက သူလိုလူစာအုပ်ထဲတွင် 'ကလောင်နှင့် အုပ်ချုပ်သောအစိုးရ'ခေါင်းစဉ်ငယ်ဖြင့် ရေးသားခဲ့သည်။ မြန်မာ့ခေတ်ဦး မီဒီယာလောကသားများသည် ဖယောင်းတိုင်နှင့်တူသော လူသားများဟု



ဂျာနယ်ကျော် ဦးချစ်မောင် နှစ် (၁၀၀) ပြည့်အခမ်းအနားတွင် ပြသခဲ့သည့် ပန်းချီကားတကား



ဒေါသထွက်နေသည့် ဗိုလ်ချုပ်ကြီးနေဝင်းအား ဗိုလ်နေဝင်းဟုခေါ်ခဲ့သည့် ဗမာ့ခေတ်သတင်းစာ အယ်ဒီတာချုပ် ဦးအုန်းခင်

# နိုင်ငံတော်အနာဂတ်နှင့် ဖယောင်းတိုင်လိုလူသားများ

ရက္ခ

ပင် ဆိုနိုင်သည်။ ကိုယ်တိုင်လောင်ကျွမ်းခံကာ အများအကျိုးအတွက် အလင်းရောင်ပေးနိုင်ခဲ့ကြသူများပင်ဖြစ်သည်။

( နှစ် )

မြန်မာနိုင်ငံသည် စာပေသမိုင်းမနိမ့်ကျသော နိုင်ငံဖြစ်သည်။ အရည်အချင်းရှိသော စာပေသမားများ ခေတ်အဆက်ဆက်တွင် ပေါ်ထွက်ခဲ့ကြသော နိုင်ငံဖြစ်သည်။ အင်္ဂလိပ်ကိုလိုနီလက်အောက်တွင် ကျရောက်နေစဉ်ကလည်း သတင်းစာဆရာ၊ စာပေသမားတို့သည် နယ်ချဲ့ကိုလိုနီစနစ်ကို ကလောင်နှင့် တိုက်ခဲ့ကြသည်။ တမျိုးသားလုံးစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်လွတ်လပ်ရေးကို စာပေစွမ်း၊ ကလောင်စွမ်းများဖြင့် အလင်းပြပေးခဲ့ကြသည်။ လွတ်လပ်ပြီး ခေတ်တွင်လည်း မြန်မာ့သတင်းစာဆရာများ၊ စာရေးဆရာများသည် နိုင်ငံတော်တာဝန်ကို ကလောင်စွမ်းဖြင့် ထမ်းရွက်ခဲ့ကြသည်သာဖြစ်၏။

မြန်မာစာပေ၊ သတင်းစာသမိုင်းကိုကြည့်လျှင် အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးချိန်မှ စတင်ကာ မင်းတုန်းမင်းသည် အင်္ဂလိပ်တို့၏ ဝါဒဖြန့်ရေးသားခြင်းကို ပြန်လည်ချေပနိုင်ရန်အတွက် မြန်မာသံတော်ဆင့်သတင်းစာကို ရန်ကုန်တွင် ထုတ်ဝေခိုင်းခဲ့ကြောင်း ဆိုသည်။ ၁၈၇၄ ခုနှစ်သို့ရောက်သောအခါ ရတနာပုံသတင်းစာကို ထုတ်ဝေခဲ့ကြောင်း သိရ၏။ ၁၈၉၀ မှ ၁၉၂၇ အတွင်းတွင် မြန်မာ့အဆွေသတင်းစာနှင့် ဟံသာဝတီသတင်းစာ၊ သူရိယသတင်းစာ၊ မြန်မာ့အလင်း၊ လစ်ဘာတီ၊ ဒီးဒုတ်၊ ဗန္ဓုလ၊ ဖေယျ၊ တိုင်းချစ်မြန်မာ၊ နယူးဘားမားစသော သတင်းစာများရှိခဲ့ကြောင်း မှတ်တမ်းမှတ်ရာများမှ ဆိုသည်။ ထို့အပြင် စစ်ပြီးခေတ်တွင် မြန်မာ့အလင်း၊ သူရိယ၊ ပြည်သူ့အသံ၊ သံတော်ဆင့်၊ ရန်ကုန်နေ့စဉ်နှင့် တခြားသော သတင်းစာ အများအပြားထွက်ရှိခဲ့ကြောင်း ဆိုသည်။ သတင်းစာဆရာများနှင့် သတင်းစာ(စာပေ)တို့၏ အခန်းကဏ္ဍသည် မြန်မာ့နိုင်ငံရေးသမိုင်းထဲတွင် ဖျောက်ဖျက်မရသော မှတ်တိုင်ပင်ဖြစ်၏။

( သုံး )

ဒီမိုကရေစီအရုဏ်ဦးဟုဆိုသော ၂၀၁၀ ပြည့်နှစ်မှစတင်လျှင် လက်ရှိအချိန်အထိ မြန်မာ့ဒီမိုကရေစီသည် ဆယ်စုနှစ်တခုကို ဖြတ်သန်းနေခဲ့ပြီဟု ဆိုနိုင်၏။ ဦးသိန်းစိန်အစိုးရ၏ ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အထိ မြန်မာ့ဒီမိုကရေစီကို အရပ်သားတပိုင်း ဒီမိုကရေစီဟု ဆိုကြသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သော လက်ရှိ NLD အစိုးရကိုမူ အရပ်သားစစ်စစ် ဒီမိုကရေစီအစိုးရဟု ကမ္ဘာမှ အသိအမှတ်ပြုသည်။ မြန်မာနိုင်ငံသည် ဦးသိန်းစိန် အစိုးရလက်ထက်မှစတင်ကာ လွတ်လပ်ခြင်းတံခါးကို အတိုင်းအတာတခုအထိ ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ နိုင်ငံတော်၏ ပင်မ မဏ္ဍိုင်ကြီးများဖြစ်ကြသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် သတင်းမီဒီယာအခန်းကဏ္ဍတို့ကို ဦးသိန်းစိန်အစိုးရက အတော်အတန် ဟန်ချက်ညီညီထိန်းသိမ်းသွားခဲ့သည်ဟု ဆိုနိုင်သည်။

လက်ရှိ NLD အစိုးရသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို 'ပြောင်းလဲချိန်တန်ပြီ'ဆိုသော ဆောင်ပုဒ်ဖြင့် တနိုင်ငံလုံး အတိုင်းအတာတွင် သောင်ပြိုကမ်း ပြိုအနိုင်ရရှိလာခဲ့သည်။ အကောင်းဆုံးကို ပြောင်းလဲလိုကြသော နိုင်ငံသူနိုင်ငံသားများက သူတို့၏မျှော်လင့်ချက်ဖြစ်သော NLD အပေါ်တွင် တခဲနက်ထောက်ခံမဲပေးခဲ့ကြသည်။ လက်ရှိအချိန်တွင် NLD

> ကိုယ်တိုင် လောင်ကျွမ်းခံကာ အများသူငါအတွက်
> အလင်းပေးရသောသူများပင် ဖြစ်သည်။
> ဖယောင်းတိုင်နှင့်တူသောသူများကို
> ထိန်းချုပ်နှိပ်ကွပ်ခြင်းသည်
> အလင်းရောင်ရရှိနေသူများ၏အကျိုးကို
> ဖျက်ဆီးခြင်းနှင့် တူမည်ပင်ဖြစ်ပါ၏။
> ထိုသို့ ဖယောင်းတိုင်လိုလူသားများနှင့်
> အနာဂတ်မြန်မာနိုင်ငံတော်၏ အခန်းကဏ္ဍကိုတော့
> အကောင်းဆုံးရှုမြင်ချင်လှပါသည် . . .

၏ ငါးနှစ်တာအစိုးရသက်တမ်းကုန်ဆုံးရန်နှင့် ၂၀၂၀ ရွေးကောက်ပွဲ စတင်ရန် အချိန်သည်လည်း နီးကပ်လာခဲ့ပြီးဖြစ်သည်။ သို့သော် NLD အစိုးရကြွေးကြော်ခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး၊ တိုင်းရင်းသား တန်းတူရေး၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု အပါအဝင် နိုင်ငံတော်၏ကဏ္ဍအသီးသီးတို့သည် ပြည်သူအပေါင်း၏ဆန္ဒနှင့်အညီ အမှန်တကယ်ပြောင်းလဲခဲ့ပြီလားဆိုသော မေးခွန်းများကို ကျယ်ကျယ်လောင်လောင် ကြားနေကြရဆဲ။

လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်ထဲမှတိုက်ပွဲများ၊ စစ်ဘေးရှောင်တို့၏ဒုက္ခများအပါအဝင် မြစ်ဆုံကိစ္စတို့သည် ပြည်သူများ၏ရတက်မီးကို တန့်နှံ့ဆွလျက်ရှိနေပြန်၏။ ထို့အပြင် လွတ်လပ်စွာပြောဆိုခွင့်နှင့် သတင်းမီယာများ၊ သတင်းစာဆရာများ (ဂျာနယ်လစ်များ)၏ အခန်းကဏ္ဍကလည်း ပိုမိုကျဆင်းလာကြောင်း ထောက်ပြမှုများကို တွေ့နေရ၏။ ပြည်သူများမျှော်လင့်ကြသော အရပ်သားစစ်စစ်အစိုးရ NLD လက်ထက်တွင်ပင် သတင်းမီဒီယာသမားများနှင့် တက်ကြွလှုပ်ရှားသူ နိုင်ငံရေးသမားအများစု တရားစွဲခံရခြင်းအရေအတွက်မှာ ပိုမိုများပြားလာခဲ့သယောင် ရှိနေသည်။ လူမှုကွန်ရက်များတွင် တိုင်းရင်းသား လူမျိုးများအချင်းချင်း အမုန်းတရားနှင့် အမုန်းပွားခြင်းများ ပိုမိုကြီးထွားလာနေသည်ကိုလည်း တွေ့နေရ၏။ သည်လိုဖြစ်နေရခြင်းမှာ ၂၀၁၈ ဖွဲ့စည်းပုံဥပဒေကြောင့်လား သို့မဟုတ် NLD ၏ အတိုက်အခံများက ပိုမိုအားကောင်းနေခြင်းနှင့် လုပ်ပိုင်ခွင့်ပိုမိုရရှိနေခြင်းကြောင့်လား ဆိုသည်ကိုပင် ပြည်သူများ သို့လောသို့လော တွေးပူနေကြရသည်။

( လေး )

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်သည် နိုင်ငံတကာ၏ပါးစပ်ဖျား တွင် လျှာယားအာယားပြောချင်နေကြသော အရေးကိစ္စတခုကဲ့သို့ ဖြစ်နေသည်။ ၂၀၁၈ ခုနှစ် ဧပြီလကထုတ်ပြန်ခဲ့သော နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF)၏ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အညွှန်းကိန်းအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ထဲတွင် မြန်မာနိုင်ငံသည် ၁၃၇ နေရာ၌ ရပ်တည်နေကြောင်း ဖော်ပြ၏။ ထို့အပြင် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပခဲ့သော ကမ္ဘာ့သတင်းမီဒီယာအဖွဲ့ (IPL) ကလည်း မြန်မာအစိုးရက သတင်းလွတ်လပ်ခွင့်ကို လိုက်နာဆောင်ရွက်ရန် အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သေးသည်။ NLD အစိုးရတက်လာပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ်က နယ်စည်းမခြား သတင်းသမားအဖွဲ့၏ (RSF) ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏သတင်းလွတ်လပ်ခွင့်သည် နိုင်ငံပေါင်း ၁၈၀ အနက် ၁၄၃ (အဆင့်-၁၂)အထိ တိုးတက်မှုရှိခဲ့ကြောင်း ဖော်ပြခံခဲ့ရသေးသည်။

( ငါး )

အိမ်စောင့်အစိုးရ အာဏာရလာပြီးချိန်က ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲလုပ်ရန်ဖိတ်သဖြင့် ပြည်တွင်းပြည်ပသတင်းစာဆရာ ၅၀ ဦးခန့်သည် သတင်းစာရှင်းလင်းပွဲလုပ်မည့်စစ်ရုံးသို့ တက်ရောက်လျက်ရှိနေကြသည်။ ဖိတ်ကြားထားချိန်ထက် ၂ နာရီခန့် နောက်ကျပြီးမှ ဗိုလ်ချုပ်ကြီးရောက်လာသည်။ သို့သော် သတင်းစာဆရာများထံသို့ တိုက်ရိုက်မလာသေးဘဲ ရုံးခန်းထဲသို့ဝင်ဘာ တာဝန်ခံဝန်ကြီးများအား ကြိမ်းမောင်းအော်ငေါက်နေသံကို သတင်းစာဆရာများ ကြားနေရ၏။ အတန်ကြာသောအခါ သတင်းစာရှင်းလင်းပွဲလုပ်မည့်အခန်းသို့ ဗိုလ်ချုပ်ကြီးရောက်လာပြီး ''ခင်ဗျားတို့ကကော ဘာမေးချင်တာလဲ''ဟု အော်ငေါက်သံဖြင့် စတင်သည်။ ဗိုလ်ချုပ်ကြီး ဒေါသထွက်နေသည်ကိုသိသဖြင့် သတင်းစာဆရာများထံမှ ဘာသံမျှ ထွက်မလာဝံ့တော့ဘဲ ခန်းမတခုလုံး ငြိမ်သက်နေသည်။ ထိုအချိန်တွင် ဗမာ့ခေတ်သတင်းစာ အယ်ဒီတာချုပ်ဦးအုန်းခင်က ကုလားထိုင်ပေါ်သို့ ခြေထောက် တဖက်ကိုတင်ပြီး ဒူးခေါင်းကိုလက်တဖက်ဖြင့် စည်းချက်မှန်မှန်ပုတ်နေရင်းမှ 'ဗိုလ်နေဝင်း'ဟု ခေါ်လိုက်သံထွက်ပေါ်လာသည်။ သည်နောက် ဗမာ့ခေတ် အယ်ဒီတာချုပ်ဦးအုန်းခင်က ''ခင်ဗျားတို့ သတင်းစာရှင်းလင်းပွဲလုပ်မယ်ဆိုလို့ ပင့်ဖိတ်လို့လာခဲ့တာ။ မေးစရာဘာမှ မရှိဘူး။ ခင်ဗျားပြောစရာရှိရင် ပြောပါ။ မပြောရင် ပြန်ရုံပဲ။ အချိန်ကုန် မခံနိုင်ဘူး'' ဟုဆိုလိုက်ရာ ဗိုလ်ချုပ်ကြီးလည်း ဘာမျှမပြောတော့ဘဲ ဒေါသတကြီး ထပြန်သွားသည် ဆို၏။ ထိုအဖြစ်အပျက်ဖြစ်ပွားပြီးနောက် ၁၉၆၂ တွင် တပ်မတော်မှ အာဏာသိမ်းသောအခါ ပထမဦးဆုံး အဖမ်းခံခဲ့ရသူမှာ ဗမာ့ခေတ်သတင်းစာဆရာကြီး ဦးအုန်းခင်ဖြစ်လာခဲ့ကြောင်း ဖတ်မှတ်ဖူးပါသည်။

**စင်စစ်သတင်းမီဒီယာသမားများသည် ဖယောင်းတိုင်နှင့်တူသော လူသားများပင်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့၏မျက်စိကို ဖွင့်ပေးကြသူများ၊ အမှောင်ခွင်း၍ အလင်းဆောင်ပေးနေကြသူများပင် ဖြစ်သည်။ ခက်ခဲကြမ်းတမ်းသော လမ်းကြမ်းတွင် ကိုယ်တိုင်လျှောက်လှမ်းနေရသော်လည်း နိုင်ငံတော်အတွက် အချောမွေ့အကောင်းမွန်ဆုံးသောလမ်းကို ညွှန်ပေးနေကြသူများဟု ဆိုနိုင်သည်။** ကိုယ်တိုင်လောင်ကျွမ်းခံကာ အများသူငါအတွက် အလင်းပေးရသောသူများပင်ဖြစ်သည်။ ဖယောင်းတိုင်နှင့်တူသောသူများကို ထိန်းချုပ်နှိပ်ကွပ်ခြင်းသည် အလင်းရောင်ရရှိနေသူများ၏အကျိုးကို ဖျက်ဆီးခြင်းနှင့် တူမည်ပင် ဖြစ်ပါ၏။ ထိုသို့ ဖယောင်းတိုင်လိုလူသားများနှင့် အနာဂတ်မြန်မာနိုင်ငံတော်၏အခန်းကဏ္ဍကိုတော့ အကောင်းဆုံးရှုမြင်ချင်လှပါသည်။

ရက္ခ

www.free4readers.com



# နှစ်ပေါင်း ၄၀ သက်တမ်းရှိ ဂျပန်ဆေးရုံ (အထွေထွေရောဂါကု ဆေးရုံသစ်ကြီး) ဘက်စုံပြန်လည်အဆင့်မြှင့်တင်ရန် ဂျပန်အစိုးရ စဉ်းစားနေ

နှစ်ပေါင်း ၄၀ သက်တမ်းကာလရှိ ဂျပန်ဆေးရုံ(အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး) ပြန်လည်ဘက်စုံအဆင့်မြှင့်တင်ရန်အတွက် ဂျပန်အစိုးရက စဉ်းစားနေကြောင်း သတင်းရရှိသည်။

ဂျပန်အစိုးရ၏အကူအညီဖြင့် ဆောက်လုပ်မည့် ရန်ကုန်အထူးကုဆေးရုံသစ်တည်ဆောက်ရေးစီမံကိန်း ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဧပြီလ ၂၈ ရက်က ရန်ကုန်မြို့၊ ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့် မြေနေရာ၌ ပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဘက်စုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဂျပန်နိုင်ငံအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးပါရန် တိုက်တွန်းပြောကြားခဲ့သည်။



"JICA ကနေ အကူအညီပေးခဲ့တဲ့ ရန်ကုန်မြို့မှာရှိတဲ့ ပြည်သူအများစုက သိနေတဲ့ ဆေးရုံတရုံရှိပါတယ်။ ဒီဆေးရုံဟာ နှစ်အနည်းငယ်ကြာမြင့်နေပြီ ဖြစ်ပါတယ်။ ဒီဆေးရုံကို ထပ်မံအဆင့်မြှင့်တင်ဖို့အတွက် JICA ကို တိုက်တွန်းချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုကျွန်တော်တို့ ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှုအတွက် ဆေးရုံကို တည်ဆောက်သလိုပဲ ဒီဆေးရုံဟာ ခေတ်တခေတ်၊ အခြေအနေတခုမှာ မြန်မာပြည်သူလူထုတွေ အားလုံးက တကယ့်ကို မျှော်လင့်ခဲ့တဲ့ ဆေးရုံတရုံဖြစ်ပါတယ်။ ဒီဆေးရုံကနေ ပြည်သူတွေကို အများကြီး ဆေးဝါးကုသပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီဆေးရုံဟာ ခေတ်ကာလကြာလာပြီဖြစ်တဲ့အတွက် ဆေးရုံကို ဒီထက် facilities တိုးမြှင့်ပေးနိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းဟာ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်က လုပ်နိုင်ရင်တောင်မှ ဒီဆေးရုံကို လှူဒါန်းခဲ့တဲ့၊ ကူညီဆောင်ရွက်ပေးခဲ့တဲ့ ဂျပန်နိုင်ငံအစိုးရကိုတော့အသိပေးပြီး ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့် ဒီဆေးရုံကို ပြန်ပြီးအဆင့်မြှင့်တင်တဲ့နေရာမှာ ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှုအတွက် အခုဒီ(အထူးကုဆေးရုံသစ်ကြီး)ကိုလည်း တဖက်က တည်ဆောက်နေသလို ဟိုဘက်(ဂျပန်ဆေးရုံ)ကိုလည်း ပြန်ပြီးအဆင့်မြှင့်တင်သင့်ပါတယ်"ဟု ဝန်ကြီးချုပ်ကပြောသည်။

အဆိုပါ ဂျပန်ဆေးရုံကြီးအား ဘက်စုံအဆင့်မြှင့်တင်ရာတွင် ဆေးရုံကြီး၏မှန်များ၊ အဲကွန်းစနစ်များ ပြန်လည်လဲလှယ်တပ်ဆင်သင့်ပြီး ခွဲစိတ်ခန်းများကိုလည်း ပြန်လည်အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သင့်ကြောင်း ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ) ဘက်စုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဂျပန်နိုင်ငံအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးပါရန် ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၏ တိုက်တွန်းပြောကြားချက်နှင့် ပတ်သက်၍ အလေးအနက်ထား စဉ်းစားသွားသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ H.E Mr. Ichiro Maruyama က ကတိပေးပြောကြားခဲ့သည်။

"ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောပါတယ်။ ပြည်သူ့ဆေးရုံကြီးရှိပါတယ်။ ပြည်သူ့ဆေးရုံကြီး အမှတ်(၂)လို့ ခေါ်ပါတယ်။ အဲဒီဆေးရုံကြီးကို ပြည်သူလူထုဒေသခံအားလုံးက ပြည်သူ့ဆေးရုံအမှတ်(၂)လို့ မခေါ်ပါဘူး။ JICA ဆေးရုံ၊ JICA ဆေးရုံလို့ ခေါ်ကြပါတယ်။ အဲဒီ JICA ဆေးရုံက ဟုတ်ပါတယ်။ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းပြောပြတဲ့အတိုင်း အဲဒီဆောက်ပြီးတော့ နှစ် ၄၀ လောက်ရှိပါပြီ။ အဲဒီဆေးရုံကို အဆင့်မြှင့်တင်ရေးလုပ်ဖို့ လိုပြီဆိုတာ ဝန်ကြီးချုပ်ကိုယ်တိုင် ဒီအခမ်းအနားမှာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေရှိတဲ့အချိန်မှာ ပြောတဲ့စကားဆိုတော့ လျစ်လျူရှုမရပါဘူး။ အဲတော့ ကျွန်တော်အသင်းနဲ့တိုင်ပင်ပြီးတော့ စဉ်းစားဖို့ ကြိုးပမ်းပါမယ်။ အလေးအနက်စဉ်းစားပါမယ်။ အခု JICA က Mr. Masayuki Karasawa လည်းရှိတဲ့အတွက် သူနဲ့ညှိပြီးတော့ ဖြစ်အောင်ကြိုးစားသွားပါမယ်" ဟု ဂျပန်နိုင်ငံ သံအမတ်ကြီးကပြောသည်။

ထို့အပြင် မကြာမီအကောင်အထည်ဖော်တည်ဆောက်မည့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီးကိုလည်း ပြည်သူလူထုက ဂျပန်ဆေးရုံဟု ပြောဆိုသုံးနှုန်းနိုင်စေရေးနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍကို အကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ သံအမတ်ကြီး၊ H.E Mr. Ichiro Maruyama က ပြောကြားခဲ့သည်။

***လင်းလင်းအောင်***

# ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်ကြောင့် သေဆုံးသူ ၄ ဦးအနက် အကျဉ်းသားတဦးပါဝင်



ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်ကြောင့်တက်ရောက်ကုသသည့် လူနာ ၆ ဦးတွင် ၄ ဦးသေဆုံးသွားပြီး ၎င်း ၄ ဦးထဲမှတဦးသည် ဆေးရုံမရောက်ခင်ကတည်းက သေဆုံးနေသော အကျဉ်းသားတဦးဖြစ်ကြောင်း သိရသည်။

"အပူဒဏ်ခံရပြီး ဆေးရုံရောက်လာတဲ့လူနာက ၆ ဦးပါ။ ဧပြီ ၂၀ ကရောက်လာတာပါ။ ၂၅ ရက်အထိ ၅ ရက်အတွင်းမှာ ၄ ဦးသေဆုံးသွားတယ်။ ပဲခူးမြို့ပေါ်တခုတည်းတော့ မဟုတ်ဘူး။ ဝေါမြို့နယ်နဲ့ ဘုရားကြီးမြို့ကလည်း ပါပါတယ်။ သေဆုံးတဲ့ ၄ ဦးမှာ ၃ ဦးက ဆေးရုံရောက်မှသေတာ။ တဦးကတော့ ဆေးရုံမရောက်ခင်ကတည်းက အသက်မပါတော့ဘူး။ ရောက်တဲ့အချိန်က ညဘက်။ အကျဉ်းဦးစီးဌာနကနေ အပြင်းဖျားနေတယ်။ အပူချိန် ၁၀၇ ရှိတယ်ဆိုပြီး ရောက်လာတယ်။ ဒါပေမဲ့ အသက်မပါတော့ဘူး။ ကျန် ၃ ဦးကတော့ ဘုရားကြီးနဲ့ ဝေါမြို့နယ်ကပါ။ ၃၅ နှစ်နဲ့ ၅၀ အတွင်း အမျိုးသားတွေပါ။ ကျန် ၂ ဦးကတော့ ဆေးကုသမှုခံယူနေဆဲဖြစ်ပါတယ်"ဟု ဆေးရုံအုပ်ကြီးဒေါက်တာရန်နိုင်အောင်က ပြောသည်။

လက်ရှိကာလတွင် အပူချိန်မြင့်မားခြင်းကြောင့် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန အပူရှိန်ကာကွယ်ရေးနှိုးဆော်ချက်များကို တိုင်းနှင့်ပြည်နယ်အလိုက် ထုတ်ပြန်ပေးလျက်ရှိပြီး အရေပြားခြောက်သွေ့ခြင်း၊ ချွေးထွက်လွန်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ ခန္ဓာကိုယ်အပူလွန်ကဲခြင်းများသည် အပူကြောင့်ဖြစ်သည့် လက္ခဏာများဖြစ်ကြောင်း သိရသည်။ ထိုလက္ခဏာများဖြစ်ပေါ်လာပါက အရိပ်ရှိသည့် အေးသောနေရာ သို့မဟုတ် ပန်ကာ၊ လေအေးပေးစက်ရှိသည့်အခန်းသို့ အမြန်ဆုံးခေါ်ဆောင်ရမည်ဖြစ်သလို နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်ကြောင့်ရောက်ရှိလာသည့် လူနာများအတွက် သီးသန့်ကုသရေးအခန်းကိုပြင်ဆင်ထားပြီး အကောင်းဆုံးဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။

***မိုးမြင့်လွင်***

# ရန်ကုန်ရှိ ဆေးရုံကြီး ၄ ခုတွင် ခွေးကိုက်ခံရသူများအတွက် သီးသန့်ကုသရေးဌာနများ ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီး ၄ ခုတွင် ခွေးကိုက်ခံရသည့် လူနာများအား ကုသရေးဌာန (Dog Bite Center)များကို မေလမကုန်ခင် စတင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ခွေးကိုက်ခံရသည့်လူနာများကို ပိုမိုစနစ်ကျစွာဖြင့် ဆေးအလေအလွင့်နည်းပါးစွာ ကုသမှုပေးနိုင်ရန် Dog Bite Center များကို ရန်ကုန်ဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် အင်းစိန်ဆေးရုံကြီးတို့တွင် ဖွင့်လှစ်နိုင်ရန် စတင်လုပ်ဆောင်လျက်ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က News Watch သို့ ပြောသည်။

"လောလောဆယ် ရန်ကုန်မြို့ ဆေးရုံကြီးတွေမှာ ခွေးကိုက်ခံရလို့ ခွေးရူးပြန်ကာကွယ်ဆေး လာရောက်ထိုးနှံကြတဲ့ လူနာအနေအထားရယ်။ ဆက်သွယ်ရေးအရ အဆင်ပြေမယ့်နေရာတွေကို ရည်ရွယ်ပြီး ၄ နေရာလောက်ဖွင့်ဖို့ လျာထားပါတယ်"ဟု ၎င်းက ပြောသည်။

ခွေးကိုက်ခံရသည့် လူနာများအား ကုသရေးဌာန (Dog Bite Center) များကို ဆေးရုံကြီးများတွင် ခွေးကိုက်ခံရသည့် လူနာများ လွယ်လွယ်ကူကူ ဆက်သွယ်ဆောင်ရွက်နိုင်ရန် နေရာသီးသန့်လုပ်ဆောင်နေပြီး ဝန်ထမ်းများကို စနစ်တကျတာဝန်ချထားနိုင်ရန် စတင်ဆောင်ရွက်နေပြီဟု ၎င်းက ဆိုသည်။

"Dog Bite Center တွေ ဖွင့်လှစ်ဖို့ ဘတ်ဂျက်သုံးစွဲမှုက ကျွန်တော်ပြောရတာတော့ နည်းနည်းခက်ပါတယ်။ လက်ရှိလည်း ဒီလုပ်ငန်းတွေ ဆောင်ရွက်နေတယ်။ ဒါကိုပဲ ကျွန်တော်တို့က အထူးအနေနဲ့ သီးသန့်လေးစီစဉ်ပြီးတော့ လုပ်ဆောင်တာပါ။ လက်ရှိက ဆေးကိုအသားထဲထိုးသလို အဓိက အရေပြားထဲထိုးနိုင်အောင်လုပ်နေတယ်။ ဒါကို ပိုပိုပြင်ပြင်ဖြစ်သွားအောင် နေရာသီးသန့်လုပ်ပြီး စီစဉ်တဲ့သဘောပါ။ ဆိုလိုချင်တာတော့ ဆေးရုံမှာရှိတဲ့ လက်ရှိဆောင်ရွက်တဲ့နေရာတွေနဲ့ ဆောင်ရွက်တဲ့ တချို့ပစ္စည်းတွေ လူအင်အားကို သီးသန့်ခွဲပြီးတော့ပဲ ဆောင်ရွက်ခိုင်းတာပါ"ဟု ဒေါက်တာထွန်းတင်က ပြောသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခွေးရူးပြန်ကာကွယ်ဆေးထားသိုရန် ရေခဲသေတ္တာများနှင့် ကုသမှုပြုလုပ်သည့် ဆေးပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘတ်ဂျက်ထဲမှ ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

Dog Bite Center များ ဖွင့်လှစ်ပြီးပါက ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ကြွက်သားထဲသို့ ထိုးနှံခြင်း (intra-muscular)အစား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့်အကျိုး ထိရောက်မှုတန်းတူဖြစ်ပြီး ဆေးဝါးကုန်ကျမှု ထက်ဝက်သက်သာသော အရေပြားထဲသို့ ထိုးနှံခြင်း(intradermal)ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခွေးကိုက်ခံရသူအရေအတွက် တစထက်တစ များပြားလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှရရှိထားသည့် စာရင်းဇယားများအရ ၂၀၁၈ ခုနှစ်အတွင်း ခွေးကိုက်ခံရသူ ၁၉၀,၀၀၀ ကျော်ရှိကာ ဝန်ကြီးဌာနမှ နှစ်အလိုက် ခွေးရူးပြန်ရောဂါကာကွယ်ဆေး (anti rabies vaccine)နှင့် ခွေးရူးပြန်ရောဂါကုသမှု ပဋိပစ္စည်း(rabies immunoglobulin)များအား ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၅ ဒသမ ၄ ဘီလီယံခန့်သုံးစွဲဝယ်ယူခဲ့ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

Dog Bite Center များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက မန္တလေးတိုင်းဒေသကြီး၌ပါ ၂၀၁၉ ခုနှစ် မေလတွင် စတင်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပြီး အခြားလိုအပ်သည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်လည်း ထပ်မံ၍ ဖွင့်လှစ်နိုင်ရန် လုပ်ဆောင်သွားမည်ဟု ဒေါက်တာထွန်းတင်က ဆက်လက်ပြောသည်။

***ကျော်သူ***





လွတ်ငြိမ်းသက်သာခွင့်အမိန့်နှင့် ပြန်လည်လွတ်မြောက်လာသူများအား အင်းစိန်ဗဟိုအကျဉ်းထောင်ဂိတ်ဝသို့ သယ်ဆောင်လာစဉ်။

# ထောင်စကား

မောင်မှန်

**ထောင်စည်းကမ်းနဲ့အညီ နေထိုင်စားသောက်သူများဆိုတဲ့ စံနှုန်းကတော့ အကျဉ်းဦးစီးလက်ခုပ်ထဲက ရေပါပဲ။ သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးတာမှန်ပေမဲ့ ဘယ်အကျဉ်းသားက စည်းကမ်းလိုက်နာတယ်၊ အနေအထိုင်ကောင်းတယ်၊ အလုပ်ကောင်းကောင်းမွန်မွန် လုပ်တယ်ဆိုတာတွေကျ ကိုယ်တိုင်လာကြည့်လို့ရတာ မဟုတ်ဘူးလေ။ ထောင်ပိုင်မင်းများ၊ ထောင်အရာရှိများ၊ ထောင်ဝါဒါများကသာ သိနိုင်တာလေ . . .**

မြန်မာ နှစ်ဆန်းတရက်နေ့မှာ နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထွက်လာပါတယ်။ ဒီအမိန့်ထွက်လာပြီးတဲ့နောက်ပိုင်းမယ် အကျဉ်းထောင်လောကမယ် အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားတာ မောင်မှန် သတိထားမိပါတယ်။ ပထမတခုက ထောင်အချို့မှာ သမ္မတပေးတဲ့ လွတ်ငြိမ်းချမ်းသာဟာ တရားမျှတမှုမရှိလို့ဆိုပြီး ဆန္ဒပြမှုတွေလုပ်ကြတယ်။ နောက်လှုပ်ရှားသွားတာ တခုက အကျဉ်းဦးစီးဌာနရဲ့ ဓာတ်ပြားဟောင်း ပြန်ဖွင့်ပြတာပါ။ ထောင်တွေမှာ နိုင်ငံရေးအကျဉ်းသား လုံးဝမရှိလို့ ကြေညာချက် ထုတ်လိုက်တာပါခင်ဗျာ။

ပထမတခုအကြောင်း ဆွေးနွေးကြည့်ကြရအောင်ပါ။ နှစ်ဆန်းတရက်နေ့ကပေးတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဟာ သက်ကြီးရွယ်အိုများ၊ အသက်ငယ်သူများ၊ ထောင်စည်းကမ်းနဲ့အညီ နေထိုင်စားသောက်သူများနဲ့ မူးယစ်ဆေးဝါးအမှုများကို ဦးစားပေးလွှတ်တာလို့ နိုင်ငံတော်သမ္မတရုံးက ဆိုပါတယ်။ (မူးယစ်ဆေးဝါးဥပဒေမပြင်ခင်က အကျဉ်းကျနေသူတွေကိုလည်း ဦးစားပေးပါသတဲ့။) ထောင်စကား၊ ဗန်းစကားအနေနဲ့ ပြောရရင်တော့ (ဘစ)တွေကို ဦးစားပေးလွှတ်တယ်ပေါ့လေ။

ဒီမှာတင် မလွတ်တဲ့ အကျဉ်းသားတွေက မကျေနပ်ကြဘဲ မမျှတဘူးဆိုပြီး ဆန္ဒပြတာတွေလုပ်လာကြတယ်။ ထောင်ထဲဆန္ဒပြတယ်ဆိုတာ လွယ်လှတဲ့ကိစ္စမဟုတ်ဘူး။ အပြင်မှာလို ငြိမ်းစုစီပုဒ်မ ဘာညာလောက်နဲ့ ထောင်တလ၊ ဒဏ်ငွေငါးသောင်းဆိုပြီး ဇာတ်သိမ်းသွားမှာ မဟုတ်ဘူး။ မောင်မှန့်ဘကြီးနိုင်ငံရေးအကျဉ်းသားဟောင်း ထောင်ချိုး(ဂျိုး)ကြီးက မောင်မှန်ကို ထောင်အကြောင်း ဗဟုသုတတွေအများကြီး ပြောပြထားဖူးတယ်။ မောင်မှန်လည်း အများကြီး မှတ်သားထားခဲ့ဖူးတယ်။ ခုတော့ အသုံးတည့်ပြီပေါ့။

ထောင်ထဲမှာ ကိုယ့်ကိစ္စပဲ ကိုယ်ပြောရတယ်။ သူများကိစ္စ မပြောရဘူး။ ကျွန်တော်ပဲရှိတယ်။ ကျွန်တော်တို့မရှိဘူး။ ကျွန်တော်ထမင်းမဝဘူး။ ကျွန်တော် ရေဝအောင်မချိုးရဘူး။ ပြောဆိုတင်ပြလို့ရတယ်။ အာဏာပိုင်ဖက်က လိုက်လျောတာ၊ မလိုက်လျောတာ တပိုင်းပဲ။ ပြောလို့ရတယ်၊ ပြောခွင့်ရှိတယ်။ အဲ ကျွန်တော်တို့တော့ လုပ်မလာနဲ့၊ ကိုယ့်ဘက်က ဘယ်လောက်မှန်နေတဲ့ အမှန်တရားကြီးဖြစ်နေပလေ့စေ။ ကျွန်တော်တို့မှာတင် ကိစ္စပြတ်နေပြီ၊ မှားသွားပြီ။ ဒါနဲ့တင် အရေးယူလို့ရသွားပြီ။ ဘာလဲ ကျွန်တော်တို့လို့ပြောရအောင် မင်းက အများကိုခေါင်းဆောင်ပြီး တောင်းဆိုနေတာလား၊ ဘာလားနဲ့ ဖြဲပြီး ထောင်အာဏာပိုင်က အပေါ်စီးရသွားပြီ။ သူတို့ချဲ့ရင်ချဲ့သလောက် အမှုကကြီးပြီ။ တိုက်ပိတ်လို့ရတယ်။ ဒေါက်ခြေကျင်းခတ်လို့ရတယ်။ အရိုက်အနှက်ခံရနိုင်တယ်။

အဲဒီလိုနေရာမှာ ဆန္ဒထပ်ပြတယ်ဆိုတာ တော်ရုံခံစားမှုမဟုတ်ဘူး။ တော်ရုံစွန့်စားမှုမဟုတ်ဘူး။ အခန့်မသင့်ရင် အရိုက်ခံရ၊ သေနတ်နဲ့အပစ်ခံရမယ့်အပြင် နောက်ထပ် ထောင်ပါထပ်ကျသွားနိုင်ပါတယ်။ တော်တော့ကို တော်တော်မှ လုပ်ကြတာဖြစ်ပါလိမ့်မယ်။ လွတ်ငြိမ်းချမ်းသာပေးတဲ့ စံနှုန်းတွေကိုကြည့်ရင် အကြမ်းဖျင်းအားဖြင့် အသက်ကြီးလွန်းသူ၊ ငယ်လွန်းသူများဆိုရာမှာ အတိအကျပြဌာန်းထားတာ (ဥပမာ– အသက် ၇၀ နှင့် အထက်၊ ၁၆ နှစ်အောက် စသဖြင့်) မတွေ့ရဘူး။ အများပြည်သူကိုမကြေညာထားဘူး။ အကျဉ်းစီးဦးက သူတို့ဘာသာ သတ်မှတ်ပြီးလွှတ်တယ်ဆိုရင်တော့ မောင်မှန်တို့ သိခွင့်မရှိတာပေါ့။

ထောင်စည်းကမ်းနဲ့အညီ နေထိုင်စားသောက်သူများဆိုတဲ့ စံနှုန်းကတော့ အကျဉ်းဦးစီးလက်ခုပ်ထဲက ရေပါပဲ။ သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးတာမှန်ပေမဲ့ ဘယ်အကျဉ်းသားက စည်းကမ်းလိုက်နာတယ်၊ အနေအထိုင်ကောင်းတယ်၊ အလုပ်ကောင်းကောင်းမွန်မွန်လုပ်တယ်ဆိုတာတွေကျ ကိုယ်တိုင်လာကြည့်လို့ရတာ မဟုတ်ဘူးလေ။ ထောင်ပိုင်မင်းများ၊ ထောင်အရာရှိများ၊ ထောင်ဝါဒါများကသာ သိနိုင်တာလေ။ မောင်ဘဟာ စံပြအကျဉ်းသားပါဆိုတာကို အောက်ကတင်ပြမှ အပေါ်ကသိရမှာ။

စည်းကမ်းကောင်း၊ အနေအထိုင်ကောင်း၊ အလုပ်ကောင်း စတဲ့ အားလုံးကောင်းပါသည်ခင်ဗျား ဖြစ်ဖို့ရာ အားလုံးကောင်းပါသည် ဇယားကလည်း ရှိပါတယ်။ ထောင်မှာ ဆုမှတ်ရက်ဆိုတဲ့ လျှော့ရက်ပေးတဲ့ကိစ္စဟာ အရင်ကတည်းက ရှိပါတယ်။ စည်းကမ်းကောင်း ဘာကောင်း၊ ညာကောင်း အားလုံးကောင်းတဲ့ အကျဉ်းသားကို(က)အဆင့်ဆုမှတ်ရက် ပေးပါတယ်။ A ကွာလို့လည်း ခေါ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ပြစ်ဒဏ်ရဲ့ သုံးပုံတပုံ သက်သာခွင့်ရပါတယ်။ (ထောင်သုံးနှစ်ကျရင် တနှစ်လျှော့ရက်ရပြီး နှစ်နှစ်ပဲနေရမှာပါ) စည်းကမ်းအလယ်အလတ်ကောင်း၊ ဘာညာတဝက်ပဲကောင်းတဲ့သူတွေကျ (ခ)ဆုမှတ်ရက်ရပါတယ်။ B ကွာပေါ့။ လေးပုံတပုံ လျှော့ရက်ပါ။ (လေးနှစ်ကျရင် သုံးနှစ်ပဲနေရမယ့်သဘောပါ) နောက်ဆုံး စည်းကမ်းမကောင်း၊ ဘာမကောင်း၊ ညာမကောင်းတွေ၊ ထောင်တွင်းဆေးရုံမှာနေရသူတွေ၊ ထောင်တွင်းအလုပ် ဘာမှမလုပ်ရသူတွေကတော့ (ဂ)ဆုမှတ်ရက်ပါ။ အင်္ဂလိပ်လို C ကွာပေါ့။ နည်းနည်းပဲ လျှော့ရက်ရတာပါ။ အချိုးနဲ့တွက်ဖို့တောင် ခက်ပါတယ်။

ဒါတွေက အင်္ဂလိပ်တွေပြဌာန်းသွားတာတွေပေါ့။ တော်တော်စနစ်ကျပါတယ်။ ဒီဘက်ခေတ်ရောက်တဲ့အခါမှာတော့ A ကွာ၊ B ကွာ၊ C ကွာ စတာတွေအပြင် နောက်တမျိုးထပ်တိုးလာပါတယ်၊ အဲဒါကတော့ ရေကွာ (ငွေကွာ)ပါ။ စည်းကမ်းလုံးဝမလိုက်နာတဲ့ အားလုံးဆိုးပါသည်ခင်ဗျားဆိုတဲ့ အကျဉ်းသားငနဲကလည်း

စာ (၁၆) သို့



www.free4readers.com



# မီးလျှံကြားမှ နော်ထရေဒမ်

စုးစုး (ကောလင်း)

ဧပြီလ ၁၅ ရက်နေ့။ ပင်းနစ်မြို့မှ မီလန်မြို့သို့ ကားကြီးစီးလာနေစဉ်တွင် မိမိဘေးတွင်ထိုင်နေသည့် ချာတိတ်မလေးမှ–

"အစ်မ အစ်မ... ပါရီက နော်ထရေဒမ်ဘုရားကျောင်းကြီး မီးလောင်နေပြီ။ အင်တာနက်မှာ ပုံတွေတက်လာတယ်"

မိမိက အေးအေးဆေးဆေးပင်

"ဒါမျိုးသတင်းတွေက အတုတွေများတယ်။ ဟုတ်မှာ မဟုတ်ပါဘူး"

သို့သော် မကြာမီပင် သတင်းကအတုမဟုတ်ဘဲ အစစ်အမှန် ဖြစ်မှန်းသိလာရသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘုရားကျောင်းမဟုတ်သော်လည်း ဟုတ်သကဲ့သို့ ရင်ထဲအတော့်ကို ထိခိုက်ဗလောင်ဆူသွားမိသည်မှာ အမှန်ပင်။ နော်ထရေဒမ်သည် ပြင်သစ်တို့အတွက်သာ အရေးကြီးသည်မဟုတ်၊ တကမ္ဘာလုံးအတွက် အရေးကြီးလှသော အမွေအနှစ်ကြီးဖြစ်သောကြောင့် ဖြစ်သည်။

နော်ထရေဒမ်သည် ပြင်သစ်တို့အတွက် နှလုံးသည်းပွတ်ဖြစ်၏။ အီတလီရှိ ဗာတီကန်နန်းတော်မှ စိန့်ပီတာဘုရားကျောင်းကြီး၊ အင်္ဂလန်နိုင်ငံ လန်ဒန်ရှိ ဝက်စ်မင်စတာဘုရားကျောင်း၊ မြန်မာပြည်ရှိ ရွှေတိဂုံ



စေတီတော်ကြီးတို့ကဲ့သို့ပင် ဖြစ်သည်။ အသံထွက် အစစ်အမှန်ကား နော်ထရေဒမ် ဖြစ်သည်။ Notre သည် our 'ငါတို့'၊ Dame သည် lady 'အမျိုးသမီး' ဆိုသည့် အဓိပ္ပာယ်ဖြစ်ရာ ခရစ်တော်၏ မိခင်ဖြစ်သည့် သန့်ရှင်းသောအပျိုစင် မယ်တော်မာရီကို ရည်ညွှန်းထားခြင်း ဖြစ်သည်။ မိမိအကြိမ်ကြိမ်ရောက်ဖူးခဲ့သည့် ဘုရားကျောင်းကြီးဖြစ်သည့်အပြင် လွန်စွာထူးခြားလှပသည့် သက်တမ်းနှစ် ၈၀၀ လောက်ရှိသည့်ဘုရားကျောင်းကြီး မီးစွဲနေသည်ကိုမြင်ရသည်မှာ ဆီးရီးယားနိုင်ငံတွင်းရှိ နှစ်သက်တမ်းထောင်ချီရှိနေသည့် ရှေးဟောင်းနေရာ အဆောက်အဦများကို အစွန်းရောက်အိုင်အက်စ်တို့မှ ရက်ရက်စက်စက် ဖျက်ဆီးခဲ့ကြသည်ကိုမြင်သောအခါ တကမ္ဘာလုံးက ယဉ်ကျေးမှုကို တန်ဖိုးထားသူတွေ အသည်းကွဲသလို ခံစားမှုမျိုးပင် ဖြစ်သည်။ ကားပေါ်ပါလာသည့် အန်တီကြီးတယောက်ကတော့

"ငါတို့နိုင်ငံကျတော့ မနေ့တနေ့ကမှ လူဖြစ်တဲ့ ပြင်သစ်သမ္မတ မက်ခရွန်းက လူ့အခွင့်အရေး ဘာဖြစ်ညာဖြစ်နဲ့ ကဲ့ရဲ့ထားတာလေ၊ ဒင်းအခုတော့ ဝဋ်လည်ပြီ"ဟုထပြောရာ ရယ်ရသေးသည်။

နော်ထရေဒမ်အကြောင်းကိုပြောလျှင် ပြင်သစ်၏ နာမည်အကြီးဆုံးစာရေးဆရာကြီးဖြစ်သော ဗစ်တာဟူဂိုးကိုချန်လှပ်ထားလို့မရ။ ဗစ်တာဟူဂိုးကြောင့်ပင် နော်ထရေဒမ်သည် ကမ္ဘာအရပ်ရပ်ရှိ လူများအကြား ပို၍နာမည်ကြီးခဲ့ရသည်။ 'The Hunchback of Notre Dame' ဆိုပြီး အသံတိတ်ရုပ်ရှင်ခေတ်၊ အဖြူအမည်းခေတ်မှသည် ကမ္ဘာကျော်ဟောလီးဝုဒ်မင်းသားကြီး အန်ထော်နီကွင်းတို့ခေတ်အထိ ရုပ်ရှင်အဖြစ် အကြိမ်ကြိမ် အသက်သွင်းခံခဲ့ရသလို ဝေါ့ဒစ္စနေးကာတွန်းရုပ်ရှင်အပါအဝင် အခြားသောကာတွန်းရုပ်ရှင်တွေအဖြစ်လည်း ရိုက်ကူးတင်ဆက်ပြသခဲ့ကြပြီး ဖြစ်သည်။ ဟိုတုန်းကလူကြီးသူမများ ပြောသံကြားဖူးသည်။

> ထိုသတင်းတွေမြင်ပြီး မိမိတို့ဆီက
> ရှားပါးဖြစ်နေပြီဖြစ်သည့် မန္တလေးတောင်ခြေက
> ရွှေနန်းတော်ကျောင်းကြီးအပါအဝင် တခြားတခြားသော
> သစ်သားရှေးဟောင်း ကျောင်းကြီးတွေကို
> မြင်ယောင်လာသည်။ လောင်ပြီဟေ့ဆိုလျှင်
> ကျောက်သားတွေနှင့်ဆောက်ထားသည့်
> နော်ထရေဒမ်ပင် အများကြီးပျက်စီးသွားသေးလျှင်
> ရေနံ့ဝနေသည့် သစ်သားတွေဖြင့် ဆောက်ထားသည့်
> မိမိတို့အမွေအနှစ်တို့မှာလည်း . . .

"အမလေးဟယ် ကောင်းလိုက်တာ။ ဒီလောက်ချောတဲ့ ခန့်တဲ့မင်းသားကြီးက ကျောမှာဘုကြီးနဲ့ ခါးကုန်းရုပ်ဆိုးကြီးလိုလုပ်ပြီး သရုပ်ဆောင်တာများ မှတ်တောင်မမှတ်ဘူးဟယ်"

ဒါတင်ပဲလား။ မဟုတ်ပါ။ အော်ပရာအဖြစ်လည်း ကမ္ဘာ့နေရာအနှံ့တွင် တင်ဆက်ပြသကြသေးသည်။ အော်ပရာအဖြစ်ကပြရာဝယ် ရိုးရိုးစကားပြော၍ သရုပ်ဆောင်ခြင်းမဟုတ်ဘဲ မကြာမတင်နှစ်က အော်စကာတွေ့ရသွားသည့် La La Land ရုပ်ရှင်ဇာတ်ကားကြီးလို မြူးဇစ်ကယ်အမျိုးအစားအော်ပရာဖြစ်သည်။ မိမိက ကံကောင်းစွာဖြင့် ထိုအော်ပရာကို မျက်ဝါးထင်ထင် ကြည့်ဖူးခဲ့သည်။ အီတလီနိုင်ငံ ပင်လယ်ကမ်းခြေဘေးရှိ သာယာလှပသည့်မြို့တမြို့တွင် ဖြစ်သည်။ ထိုမြို့သည် နာမည်ကြီးပြဇာတ်ရေး ဆရာ၊ စာရေးဆရာကြီး Puccini ၏မြို့ဖြစ်သောကြောင့် နှစ်စဉ် နာမည်ကြီးပြဇာတ်များ လာရောက်တင်ဆက်ကြရသည့်မြို့လည်း ဖြစ်သည်။ အလုံပိတ်မဟုတ်ဘဲ လဟာပြင်ခမ်းနားလှသည့်ဇာတ်ရုံကြီးဖြစ်ရာ ရောမမြို့ရှိ ကိုလိုဆေယမ်ဟုခေါ်သော ဖျော်ဖြေရေးကွင်းကြီးနှင့် ရိုမီယို ဂျူးလိယက်တို့၏မြို့ဖြစ်သော Verona မြို့တို့ရှိ အမိုးပွင့်ပြဇာတ်ရုံကြီးများကိုပင်သွား၍ အမှတ်ရမိသေးသည်။

ဇာတ်လမ်းကား ယခုမီးလောင်ခြင်းခံလိုက်ရသည့် ဘုရားကျောင်းကြီးကိုအခြေခံကာ ၁၅ ရာစုကုန်ခါနီးက အဖြစ်အပျက်တို့ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ မွေးကတည်းက ပုံစံပျက်ဖြင့် မွေးဖွားလာသည့် ကလေးလေးကို မိခင်ဖြစ်သူမှ နော်ထရေဒမ်ဘုရားကျောင်းဝတွင် စွန့်ပစ်ထားခဲ့သောကြောင့် ဂိုဏ်းထောက်ဘုန်းတော်ကြီးမှ ကောက်ယူမွေးစားထားခဲ့သည်။ ကျောမှာဘုကြီးပါသည့်အပြင် ရုပ်မှာလည်း ဆိုးရွားလွန်းလှသောကြောင့် လူတကာပြက်ရယ်ပြုခံရကာ အပေါင်းအသင်းလည်း မရှိ။ သူ့ပုံမှန်လုပ်ရသည်ကတော့ ဘုရားကျောင်းခေါင်းလောင်းမှန်မှန်ထိုးရခြင်းပင်။

ဘုရားကျောင်းနားမှာ ကျင်လည်ကျက်စားနေကြသည့် ဂျစ်ပစီတွေကလည်းရှိသည်။ ထိုအထဲမှ လွန်စွာအဆိုအကကောင်း၍ လှပသောကောင်မလေး အက်စ်မေရာလ်ဒါ (မြ ဟု အဓိပ္ပာယ်ရသည်) ကို ဂိုဏ်းထောက်ဘုန်းတော်ကြီးက တဖက်သတ်စိတ်ဝင်စားနေသည်။ သို့သော် မယ်မြက ပြန်၍စိတ်ဝင်စားချစ်မိသူက ဘုရင့်လေးသည်တော် စစ်ဗိုလ်ဖြစ်နေရာ ဘုန်းကြီးမှာ မနာလိုစိတ်တွေ တဖွားဖွားဝင်လာပြီး အကောက်ကြံရန်ချောင်းနေသည်။ မယ်မြခမျာ ချစ်မိသူစစ်ဗိုလ်က သူ့အားအပျော်ကြံသူ ဖြစ်နေသည်ကို မသိရှာ။ ခါးကုန်းကြီးကတော့ သူ့အား ကြင်ကြင်နာနာဆက်ဆံဖူးသည့် မယ်မြကို နတ်သမီးအလား ထင်မှတ်နေပြန်သည်။

တိုတိုချုပ်ပြောရလျှင် ဘုန်းကြီးက စစ်ဗိုလ်ကို ဓားနှင့်ထိုးကာ မယ်မြထိုးပါသည်ဟု ယိုးစွပ်ပြီး အမှုဆင်သည်။ သူ့ကိုအတင်းအကျပ်လက်ခံခိုင်းရာ မယ်မြက လက်မခံ။ နောက်ဆုံးတရားရုံးမှကြိုးပေးအသတ်ခံဖို့ အမိန့်ချလိုက်တော့သည်။ ခါးကုန်းကြီးမှ ကောင်မလေးအားကယ်ရန် ကြိုးစားသော်လည်း အသက်မမီရှာတော့ပေ။ ဘုန်းကြီးယုတ်မာမှုတွေကိုမြင်ပြီး ခါးကုန်းကြီးက သူ့အား ဘုရားကျောင်းပေါ်မှပစ်ချ အဆုံးစီရင်လိုက်လေတော့သည်။

ကပြသည့်မင်းသမီးလေးမှာ နာမည်နှင့်လိုက်အောင် တချိန်လုံးမြစိမ်းရောင်ဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။ ပြဇာတ်ကပြသူအားလုံးတို့သည် ထိတ်ထိတ်ကြဲ အနုပညာရှင်များဖြစ်သောကြောင့် ဇာတ်လမ်းကို ခရေစေ့တွင်းကျနားမလည်သည့်တိုင် သီဆိုကပြမှုတို့ကြောင့် အသက်ရှူရန်မေ့နေလောက်အောင်ပင် ကြည့်၍ကောင်းလှသည်။ ပါဝင်ကပြသည့်ယောက်ျားမိန်းမအကုန်မှာ သေချာစွာတည်ဆောက်လေ့ကျင့်ထားသည့် ကြွခိုင်သန်စွမ်းသည့် ကိုယ်ခန္ဓာများလည်း ပိုင်ဆိုင်ထားကြ၏။ ပြဇာတ်စာသားများကိုလည်း အီတလီရှိ တေးရေးဆရာကြီး Riccardo Cocciante ရေးသားထားပြီး ပြင်သစ်နှင့်အင်္ဂလန်မှ ဂီတပညာရှင်ကြီးနှစ်ယောက်က သံစဉ်ထည့်သွင်းပေးထားသည်။

စာ (၂၅) သို့

# Slumdog Millionaire နဲ့ နာမည်ကြီးလာခဲ့သော ဖရီဒါပင်တိုရဲ့ ဘဝမှန်ကူကွက်



ဖရီဒါပင်တိုသည် အမေရိကန်ဗြိတိသျှရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်သော အိန္ဒိယနွယ်ဖွားသရုပ်ဆောင်တဦးဖြစ်ပါသည်။ သူမကို ဖေဖော်ဝါရီ ၁၈ ရက် ၁၉၈၄ခုနှစ် မွမ်ဘိုင်းတွင် မွေးဖွားခဲ့သည်။ ကောလိပ်တက်ရောက်စဉ်မှာပင် သူမသည် အပျော်တမ်းသရုပ်ဆောင်အဖြစ်ပြဇာတ်များတွင် ပါဝင်သရုပ်ဆောင်ခဲ့ပါသည်။ သူမသည် အင်္ဂလိပ်စာအဓိကဖြင့်ဘွဲ့ရပြီးနောက်မှာတော့ မော်ဒယ်နှင့်ခရီးသွား အစီအစဉ်များတွင် အစီအစဉ်တင်ဆက်သူအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ သူမ ပထမဦးဆုံးပါဝင်သရုပ်ဆောင်ခဲ့သည် Slumdog Millionaire (၂၀၀၈) ဇာတ်ကားဖြင့် BAFTA ဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုအတွက် ဆန်ခါတင်စာရင်းသွင်းခြင်းခံရပါသည်။ MTV ဆုပေးပွဲတွင် အကောင်းဆုံး သရုပ်ဆောင်သစ်ဆုတွေအပြင် ဆယ်ကျော်သက်တွေ ရွေးချယ်ခဲ့တဲ့ဆုကိုလည်း ရရှိခဲ့ပါသည်။ Palm Springs နိုင်ငံတကာဆုပေးပွဲတွင် အကောင်းဆုံး သရုပ်ဆောင်သစ်ဆုကို ရရှိခဲ့ပါသည်။ သူမသည် ကတ်သလစ်ဘာသာဝင်တဦးဖြစ်ပြီး မိခင်ဖြစ်သူသည် စိန့်ဂျွန်တက္ကသိုလ်ရဲ့ ကျောင်းအုပ်ဖြစ်ပြီး ဖခင်ဖြစ်သူကတော့ ဘာရိတာ ဘဏ်ရဲ့မန်နေဂျာတဦးဖြစ်ပါသည်။ အစ်မဖြစ်သူကတော့ NDTV တွင် အလုပ်လုပ်ကိုင်ပါသည်။ သူမသည် ငယ်စဉ်ကတည်းက တီဗီမှထုတ်လွှင့်သော သရုပ်ဆောင်တွေရဲ့အက်တင်တွေ၊ ဝတ်စားဆင်ယင်မှုတွေကို အတုခိုးလေ့ကျင့်ခဲ့ပါသည်။ သူမသည် ၅ နှစ်အရွယ် ကတည်းက သရုပ်ဆောင်ရန်ရူးသွပ်ပြီး တီဗီထဲက သရုပ်ဆောင်တွေကို တုပ သရုပ်ဆောင်ခဲ့ပါသည်။ သူမဘွဲ့ရပြီးနောက် သူမသည် သရုပ်ဆောင်ဘဝကို ဝင်ရောက်ခဲ့ပါသည်။ Slumdog millionaire ကိုရိုက်ကူးမည့် သရုပ်ဆောင်ရွေးပွဲတွင် သူမသည် တခြားမော်ဒယ်ခြောက်ဦးနဲ့အတူ ဝင်ပြိုင်ခဲ့ရပါသည်။ Danny Boyle မှာ ခြောက်လကြာလေ့ကျင့်ပြီး နောက်မှာတော့ သူမသည် လာတီကာဇာတ်ကောင်အတွက် ရွေးချယ်ခံခဲ့ရပါသည်။ အဓိကဇာတ်ကောင်ဂျာမာကို နှစ်သက်နေသူ ဇာတ်ကောင် ဖြစ်ပါသည်။ သူမသည် ဇာတ်ကားအတွက် မွမ်ဘိုင်းတွင် ဖွင့်လှစ်ထားသည့် Barry Jhon စတူဒီယိုတွင် သရုပ်ဆောင်သင်တန်းကို တက်ရောက်ခဲ့ရပါသည်။သင်တန်းတွင် သူမကို အက်တင်နဲ့ပတ်သက်တဲ့ အဓိကအချက်တွေကို သင်ကြားပို့ချပေးခဲ့ပါသည်။ "လက်တွေ့မှာတော့ သင်တန်းက ပို့ချထားတွေနဲ့မတူပါဘူး" လို့ သူမက သူမအဲ့တွေ့အကြုံတွေကို ပြောပြခဲ့ပါသည်။ "ကျွန်မအတွက်တော့ Danny Boyle မှာ သရုပ်ဆောင်တာနဲ့ပတ်သက်ပြီး လေ့ကျင့်ခဲ့တာက အကြိုက်ဆုံးပဲ" ဟုလည်း ဆိုသည်။

၂၀၀၉ တွင် Slumdog millionaire ဇာတ်ကားတွင်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သော မင်းသား Dev Patel နှင့် တွဲခဲ့ပါသည်။ ခြောက်နှစ်ကြာပြီးနောက် ၂၀၁၄ ဒီဇင်ဘာမှာတော့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို အဆုံးသတ်ခဲ့ပါသည်။သူမသည် မွမ်ဘိုင်း၊ လန်ဒန်၊ လော့အိန်ဂျလိတို့တွင် လှည့်လည်နေထိုင်ခဲ့ရပါသည်။ သူမကို USA today မှမေးမြန်းတဲ့အခါမှာတော့ သူမ လောလောဆယ်မှာတော့ လော့အိန်ဂျလိတွင် နေထိုင်နေတယ်လို့ ဖြေကြားခဲ့ပါသည်။

T.T.O





www.free4readers.com

# တယောက်ဆို တယောက်တည်းပဲ ချစ်တတ်တယ်ဆိုတဲ့ နန်းခင်ဇေယျာ ရဲ့ အချစ်ရေးက အေးဆေးပဲတဲ့

၂၀၁၂ ခုနှစ်က ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် ကျင်းပခဲ့သော Miss International 2012 ပြိုင်ပွဲမှ အစပြုလို့ တိုးရစ်ဂိုက်တဦးအဖြစ်မှ အနုပညာလောကအတွင်း အခက်အခဲပေါင်းများစွာနဲ့ ခြေလှမ်းခွင့်ရလာခဲ့သူ နန်းခင်ဇေယျာက ခန္ဓာကိုယ်ကျစ်လျစ်ချင်လို့ လေ့ကျင့်ခန်းတွေ ပြန်လုပ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

"နန်းခင်တို့ အရင်ကလို ဇာတ်ကားတွေ ဆက်တိုက်မရိုက်ဖြစ်တော့ အားတဲ့အချိန်တွေမှာဆိုရင် လေ့ကျင့်ခန်းတွေကို ပိုလုပ်ဖြစ်လာတယ်။ အချိန်ပိုနေလို့ အစားအသောက်တွေ နင်းကန်စားသောက်ပြီး ပုံပျက်နေတာထက် ကိုယ်တခေါက်ပြန်ပြီး ပေါ်လာတဲ့အချိန်မှာ အရမ်းလှလာတယ်"လို့ အပြောခံရချင်လို့ အစားအသောက်လည်း လျှော့လိုက်တယ်။ အဓိက ခန္ဓာကိုယ်ကို ကျစ်လျစ်အောင် ကစားဖြစ်တာပေါ့နော်။ နန်းခင်အနေနဲ့ကတော့ ကျန်းမာပြီး ကျစ်ကျစ်လျစ်လျစ်နဲ့ လှပနေတဲ့သူဖြစ်ချင်လို့ ကစားတာပါ"လို့ သူမရဲ့ တကိုယ်ရေအားကစားလုပ်ဖြစ်တဲ့အကြောင်းကို ပြောပါတယ်။

အခုလက်ရှိမှာတော့ Sky Net Paper View မှာပြသမယ့် 'ရေခဲပန်းပုရုပ်' ဆိုတဲ့ ဗီဒီယိုဇာတ်ကားကို လွှမ်းပိုင်၊ အိချောပို ကိုနေနော်တို့နဲ့ ရိုက်ကူးနေတယ်လို့ သိရပါတယ်။

"အခုလက်ရှိမှာ ရွှေသံလွင်ကုမ္ပဏီနဲ့ ကိုဘိုစန်းတို့ရဲ့ Bo Bo Entertain-ment တို့ အတူတူပူးပေါင်းပြီး Sky Net Paper View မှာပြမယ့် 'ရေခဲပန်းပုရုပ်'ဆိုတဲ့ ဗီဒီယိုဇာတ်လမ်းတွဲကို ကိုလွှမ်းပိုင်၊ မအိချောပို၊ ကိုနေနော်တို့နဲ့အတူတူ ရိုက်ကူးနေပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ နန်းခင်က စင်တင်မှာ အလုပ်လုပ်ရင်းဘဝကို ဖြတ်သန်းလာရတဲ့ ကောင်မလေးတယောက်ရဲ့ ကာရိုက်တာနဲ့ သရုပ်ဆောင်ရတယ်။ ပြီးတော့ သူငယ်ချင်းနှစ်ယောက်ကြားမှာ အထင်လွဲကြတယ်ပေါ့။ အပျော်ပုံစံလေးတွေရော၊ ဒရမ်မာပုံစံလေးတွေလည်းပါတယ်ဆိုတော့ ပရိသတ်တွေကြိုက်မယ်လို့ ထင်ပါတယ်။ နန်းခင်တို့ အဲလိုမျိုး ရုပ်သံလိုင်းမှာပြဖို့ ဗီဒီယိုဇာတ်လမ်းတွဲတွေကို ရိုက်ဖြစ်နေတာ အခုဆိုရင် သုံးကားလောက်ရှိနေပါပြီ။ ပရိသတ်တွေနဲ့ အဆက်အသွယ်ပြတ်နေတဲ့အချိန်မှာ ဗီဒီယိုဇာတ်ကားတွေ ပြန်ရိုက်လာနိုင်တာ ဗီဒီယို တခေတ်ဆန်းပြီလို့ပဲ နန်းခင်ထင်ပါတယ်။ အခုဒီဇာတ်လမ်းတွဲမှာဆိုရင်လည်း တခါမှမဆုံဘူးတဲ့ အနုပညာမောင်နှမတွေနဲ့ အလုပ်အတူတူလုပ်ရတာ အရမ်းပဲအဆင်ပြေပါတယ်။

ဒါရိုက်တာကလည်း သေချာသင်ပေးတော့ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်ရတာ အဆင်ပြေတာပေါ့နော်။ကိုယ့်ရဲ့စီနီယာတွေဆီကလည်း ပညာရလိုက်တယ်"တဲ့။ နန်းခင်ရဲ့ လက်ရှိအချစ်ရေးက အေးဆေးပဲလို့ ဆိုပါတယ်။ "နန်းခင်က အချစ်ကြီးတဲ့သူလို့ပြောရမယ်။ တယောက်ဆိုတယောက်ထဲပဲ ချစ်တတ်တယ်။ လက်ရှိအချစ်ရေးကလည်း အေးဆေးပါပဲ"လို့ ပြောပါတယ်။

**ကလျာဆွေ**




# ဝင်ဆာဖြဲတိုက်က လူနာတင်ယာဉ် ဥသြသံကြောင့် တော်ဝင်ရင်သွေး မွေးပြီလားလို့ ပရိသတ်တွေ ရင်ဖိုသွားခဲ့ရသတဲ့

ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနဲ့ ဇနီး မေဂန် မာကယ်တို့နေထိုင်တဲ့ ဝင်ဆာဖြဲတိုက်မှာ ပြီးခဲ့တဲ့ သောကြာနေ့က အရေးပေါ် လူနာတင်ယာဉ်တစီးရဲ့ ဥသြသံကြောင့် တော်ဝင်စုံတွဲကိုချစ်တဲ့ ပရိသတ်တွေက ရင်သွေးလေးတယောက် လူ့လောကထဲ ရောက်လာတာလို့လို့ ရင်တဖိုဖိုဖြစ်ခဲ့ကြရပါတယ်။ ဘာကြောင့်ဆို Sussex မြို့စားဟယ်ရီနဲ့ မြို့စားကတော်တို့ဟာ သူတို့နှစ်ဦးရဲ့ ပထမဆုံးရင်သွေးလေးနဲ့ပတ်သက်လို့ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်အသိပေးသွားမှာ မဟုတ်ကြောင်း မကြာသေးခင်လေးကမှ ပြောဆိုထားခဲ့ပါတယ်။ မထုတ်ပြန်ဘူးလို့ ပြောလေလေ ချစ်ပရိသတ်တွေက ပိုသိချင်လေလေဖြစ်နေတာပါ။ ဒီကြားထဲမှာမှ ဝင်ဆာဖြဲတိုက်က လူနာတင်ယာဉ်ရဲ့အသံက သိချင်စိတ်ကို နှိုးဆွပေးလိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ South Central လူနာတင်ယာဉ် လုပ်ငန်းက တရားဝင်သတင်းထုတ်ပြန်ပြီး ရှင်းလင်းခဲ့ရတဲ့အထိ ဖြစ်သွားခဲ့ပါတယ်။

"South Central လူနာတင်ယာဉ် လုပ်ငန်းအနေဖြင့် Windsor မြို့တွင် နေထိုင်သူအားလုံးအတွက် လုပ်ရိုးလုပ်စဉ်အတိုင်း ပြုစုစောင့်ရှောက်မှုပေးသွားမည်ဖြစ်ပါသည်။ လူနာတင်ယာဉ်များ၏ ပုံမှန်ရွေ့လျားသွားလာမှုအပေါ် မှတ်ချက်တစုံတရာပေးဖို့ မဖြစ်နိုင်ပါချေ။ ထို့အပြင် လူနာများ၏ ပုဂ္ဂလိကသတင်းအချက်အလက် လုံခြုံမှုကိုလည်း အမြဲတစေ လေးစားရမည်ဖြစ်သကဲ့သို့ တော်ဝင်မိသားစုဝင်များနဲ့ သက်ဆိုင်သည့် မိမိတို့၏လုပ်ငန်းပိုင်းဆိုင်ရာကိစ္စများ အပေါ်တွင် မည်သို့သောမှတ်ချက်မျိုးကိုမျှ မပေးနိုင်ပါကြောင်း" South Central Ambulance Service က ထုတ်ပြန်ခဲ့ပါတယ်။ လောလောဆယ် အခြေအနေမှာတော့ တော်ဝင်ရင်သွေးလေးရောက် ရှိလာမယ့်အချိန်ကို ထပ်မံစောင့်ဆိုင်းရဦးမှာပါ။



Sussex မြို့စားနဲ့ မြို့စားကတော်တို့ဟာ မိသားစုကိစ္စကို ထိန်းသိမ်းထားဦးမှာဖြစ်ပြီး ဒီစိတ်လှုပ်ရှားဖွယ်ရာသတင်းကို သင့်တော်တဲ့အချိန်မှ အများပြည်သူနဲ့အတူ မျှဝေမယ်လို့ဆိုထားပါတယ်။ တော်ဝင်မိသားစုရဲ့ထုံးတမ်းမှာတော့ ရင်သွေးရလာရင် ရရချင်း အများပြည်သူနဲ့ ပျော်ရွှင်မှုကို မျှဝေလေ့ရှိပါတယ်။ မေဂန်မာကယ်ရဲ့အရင်က မင်းသားဟယ်ရီရဲ့ မိခင်ဒိုင်ယာနာ၊ မိထွေးကိတ်မစ်ဒယ်တန်တို့ နှစ်ဦးစလုံးဟာ ရင်သွေးရရချင်း စိန့်မယ်ရီဆေးရုံရဲ့ လီဒိုတောင်ပံဝရန်တာကနေ ကလေးကိုပွေ့ချီပြီး ပြည်သူတွေနဲ့ မိတ်ဆက်ပေးခဲ့ကြပါတယ်။

**ဆယ်လီအေမောင်ကြီး** – *Ref;PEOPLE*

# အဆိုပိုင်းကိုပဲ ဦးစားပေးမယ့် ပြုံးမြသွယ်



အသက်ငယ်ငယ်နဲ့ Hip Hop သီချင်းတွေကို ကိုယ်တိုင်ခံစားရေးစပ်တတ်သူ တေးသံရှင်ပြုံးမြသွယ်က Hip Hop ဂီတကိုသာနှစ်သက်ပြီး စာမေးပွဲပြီးတာနဲ့ သူမရဲ့တကိုယ်တော်တေးစီးရီးအတွက် ဆက်လက်လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။

"အခုလက်ရှိကတော့ သမီးက Taunggyi TOTAL Brainworks မှာတက်နေပါတယ်။ Secondary Checkpoint အတွက် စာမေးပွဲဖြေပြီးရင်တော့ သမီးရဲ့တကိုယ်တော်အခွေထွက်ဖို့အတွက် အာရုံစိုက်နေပါတယ်။ သမီးရဲ့တကိုယ်တော်အခွေထဲမှာက Hip Hop နဲ့ Pop Music တွေရယ် တခြားမတူညီတဲ့ ဂီတတွေပါဝင်မှာပါ။ တေးရေးတွေကတော့ ဦးဆောင်းဦးလှိုင်ရယ်၊ ဦးထင်အောင်၊ ကိုကြက်ဖ၊ ကိုသိန်းလင်းစိုးနဲ့ တခြားတေးရေးဆရာတွေအပြင် သမီးကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေလည်းပါမှာပါ။ ဒီနှစ်မကုန်ခင်တော့ ထွက်ဖြစ်မှာပါ"လို့ တေးသံရှင်ပြုံးမြသွယ်က ပြောပါတယ်။

အတွဲအခွေတွေထွက် ရုပ်ရှင်ကားကြီးတွေရိုက်ဖြစ်နေပေမဲ့ ကိုယ်တိုင်က Hip Hop ဂီတထဲမှာပဲ နေပျော်တယ်လို့လည်း ပြောပါသေးတယ်။

"သမီးကိုပရိသတ်တွေက Hello December သီချင်းက စသိခဲ့တာပါ။ အဲဒီကနေပြီး ပြုံးမြသွယ်ဆိုတာ ပရိသတ်က အားပေးလာခဲ့ကြတာပါ။ တကိုယ်တော် အခွေကမထွက်ဖြစ်သေးပေမဲ့ အတွဲအခွေတွေမှာတော့ ဆိုဖြစ်တယ်။ ပြီးတော့ ကိုယ့်သမိုင်းကိုယ်ရေးကြသူများ ၂ ရုပ်ရှင်ကားကြီးရယ်၊ အလီဘာဘာနဲ့ ခိုးသားငါးရာ ဇာတ်ကားတွေရိုက်ထားပါတယ်။ အလီဘာဘာကားကတော့ ဒီနှစ်ထဲမှာ ရုံတင်ဖြစ်မှာပါ။ ရုပ်ရှင်ရိုက်ဖြစ်တယ်ဆိုပေမဲ့ သမီးကတော့ အဆိုပိုင်းကိုပဲလုပ်ဖြစ်ပြီး Hip Hop သီချင်းတွေနဲ့ပဲ ရှိနေဦးမှာပါ"တဲ့။

ပရိသတ်အားပေးမှုများလေ တာဝန်ပိုကြီးလေလို့ ခံစားရတာကြောင့် သူများနဲ့မတူတဲ့ သီချင်းအသစ်တွေကို ဖန်တီးဖြစ်တယ်လို့လည်း ပြောပါတယ်။

"Hip Hop Music ကလည်း စာသားကပိုပြီး အရေးကြီးလို့စာသားရေးတဲ့အခါမှာ သူများထက်တမူထူးခြားအောင်၊ သူများနဲ့မတူအောင် ရေးရတယ်။ ကာရန်ညီအောင် စပ်ရတာမျိုးတွေလည်း ရှိပါတယ်။ အခုကတော့ ခေတ်ပြောင်းလာပြီး Trap ဆိုတဲ့ music trend ကြီးပေါ်လာတဲ့အခါကျတော့ ကာရန်တွေသိပ်မလိုတော့ဘဲ အမျိုးမျိုးပြောင်းပြီးတော့ လုပ်လို့ရလာတယ်။ ပိုကောင်းသွားတာပေါ့။ သမီးအနေနဲ့ ဒီထဲကခွဲထွက်ဖို့ လောလောဆယ်တော့ စိတ်ကူးမရှိသေးပါဘူး"

**အဖြူရောင်**

www.free4readers.com

# မန္တလေးတွင် ခွေးလေခွေးလွင့်များကို ရှင်းလင်းသုတ်သင်သွားမည်ဖြစ်ပြီး ရှင်းလင်းလိုသည့်ရပ်ကွက်များ စည်ပင်သာယာသို့ စာတင်တောင်းဆိုနိုင်

မန္တလေးမြို့တွင် ခွေးလေခွေးလွင့် အလွန်များပြားလာသည့်အတွက် ရှင်းလင်းသုတ်သင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ခွေးလေခွေးလွင့်များရှင်းလင်းရာတွင် ရှင်းလင်းလိုသည့်ရပ်ကွက်များမှ စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနသို့ ဆက်သွယ်၍ တောင်းဆိုနိုင်ပြီး တောင်းဆိုလာသည့် ရပ်ကွက်များကို ဦးစားပေးရှင်းလင်းသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန်ဦးရဲလွင်က ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ရေးသားထားသည်။

ခွေးလေခွေးလွင့်များ အလွန်များပြားလာပြီး တခြားနည်းလမ်းများဖြင့် ထိန်းချုပ်ရန် မလွယ်ကူသည့်အတွက် ရှင်းလင်းသည့် နည်းလမ်းကို အသုံးပြုမည်ဖြစ်ပြီး မည်သည့်နည်းလမ်းဖြင့် ရှင်းလင်းသုတ်သင်သွားမည်ကို မဆုံးဖြတ်ရသေးကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

''ရှင်းလင်းမယ်ဆိုတာတော့ ဆုံးဖြတ်ပြီးပြီပေါ့နော်။ ဘယ်လိုရှင်းလင်းမယ်ဆိုတာတော့ အတိအကျမဆုံးဖြတ်နိုင်သေးဘူး။ ပြည်သူတွေက တောင်းဆိုတယ်ဆိုရင်တော့ တနည်းနည်းနဲ့ လုပ်ရမှာပါ။ ကျွန်တော်တို့အဖွဲ့တက်လာပြီးနောက်ပိုင်း ဘယ်လိုလုပ်ဆောင်မယ်ဆိုတာကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။ သားဆက်ခြားမလား၊ ခွေးဂေဟာပို့မလားဆိုပြီးတော့ တိုင်ပင်ခဲ့ကြပေမဲ့ နှစ်ခုလုံးက အဆင်မပြေဘူး၊ သားဆက်ခြားတာကလည်း စရိတ်အရမ်းကြီးတယ်၊ ဂေဟာကလည်း မဆံ့တော့တဲ့ အနေအထားရောက်နေပြီ'' ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

ယခင်နှစ်များက ခွေးလေခွေးလွင့်များကို ရှင်းလင်းရာတွင် အစာကျွေးအဆိပ်ခတ်သည့် နည်းလမ်းကို အသုံးပြုရှင်းလင်းခဲ့ပြီး လက်ရှိမြို့တော်ဝန်နှင့် ကော်မတီဝင်အသစ်များလက်ထက်တွင် ခွေးလေခွေးလွင့်ရှင်းလင်းမှုကို ၎င်းနည်းလမ်းဖြင့် ရှင်းလင်းသုတ်သင်မှုများ မပြုလုပ်ရသေးကြောင်း ဦးကျော်ဆန်းမြင့်က ပြောသည်။

မန္တလေးမြို့တွင် ခွေးလေခွေးလွင့် အကောင်ရေ တသိန်းဝန်းကျင်ထိရှိကြောင်း မန္တလေးမြို့တော်စည်ပင်က ခန့်မှန်းထားပြီး ၂၀၁၈ ခုနှစ်အတွင်း မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ခွေးကိုက်ခံရသည့် ပြင်ပလူနာ ၅၆၉၀ ဦးနှင့် ၂၀၁၉ ပထမ ၃ လအတွင်း လူနာ ၁၂၂၈ ဦးရှိကြောင်း သိရသည်။

''ခွေးက ပေါက်ဖွားနှုန်းမြန်တယ်။ အရမ်းများလာရင် အန္တရာယ်ရှိတယ်။ သားဆက်ခြားတာတို့၊ ခွေးဂေဟာပို့တာတို့က အရေအတွက်နည်းမှ ထိန်းသိမ်းနိုင်တာ။ ခုကအရေအတွက်အရမ်းများနေတော့ အဲနည်းလမ်းနဲ့မရဘူး။ ရှင်းတဲ့နည်းလမ်းနဲ့ပဲ လုပ်နိုင်တယ်။ ဘယ်လိုရှင်းမလဲဆိုတဲ့ နည်းလမ်းတော့ရွေးရမယ်၊ ညင်သာတဲ့နည်းနဲ့ ရှင်းပစ်ဖို့လိုတယ်။ ညင်သာတဲ့ နည်းဆိုတာက ဆေးထိုးတာတို့ ဓာတ်ငွေ့နဲ့ရှင်းတာတို့ လုပ်ဖို့လိုတယ်။ မဟုတ်ရင် ခွေးလေခွေးလွင့် လျော့လာမှာမဟုတ်တဲ့အတွက် လူတွေအတွက် အရမ်းအန္တရာယ်ရှိတယ်'' ဟု တိရစ္ဆာန်ဆေးကုဆရာဝန်တဦးဖြစ်သူ ဒေါက်တာကျော်ထင်က ပြောသည်။

ခွေးလေခွေးလွင့်ပြဿနာရှင်းလင်းရန် ၂၀၁၈ ခုနှစ် နိုဝင်ဘာလက တိရစ္ဆာန်ချစ်သူများ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း အခြားနည်းလမ်းများလုပ်ဆောင်ရန် အကောင်ရေများသည့်အတွက် မလွယ်ကူခြင်း၊ ကုန်ကျစရိတ်များပြားခြင်း ဘတ်ဂျက်တွင် ထည့်သွင်းထားခြင်းမရှိသည့်အတွက် လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း သိရသည်။

***ထက်အောင်***



# ခွေးလေခွေးလွင့်ပြဿနာကို ဖြေရှင်းရာတွင် အဆိပ်ချဖြေရှင်းခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်သွားမည်ဟု ရန်ကုန်ဒုမြို့တော်ဝန် ပြောကြား



ရန်ကုန်မြို့တွင် ခွေးလေခွေးလွင့်ပြဿနာ တိုင်တန်းမှုအများဆုံးဖြစ်နေပြီး ယင်းပြဿနာကို ပိုမိုကောင်းမွန်သည့်နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရေးဆောင်ရွက်နေကြောင်းနှင့် ခွေးများအား အဆိပ်ချသတ်ဖြတ်မှုမပြုလုပ်ရန် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုမြို့တော်ဝန်ဦးစိုးလွင်က ပြောကြားလိုက်သည်။

ဒုတိယမြို့တော်ဝန်ဦးစိုးလွင်ထံသို့ လူမှုကွန်ရက်မှတဆင့် ရန်ကုန်နေပြည်သူများ၏ ပြဿနာ၊ အခက်အခဲများကိုတင်ပြရာတွင် ခွေးလေခွေးလွင့်ပြဿနာ၊ ယာဉ်ကြောပိတ်ဆို့မှု၊ အမှိုက်စွန့်ပစ်မှု/ သိမ်းဆည်းမှု၊ လမ်းပျက်စီးမှု၊ ကားမှတ်တိုင်များနည်းပါးမှု၊ လူသွားစင်္ကြံ သောက်သုံးရေ၊ ချိုးရေပြတ်လပ်မှု၊ မရရှိမှု၊ ရေမြောင်း စသည့်ကိစ္စရပ်များပါဝင်နေပြီး ယင်းသို့တင်ပြလာသည့် အကြောင်းအရာများအား စုစည်းပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့များနှင့် ဌာနမှူးများအား အမြန်ဆုံးဆောင်ရွက်ပေးရန် စီစဉ်ညွှန်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြည်သူများမှတင်ပြလာသည့် အကြောင်းအရာများတွင် ခွေးလေခွေးလွင့်ဆိုင်ရာအကြောင်းအရာများမှာ လက်ရှိအချိန်တွင် တိုင်တန်းမှုအများဆုံးဖြစ်ကြောင်း ဒုတိယမြို့တော်ဝန်ဦးစိုးလွင်က ပြောသည်။

''ကျွန်တော် ရန်ကုန်တိုင်းဒေသကြီးရဲ့ ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ယူပြီးနောက်ပိုင်း အဆိပ်ချမှုများပြုလုပ်ကြောင်း တိုင်ကြားသည်များကိုလည်း လက်ခံရရှိပါတယ်။ ခွေးများကို အဆိပ်ချသတ်ဖြတ်မှု မပြုလုပ်ရန် ညွှန်ကြားထားပြီး၊ နောက်နောင် အဆိပ်ချသတ်ဖြတ်ခြင်းမပြုရန်နှင့် မဖြစ်ပွားစေရန် အထူးကြပ်မတ်ဆောင်ရွက်သွားပါမယ်''ဟု ဦးစိုးလွင်က ပြောသည်။

ထို့အပြင် လေလွင့်ခွေးကိစ္စအတွက် ပိုမိုကောင်းမွန်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် Royal Asia Veterinary Surgery မှ တာဝန်ရှိသူများနှင့်လည်း ဧပြီ ၂၄ ရက်က တွေ့ဆုံဆွေးနွေးထားကြောင်း သိရသည်။

ရန်ကုန်မြို့တော်အတွင်း စည်ပင်သာယာဆိုင်ရာကိစ္စရပ်များကို တိုင်ကြားလိုပါက သို့/ ဒုတိယမြို့တော်ဝန် ရန်ကုန်စည်ပင်သာယာရေးကော်မတီသို့လိပ်မူ၍ တိုင်စာပေးပို့တိုင်ကြားနိုင်ပြီး တင်ပြလာသည့် အကြောင်းအရာများတွင် စည်ပင်သာယာရေးကော်မတီဆိုင်ရာ ဝန်ဆောင်မှုများ အဆင်ပြေချောမွေ့စေရန်နှင့် အခက်အခဲများကို အတတ်နိုင်ဆုံးဖြေရှင်းပေးနိုင်ရန် မြို့တော်တွင်နေထိုင်ကြသူများအနေဖြင့် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သော အကြောင်းအရာများအား တင်ပြရာတွင် ပြည့်ပြည့်စုံစုံ၊ ဖော်ပြပေးစေလိုကြောင်း ဒုမြို့တော်ဝန်က မေတ္တာရပ်ခံထားသည်။

***လင်းလင်းအောင်***

*စာ-၁၉ (မီးလျှံကြားမှ နော်ထရေဒမ်) မှအဆက်*

ထိုအော်ပရာကို ပြင်သစ်၊ အီတလီ၊ အင်္ဂလန်၊ စပိန်၊ ရုရှား၊ ကိုရီးယား၊ အမေရိကန်စသည့် နိုင်ငံများတွင် အကြိမ်များစွာ လှည့်လည်ဖျော်ဖြေကြရလေသည်။ ထို့ကြောင့်လည်း နော်ထရေဒမ်ဘုရားကျောင်းကြီးသည် လွန်စွာလူသိများခဲ့ရတော့သည်။

မိမိစိတ်ဝင်စားသည်က စာရေးဆရာက ဘာကြောင့် ဤဝတ္ထုကိုရေးခဲ့သနည်းဆိုတာပဲ ဖြစ်သည်။ ထိုခေတ်ထိုအခါက ပြင်သစ်ရှိဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ဖောက်ပြန်မှုကို ဖော်ပြလို၍လား၊ မျက်နှာကြီးရာ ဟင်းဖတ်ပါသည့် မမျှတသည့် တရားရေးကို ဖော်ထုတ်လိုခြင်းလား၊ ရိုးသားသည့်အချစ်၊ ဖောက်ပြန်သည့်အချစ်၊ အနစ်နာခံသည့်အချစ်၊ မစားရရင် သဲနှင့်ပက်ချင်သည့် ယုတ်ညံ့သည့်အချစ်တို့ကို တင်ပြလိုခြင်းလား စသည်စသည်ဖြင့် အတွေးပွားမိသည်။ တကယ်လည်း ဗစ်တာဟူဂိုးက အချစ်ပေါ်တွင် အခြေခံကာ ရေးခဲ့ခြင်းဖြစ်သည်။ သူ့အချစ်ကား လူသားတို့အပေါ် တွယ်တာမိသော အချစ်မဟုတ်။ နော်ထရေဒမ်ကြီးကို ချစ်သောအချစ်ပင် ဖြစ်တော့သည်။

၁၉ ရာစုနှစ်အစပိုင်းတွင် ပြင်သစ်တွင် ၁၂၊ ၁၃ ရာစုတို့တွင်ခေတ်စားခဲ့သည့် ဂေါ့သစ်စတိုင်အဆောက်အဦတို့ကို ဖြိုဖျက်နေသည့်အချိန်ဖြစ်နေရာ ဂေါ့သစ်စတိုင်ဗိသုကာလက်ရာတို့၏ ရှေ့ဆောင်လမ်းပြဖြစ်သည့် နော်ထရေဒမ်ဘုရားကျောင်းကြီးကို ကယ်တင်လိုသောစိတ်ဖြင့် လူအများ၏အာရုံကို ဆွဲဆောင်ရန်ဟူသောစိတ်ဖြင့် ဤဂန္ထဝင်မြောက် ဝတ္ထုကြီးကို ဖန်းတီးခဲ့ခြင်း ဖြစ်လေသည်။ ဤတွင် 'ဘာလဲဟဲ့ ဂေါ့သစ်စတိုင်ဆိုတာ' ဟု မေးလာစရာရှိပါသည်။ လွယ်လွယ်ကူကူမြင်သာအောင်ပြောရလျှင် ဘုရားကျောင်းမြင့်ကြီး၏ အပြင်ဘက်မျက်နှာစာများတွင် မိုးပေါ်သို့ထောင်တက်နေသည့် အချွန်းအမြွမ်း ပြင်ဆင်မှုများ၊ အဝင်ဝဘေးတဖက်တချက်စီတွင် ထောင့်မှန်စတုဂံပုံတာဝါကြီးများရှိပြီး အရောင်မျိုးစုံပါဝင်သော မှန်ချပ်ကြီးများကိုသုံးကာ အတွင်းခန်းမများ၏ လိုအပ်သောအလင်းရောင်ကိုထိန်းခြင်း ဖြစ်သည်။ ပေါင်းကူးကြီးတွေ၊ ဒေါက်တိုင်ကြီးတွေလည်း ပါ၏။

နော်ထရေဒမ်ဘုရားကျောင်းကြီးသည် ဘယ်လောက် အံ့မခန်းလှပါသည်ဆိုဆို လောကဓံအတက်အကျတို့ကို သူလည်းခံခဲ့ရသည်။ အထူးသဖြင့် လူဝီ ၁၆ ဘုရင်တို့ ခေါင်းဖြတ်သတ်ခံခဲ့ရသည့် နပိုလီယံခေတ် ပြင်သစ်တော်လှန်ရေးကာလအတွင်းတွင် ဖြစ်သည်။ ခေတ်ပျက်မင်းမဲ့ကာလတိုင်းတွင် ခိုးဆိုးလုယက်သူတို့ ပေါ်လာစမြဲဖြစ်ရာ နော်ထရေဒမ်အတွင်းရှိ အဖိုးတန်အရာတို့မှာလည်း ထိုထိုလူမျိုးတွေ လက်ချက်ဖြင့် အတော်ကြီးဖျက်ဆီးခံလိုက်ရသည်။

စာရေးဆရာကြီးက ထိုသို့ဖျက်ဆီးခံခဲ့ရတာတွေကို ရင်နာနေရသည့်အထဲ ဂေါ့သစ်လက်ရာ အဆောက်အဦတွေနေရာမှာ ခေတ်မီအဆောက်အဦတွေ ဝင်လာနေတာကိုမြင်တွေ့နေသည့်အပြင် ဘုရားကျောင်းကြီး၏ မှန်တွေကို အစားထိုးပြင်ဆင်တာတွေ ဘာတွေလုပ်လာသည့်အခါ ကလောင်ကိုင်၍တပ်လှန့်မှဖြစ်တော့မည်ဟုတွေးပြီး ထိုစာအုပ်ကြီးကို ထရေးခဲ့ရတော့သည်။ စေတနာမှန်သောကြောင့် ကမ္ဘာကျော်သည်။ သူ၏ဇာတ်လိုက် စိတ်ထားလှပသော ကျောကုန်းဘုပါသည့် ရုပ်ဆိုးကြီးသည်ပင် ဘုရားကျောင်းကြီးကို ကိုယ်စားပြုသည်ဟုပင် ထင်မြင်ချက်ပေးခံရခြင်းတွေ ရှိခဲ့၏။ ထိုစာအုပ်ထွက်ပြီးသည့် ၁၈၃၂ နောက်မှ နော်ထရေဒမ်သည် တခေတ်ပြန်ဆန်းလာပြီး ကောင်းမွန်သည့်ထိန်းသိမ်းမှုတွေခံခဲ့ရကာ ယခုတော့ တနှစ်တနှစ်ကို လူ ၁၂ သန်းလောက် လာရောက်ကြည့်ရှုနေရလေပြီ။

ယခု ပြုပြင်ထိန်းသိမ်းရေးကုမ္ပဏီမှ အလုပ်သမားတွေထဲတွင် ဆေးလိပ်သောက်သူတွေပါလာသည်ဟု သတင်းထုတ်ပြန်တာတွေ့လိုက်ရသည်။ ထိုသူတွေကပဲ ပေါ့ပေါ့ဆဆဖြင့် ဆေးလိပ်တွေ မီးမငြိမ်းဘဲပစ်ထားခဲ့၍များ သစ်သားတွေကိုမီးစွဲကာ အခုလောက်ထိဖြစ်သွားလေသလားဟု ထင်မြင်ချက်တွေပေါ်လာသည်။ ရေရာသေချာတော့ ဘယ်သူမှ မသိသေး။ တော်ပါသေးသည်၊ နော်ထရေဒမ်ကို ချစ်လှသည့် ဆရာကြီးဗစ်တာဟူဂိုးမှာ မီးလျှံကြားမှ ကျောင်းကြီးကို မမြင်တွေ့သွားရှာ။ ထိုသတင်းတွေ မြင်ပြီး မိမိတို့ဆီက ရှားပါးဖြစ်နေပြီဖြစ်သည့် မန္တလေးတောင်ခြေက ရွှေနန်းတော်ကျောင်းကြီးအပါအဝင် တခြားတခြားသော သစ်သားရှေးဟောင်း ကျောင်းကြီးတွေကို မြင်ယောင်လာသည်။ လောင်ပြီဟော့ဆိုလျှင် ကျောက်သားတွေနှင့်ဆောက်ထားသည့် နော်ထရေဒမ်ပင် အများကြီးပျက်စီးသွားသေးလျှင် ရေနံဝနေသည့် သစ်သားတွေဖြင့်ဆောက်ထားသည့် မိမိတို့အမွေအနှစ်တို့မှာလည်း မတွေးဝံ့စရာဖြစ်လာတော့သည်။

**''ဆေးလိပ်မသောက်ရ''ဟုရေးထားရုံဖြင့် လုံလောက်ပြီလား။ တကယ်သောက်၊ မသောက် သေချာလိုက်လံစစ်ဆေးသူတွေရှိရဲ့လား။ မရှိပါ။ တခုခုဖြစ်ကာမှ ငွေကောက်ကာထပ်ဆောက်လည်း တန်ဖိုးချင်းကား ဘာမှမဆိုင်တော့။ သွေးရိုးသားရိုး ပေါ့ဆမှုတွေကြောင့် ပျက်စီးလောင်ကျွမ်းသွားနိုင်သလို၊ ရန်သူတွေပေါနေသည့် ယခုလိုအချိန်တွင် ကြံစည်ချင်သူတွေ ကြံစည်လိုပါက လွယ်လွယ်လေးပင် ဖြစ်သည်။** မိမိတို့ နိုင်ငံအား ဘာလုပ်ပစ်မည် ညာလုပ်ပစ်မည်ဟု ကြိမ်းဝါးနေသူတွေလည်းရှိနေရာ ကိုယ့်ယဉ်ကျေးမှု အဖိုးတန်နေရာတွေကိုသတိကြီးကြီးထားကာ ကာကွယ်ကြပါစို့ဟု နော်ထရေဒမ်ဘုရားကျောင်းကြီးအား အကြောင်းပြု၍ နှိုးဆော်ရေးသားလိုက်ရပေသည်။

***စုစု (ကောလင်း)***

www.free4readers.com



# ပိုင်ရှင်စိတ် အလုပ်သမားစိတ်

မောင်မြင့်ဝင်း



**ဆရာတော်တပါးဟောသလို လူချင်းမတူတာ ဘာကြောင့်လဲ။ လူချင်းမတူတာ ကုသိုလ်ကံကြောင့်လို့ ဟောသွားသလို အလုပ်လုပ်တဲ့အခါလည်း အောင်မြင်တာချင်းမတူတာ ဘာကြောင့်လဲလို့မေးရင် စိတ်ထားတွေ ကွာခြားသွားတာလို့ဖြေရမှာပါ။ ပိုင်ရှင်စိတ်ရှိ သူဟာ ပိုင်ရှင်လိုနေ၊ ပိုင်ရှင်လို စဉ်းစားတွေးခေါ်ပြီး ပိုင်ရှင်လို လုပ်တာကြောင့် တချိန်မှာ ပိုင်ရှင်တယောက် ဖြစ်လာမှာပါ . . .**

အခုဆို ဆိုင်ဖွင့်တာ ငါးနှစ်ကျော်ပြီ။ ဒီငါးနှစ်ကျော်အတွင်းမှာ အလုပ်သမားပေါင်းစုံနဲ့ ဆက်ဆံခဲ့ရဖူးတယ်။ ဒီအထဲကမှ ပိုင်ရှင်စိတ်ရှိသူတွေ ပါသလို ပိုင်ရှင်စိတ်မရှိတဲ့ အလုပ်သမားစိတ်ရှိသူတွေနဲ့လည်း တွေ့ဆုံခဲ့ရတယ်။ ဒါပေမဲ့ အများအားဖြင့်တော့ ပိုင်ရှင်စိတ်မရှိသူတွေကိုသာ အများဆုံးတွေ့ရပါတယ်။ ပိုင်ရှင်စိတ်မရှိဘူးလို့ပြောရတာက သူတို့ရဲ့ စိတ်ထားနဲ့ လုပ်ကိုင်မှုကိုပြောတာပါ။ ပိုင်ရှင်စိတ်ရှိသူတွေက ပိုင်ရှင်လို နေထိုင်ပြောဆို လုပ်ကိုင်ပါတယ်။ အချိန်တန်ရလာမယ့်လစာနဲ့တန်အောင် လုပ်ပါတယ်။ ပညာရပ်တွေကိုလည်း စုံလင်အောင်သင်ပါတယ်။ ဘယ်လိုအနေထားမျိုးနဲ့ ကိုယ့်အလုပ်တိုးတက်မလဲလို့ အမြဲစဉ်းစားပါတယ်။ တီထွင်ကြံဆတယ်။ ဒါကြောင့် သူ့မှာ ဆိုင်ပညာနဲ့ပတ်သက်တဲ့ အတွေ့အကြုံကောင်းတွေ အများကြီးရတယ်။ ဆိုင်ကို လာဝယ်တဲ့သူတွေကို အကောင်းမွန်ဆုံး ဝန်ဆောင်မှုတွေပေးတော့ သူ့ကို လူတွေက ချစ်ခင်ကြတယ်။ အားကိုးကြတယ်။ တဖြည်းဖြည်းနဲ့ဆိုင်မှာ သူမရှိတော့ရင် မဖြစ်တဲ့အနေအထားတွေ ဖြစ်လာတယ်။

အလုပ်သမားစိတ်ရှိသူကျတော့ လကုန်မှာရလာမယ့် လစာကိုပဲ သူမျှော်တယ်။ အလုပ်ကို ဝတ်ကျေတန်းကျေပဲ လုပ်တယ်။ အလုပ်အပေါ် စိတ်ပါဝင်စားမှု မရှိဘူး။ သေချာလေ့လာမထားတော့ ဘာမေးမေးမသိဘူး လုပ်တယ်။ ဆိုင်ကို ဈေးလာဝယ်တဲ့သူတွေကို အဆင်ပြေအောင်လည်း လုပ်မပေးတော့ သူ့ကို အားမကိုးကြဘူး။ ဒီလို လုပ်နေရတာကို သူက ကျေနပ်နေတယ်။ ဘူးတလုံးဆောင် အိုတောင်မဆင်းရဲဆိုတဲ့စကားကို အမြဲပြောပြီး ပြောတဲ့အတိုင်းလည်း လုပ်တတ်တယ်။ ဘူးတွေများလာတော့ တကယ် လုပ်တတ်တာ ဘာမှမရှိတော့ဘူး။ တဖြည်းဖြည်းနောက်ကို ရောက်မှန်းမသိ ရောက်လာတယ်။

ဒီနှစ်ယောက်မှာ ပိုင်ရှင်စိတ်ရှိသူဟာ သူ့ရဲ့ ကျွမ်းကျင်မှုကြောင့် အလုပ်ရှင်တိုင်းက သူ့ကို ခေါ်ချင်သူတွေ ပေါလာတယ်။ ဒါကြောင့် သူ့စိတ်ကြိုက်လစာငွေကို သူ့ဘက်က စမတောင်းရဘဲ ပိုင်ရှင်တွေဘက်က အရင်ဖွင့်ပေးလာတယ်။ ငွေမရှိပေမဲ့ လက်မထောင်နိုင်သူတယောက် လက်ညှိုးထိုးနိုင်တဲ့သူတယောက် ဖြစ်လာတယ်။ အရည်အချင်းတွေက ပြည့်လာတော့ သူ့မှာ လစာငွေတွေများလာတယ်။ ခနအင်အားတွေလည်း တိုးပွားလာတယ်။ တဖြည်းဖြည်းလူရာဝင်တဲ့သူဖြစ်လာတယ်။ အဲဒီဓနငွေတွေနဲ့ သူ့ရဲ့ပင်ကိုအရည်အချင်းတွေ ပေါင်းစပ်ပြီး လုပ်ငန်းရှင်ဖြစ်လာတယ်။ သူ့ရဲ့ အလုပ်သမားဘဝဟာ ပညာသင်ချိန်လေးပဲ ကြာတယ်။ သူ့ရည်ရွယ်ချက်တွေ ပြည့်စုံတော့ ပိုင်ရှင်စိတ်ရှိတဲ့ သူ့ရဲ့စိတ်ကြောင့် ပိုင်ရှင်ပဲဖြစ်လာတယ်။

ပြီးတော့ ပိုင်ရှင်စိတ်ရှိသူဟာ အခြေနေ အခိုက်အတန့်ကြောင့် သူများဆီမှာနေရချိန်မှာလည်း သူ့ရဲ့အရည်အချင်းနဲ့ ကြိုးစားမှုတွေကြောင့် ငွေရှင်တွေက သူ့ကို ငွေထုတ်ပေးချင်သူတွေ များလာတယ်။ သူ့ဘက်က အရည်အချင်းတွေ ပြည့်စုံတော့ သူလုပ်ရင်အောင်မြင်မယ်လို့ ယုံကြည်ကြတယ်။ အစစ အရာရာ သူ့အပေါ်ကို ယုံကြည်ထားကြတယ်။ သူ့မှာ အချုပ်အနှောင်မရှိဘူး။ ပိုင်ရှင်လို တွေးခေါ်ဆုံးဖြတ်နိုင်တယ်။ ဖိအားတွေမရှိတော့ သူ့အရည်အချင်းတွေက ရာနှုန်းပြည့်ထွက်လာတယ်။ သူလုပ်သမျှအောင်မြင်တော့ သူ့ရဲ့ဝင်ငွေတွေလည်း တိုးလာတယ်။ သူ့ဘဝ တိုးတက်လာသလို သူ့ကိုအကြောင်းပြုပြီး မှီခိုနေကြတဲ့ သူ့မိသားစုတွေရဲ့ ဘဝလည်း မြင့်မားလာတယ်။ မွေးထားတဲ့ အမေကို ကျေးဇူးအမြင့်ဆုံးအထိ ဆပ်နိုင်သလို ဆွေမျိုးတွေကိုလည်း သူထောက်ပံ့နိုင်လာတယ်။ လူတကာ အားကျတဲ့သူတဦး ဖြစ်လာတယ်။

အလုပ်သမားစိတ်ရှိသူကျတော့ အခြေအနေအရသာဆိုင်မှာနေတော့ အချိန်တွေကြာလာလည်း သူ့ရဲ့အရည်အချင်းတွေက ထွက်မလာဘူး။ နောက်ရောက်တဲ့သူတွေက သူ့ကိုကျော်တက်ပြီး ရာထူးတွေမြင့် လစာတွေများနေချိန်မှာ သူ့မှာ စိတ်ဆင်းရဲနေရတယ်။ အချို့လည်း ဆိုင်တွေခွဲပြီး ကိုယ်ပိုင်ဆိုင်တွေနဲ့ဖြစ်နေချိန်မှာ သူကတော့ သူများအလုပ်မှာ လစာနည်းနည်းလေးနဲ့ လုပ်ရဆဲရှိသေး။ လက်ရှိအလုပ်က သူ့အတွက် အခွင့်အရေးမရတော့ တခြားအလုပ်သစ်ကို ပြောင်းသွားပေမဲ့ သူ့ရဲ့အလုပ်သမားစိတ်ကို မဖျောက်နိုင်တော့ အမြင့်မားဆုံးနေရာကို မရပြန်ဘူး။ အချိန်တွေကြာလာလေ ရာထူးက မြင့်မလာတော့ လစာကလည်း အများကြီးမရဘူး။ ရတဲ့လစာဟာ ဝမ်းဝရုံတင်။ သူ့ရဲ့ အရည်အချင်းကို သိတော့ ဘယ်သူကမှလည်း သူ့ကို ဦးဆောင်ရမယ့်နေရာ မတောင်းဆိုဘူး။ နောက်ဆုံး သူနဲ့ ဆွေမျိုးတော်စပ်သူတွေကတောင် သူ့ကို ယုံကြည်မှုတွေ မရှိတော့ဘူး။ ကံကောင်းလို့ ပိုက်ဆံရှိပြီး လုပ်ငန်းလုပ်ရင်တောင် အဆင်မပြေဘဲ ခဏအတွင်းမှာပဲ မူလအလုပ်သမားဘဝ ပြန်ရောက်သွားတယ်။ သူ့ရဲ့ အလုပ်ဟောင်းမှာ သူ့ရဲ့အလုပ်သမားစိတ်ကြောင့် အဆင်မပြေတော့ နေရာသစ်တွေ တခုပြီးတခုပြောင်းရင်း နောက်ဆုံးအချိန်တွေသာ ကုန်သွားတယ်။ သူ့မှာ ဘာမှ ဘဝအာမခံချက်ရတဲ့ အရာတွေ မပိုင်ဆိုင်တော့ဘူး။ ဒီလိုနဲ့ ပြည်တွင်းမှာ အဆင်မပြေတော့ ပြည်ပဆီလှမ်းဖို့ ပြင်ပြန်တယ်။ ဘယ်နေရာရောက်ရောက် သူ့ရဲ့ အလုပ်သမားစိတ်ကြောင့် သူ့ဘဝ အမြဲတမ်း အလုပ်သမားပဲ ဖြစ်တော့တယ်။

အဲလိုဖြစ်ရတာတွေဟာ လူသားတယောက်အဖြစ် မွေးဖွားတာချင်းလည်းတူ၊ မြန်မာပြည်မှာနေပြီး မြန်မာစကားတတ်တာချင်းလည်း တူပါလျက် စိတ်ထားလေး ပြောင်းလို့ ဘဝတွေ ခြားနားသွားတာပါ။ ဆရာတော်တပါးဟောသလို လူချင်းမတူတာ ဘာကြောင့်လဲ။ လူချင်းမတူတာ ကုသိုလ်ကံကြောင့်လို့ ဟောသွားသလို အလုပ်လုပ်တဲ့အခါလည်း အောင်မြင်တာချင်းမတူတာ ဘာကြောင့်လဲလို့မေးရင် စိတ်ထားတွေ ကွာခြားသွားတာလို့ဖြေရမှာပါ။ ပိုင်ရှင်စိတ်ရှိသူဟာ ပိုင်ရှင်လိုနေ၊ ပိုင်ရှင်လိုစဉ်းစားတွေးခေါ်ပြီး ပိုင်ရှင်လိုလုပ်တာကြောင့် တချိန်မှာ ပိုင်ရှင်တယောက်ဖြစ်လာမှာပါ။ အလုပ်သမားစိတ်ရှိသူဟာ အလုပ်သမားလိုနေ၊ အလုပ်သမားလို စဉ်းစားတွေးခေါ်ပြီး အလုပ်သမားလို လုပ်တာကြောင့် အလုပ်သမားဘဝနဲ့ပဲ ဘဝနိဂုံးချုပ်ရပါတယ်။ အောင်မြင်ရေးကျမ်းတွေမှာ ငါတနေ့အောင်မြင်ရမယ်လို့တွေးပြီး အောင်မြင်သူလိုကျင့်ကြံစဉ်းစားနေထိုင်ရင် တနေ့မှာ အောင်မြင်သူတယောက် ဖြစ်လာမယ်လို့ ပြဆိုထားပါတယ်။ ကြားဖူးတဲ့ ပုံပြင်ထဲကလို သစ်သားကိုတွေ့တာချင်းတူပေမဲ့ တဦးကထင်းဆိုက်ဖို့သာစိတ်ကူးပြီး ကျန်တဦးကတော့ ပန်းပုရုပ်ထုဖို့ စိတ်ကူးတယ်။ အတွေးမတူတော့ ရလာတဲ့ တန်ဖိုးကလည်း ကွာခြားသွားပါတယ်။ အခြေနေကြောင့် အလုပ်သမားဖြစ်နေချိန်မှာ ပိုင်ရှင်စိတ်ထားမှ ပိုင်ရှင်တွေရဲ့ စိတ်ထား၊ စဉ်းစားတွေးခေါ်ပုံတွေကို ပိုင်ဆိုင်စေမှာဖြစ်တယ်။ ပြီးတော့ အလုပ်အပေါ်ကြိုးဆစဉ်းစားပုံတွေက ဘဝတလျှောက်လုံးစာအတွက် အလေ့အကျင့်ကောင်းတွေ ဖြစ်စေမှာပါ။ ဘဝကတသက်လုံး သူများအလုပ်တွေချည်း လုပ်ကိုင်ရမှာ မဟုတ်ပါဘူး။ တနေ့မှာကိုယ်တိုင်လည်း ပိုင်ရှင်ဆိုတာဖြစ်လာမှာပါ။

စစ်သင်တန်းတွေမှာ ဆောင်ပုဒ်တခုရှိပါတယ်။ ချွေးထွက်များမှ သွေးထွက်နည်းမယ်တဲ့။ အဲဒီဆောင်ပုဒ်အတိုင်း သင်တန်းတက်နေစဉ်မှာ ချွေးတွေအများကြီးထွက်အောင် ကြိုးစားထားမှ တကယ့်လက်တွေ့စစ်မြေပြင်ရောက်တဲ့အခါ အထိအခိုက်နည်းပြီး သွေးထွက်လည်း နည်းစေမှာ ဖြစ်ပါတယ်။ သိတဲ့ သူဌေးကြီးတယောက်ဆိုရင် သူ့ဘဝငယ်စဉ် အလုပ်သမားဘဝက ဆိုင်တဆိုင်မှာ အလုပ်လုပ်တော့ အလုပ်အတော်ကြိုးစားခဲ့တယ်။ သူကဒီလိုဆိုင်မျိုး တနေ့ပိုင်ဆိုင်ရမယ်ဆိုတဲ့ စိတ်ကူးနဲ့ တဆိုင်လုံးက အလုပ်တွေကို သူ့ကိုယ်ပိုင်ဆိုင်လို ကြိုးစားလုပ်တယ်။ သူ့ရဲ့အလုပ်ကြိုးစားမှုကို ဆိုင်ရှင်ကသဘောကျပြီး လစာတိုးပေးပါတယ်။ ဒါပေမဲ့ သူက ဆိုင်ရှင်တိုးပေးတဲ့လစာကို မယူဘဲ တိုးပေးတဲ့လစာအစား ဆိုင်မှာလုပ်ပိုင်ခွင့်ကိုသာ တောင်းပါတယ်။ တဆိုင်လုံးကို သူ့စိတ်တိုင်းကျ သူ့ဆုံးဖြတ်ချက်နဲ့ လုပ်မယ်။ လုံးဝအမြတ်လျော့မသွားစေရဘူးဆိုတော့ ပိုင်ရှင်က သူတောင်းဆိုတာကို လက်ခံလိုက်ပါတယ်။ သူကလည်း သူ့ဆိုင်လို ကြိုးစားလုပ်ကိုင်ခဲ့ရာ အရင်ကထက် ဆိုင်ရဲ့ရောင်းအားက တိုးလာပါတယ်။ ဒီလိုနဲ့ နှစ်အနည်းငယ်အကြာမှာ ဆိုင်နဲ့ပတ်သက်တဲ့ပညာတွေ သူ့မှာအပြည့်ဖြစ်လာတော့ ဆိုင်ခွဲဖို့ သူဌေးကို ပြောပါတယ်။ ပြီးတော့ သူဆိုင်ခွဲရင် ရင်းနှီးဖို့ငွေချေးဖို့ပါ။ ဆိုင်ရှင်ထံကို တောင်းဆိုလိုက်ပါတယ်။ ဆိုင်ရှင်သူဌေးကလည်း သူ့ရဲ့အရည်အချင်းကို သဘောကျပြီး သူချေးတဲ့ငွေကို ထုတ်ချေးလိုက်ရာ နှစ်အနည်းငယ်အတွင်း ချမ်းသာတဲ့ သူဌေးကြီး ဖြစ်သွားပါတယ်။

သူအခုလိုအောင်မြင်ပြီး ချမ်းသာတာဟာ အလုပ်သမားဘဝမှာကတည်းက ပိုင်ရှင်စိတ်ရှိလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘဝမှာ ချမ်းသာချင်ရင် ပိုင်ရှင်စိတ်ဖြစ်ဖို့ အရေးကြီးပါတယ်။ ပိုင်ရှင်စိတ်မထားဘဲ အလုပ်သမားစိတ်ထားမယ်ဆိုရင်တော့ တသက်လုံး အလုပ်သမားဘဝမှာပဲ တသက်လုံး ဖြစ်နေရလိမ့်မယ်လို့ ပြောလိုက်ပါရစေ။

မောင်မြင့်ဝင်း

# ရန်ကုန်ကမ်းနားညဈေးတန်းကို ပြန်လည်အဆင့်မြှင့်တင်မည့် Yangon Night Market ကို အောက်တိုဘာလမတိုင်မီ ဖွင့်လှစ်မည်

ရန်ကုန်ကမ်းနားညဈေးတန်းကို ပြန်လည်အဆင့်မြှင့်တင်မည့် Yangon Night Market ကို အောက်တိုဘာလမတိုင်မီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ ညဈေးတန်းအား ပြန်လည်အဆင့်မြှင့်တင်မှုကို ပုဂ္ဂလိကကုမ္ပဏီတခုဖြစ်သည့် A25 Myanmar Development ကုမ္ပဏီက ကျပ်နှစ်ဘီလီယံကျော်အသုံးပြုကာ အကောင်အထည်ဖော်မည်ဖြစ်ပြီး PPP (Public Private Partnership) စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Yangon Night Market ကို အကောင်အထည်ဖော်ရာတွင် ဆိုင်များဖုန်အလိုက်ဖွင့်လှစ်ရောင်းချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖုန်အေနှင့် ဘီတွင် ၈ ပေပတ်လည် စားသောက်ဆိုင် (၉၀ ခန်း)၊ Decorated Eating Area (Public Basin)၊ ခင်းကျင်းရောင်းချရန်နှင့် ပစ္စည်းများသိမ်းဆည်းရန် Cabinet တခု၊ ရေသုံးစွဲရန် Basin တခု၊ လျှပ်စစ်မီး၊ ဆိုင်းဘုတ်၊ Menu Board၊ Playground & Recreation area (Public Basin)၊ Yangon Map နှင့် အမှိုက်ပုံးများ(အစို၊ အခြောက်)တို့ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် မီးသတ်ဆေးဘူးများကို ဆိုင်တိုင်းတွင် မဖြစ်မနေထားရှိရမည်ဖြစ်ပြီး အရေးပေါ် မီးငြိမ်းသတ်ရန်အတွက် Fire Fighting Nozzle များ တပ်ဆင်ထားကာ ရေရှိရေးဆောင်ရွက်ထားမည်ဖြစ်ပြီး ဘေးတိုက်ရွေ့လျားစနစ်ပါ ကားပါကင် ၂ ခုပါဝင်မည်ဟု သိရသည်။

အဆိုပါ ကမ်းနားညဈေးတန်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာအတွင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရက အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယင်းကာလက ရန်ကုန်မြို့လယ်တွင်ဖြစ်



ပေါ်နေသည့် ယာဉ်ကြောကျပ်တည်းမှုပြဿနာ၊ လမ်းဘေးဈေးသည်ပြဿနာများကို ဖြေရှင်းရေး၊ လမ်းဘေးဈေးသည်များကို စည်းကမ်းရှိရှိ စနစ်တကျရောင်းချနိုင်ရေးနှင့် ကမ်းနားလမ်းတလျှောက် နိုင်ငံတကာညွှန်သည်များ လာရောက်စားသောက်နိုင်မည့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များရရှိနိုင်မည့် ညဈေးတန်းဖြစ်ရေး၊ ရန်ကုန်မြို့ရှိ လူတန်းစားအသီးသီးလာရောက် အနားယူအပန်းဖြေနိုင်မည့် နိုင်ငံတကာအဆင့်မီ ညဈေးတခုအဖြစ်ဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံခန့် အကုန်အကျခံကာ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယခုအခါ ကမ်းနားတလျှောက် ညဈေးတန်းရှိဆိုင်ခန်းများမှာ အမိုးအကာများ စနစ်တကျမရှိ၊ အချို့မှာ လူနေထိုင်ရာ နေအိမ်တဲများသဖွယ်ဖြစ်နေပြီး အချို့နေရာများတွင် ဆိုင်ပစ္စည်းများ၊ ထိုင်ခုံများဖြင့် ဖရိုဖရဲဖြစ်နေပြီး အောင်မြင်မှုမရရှိခဲ့သည့် စီမံကိန်းဖြစ်နေလေသည်။

"ဒီညဈေးတန်းကြီး ဖော်ဆောင်ထားပြီးတော့ မအောင်မမြင်ဖြစ်တာကြီးကို ပုဂ္ဂလိကကုမ္ပဏီတခုကလာပြီး ရင်းနှီးမြှုပ်နှံတာကိုတော့ အစ်ကိုတို့ကြိုဆိုတယ်။ နောက်တခုက အစိုးရပိုင်းနဲ့က သူတို့ BOT ပဲဖြစ်မလား၊ PPP ဖြစ်မလား အဲဒီအထိတော့ သေချာမသိဘူး။ ဒါက စာချုပ်ချုပ်ဆိုပြီး လုပ်ကိုင်ဆောင်ရွက်ရမယ့်ကိစ္စပဲ"ဟု ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်ကမ်းနားညဈေးတန်းအလှမီးတိုင်များ စတပ်နေပြီး ခြောက်ထပ်ရုံးရှေ့တွင် Night Market ရုံးခန်း၊ ATM, Money Exchange နှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ဖို့ ဆေးခန်းကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်းနှင့် ယခင်စွနစ်မကျသော ရန်ကုန်ညဈေးအား မကြာမီလှပစွာဖြင့် တွေ့မြင်ရတော့မည်ဖြစ်ပြီး သန့်ရှင်းရမည်၊ လှပရမည်၊ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်အစားအသောက်များကို အရသာရှိစွာ သုံးဆောင်နိုင်တော့မည်ဖြစ်ကြောင်း A25 Myanmar Development ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

**ကိုလင်း**

# ထန်းတပင်စက်မှုဇုန်သစ်ကို ကန်ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်မည်

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်ရှိ မြေဧက ၁၀၀၀ အကျယ်အဝန်းတွင် ထန်းတပင်စက်မှုဇုန်သစ်ကို အမေရိကန်ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ရန် တရုတ်၊ မြန်မာ၊ ဟောင်ကောင်ပူးပေါင်းကုမ္ပဏီတခုနှင့် လာမည့် မေလ ၁၀ ရက် နေ့တွင် MoU ရေးထိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက စည်ပင်ပြင်ပ ၁၁ မြို့နယ်တွင် စက်မှုဇုန်သစ် ၁၁ ခု အကောင်အထည်ဖော်ရန် Developer ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့ရာ ယင်းစက်မှုဇုန် ၁၁ ခုအနက် ထန်းတပင်စက်မှုဇုန်တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ထိုင်ဝမ်ကုမ္ပဏီတခုဖြစ်သည့် Golden Myanmar Investment ကုမ္ပဏီကပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိုင်းရဲ့စည်ပင်သာယာပြင်ပမြို့နယ် ၁၁ မြို့နယ်မှာ ဧက ၁၀၀၀ ကျော် project တွေကို အကောင်အထည်ဖော်ထားတာရှိပါတယ်။ အဲဒီဧက ၁၀၀၀ ကျော် အကောင်အထည်ဖော်ထားတဲ့ project တွေထဲမှာမှ ထန်းတပင်မှာရှိတဲ့ စက်မှုဇုန်ကို ဟောင်ကောင်၊ ထိုင်ဝမ်က စီးပွားရေးအဖွဲ့အစည်းတွေက Investment လုပ်ဖို့အတွက် MoU ထိုးမှာဖြစ်ပါတယ်"ဟု ပြီ ၂၅ ရက်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် Corporative Business Center တွင်ပြုလုပ်သော Press Conference on Yangon Investment Forum 2019 ၌ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနော်ပန်းသဉ္ဇာမျိုးက ပြောကြားခဲ့ သည်။

ထန်းတပင်စက်မှုဇုန်သစ်အား အပိုင်းနှစ်ပိုင်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး အကောင်အထည်ဖော်ပြီးစီးမည့်ကာလ ၉ နှစ်ခန့် ကြာမည်ဖြစ်ပြီး အလုပ်အကိုင်ဖန်တီးမှု ၁ သိန်းခွဲခန့်မှန်းထားကြောင်း ဝန်ကြီးနော်ပန်းသဉ္ဇာမျိုးက ပြောသည်။ ထို့အပြင် အခြားသော စက်မှုဇုန်များကို စိတ်ဝင်စားသည့် Investment များရှိနေသော်လည်း MoU ရေးထိုးမည့်အဆင့်အထိ မရောက်ရှိသေးသည့်အတွက် အသိပေးကြေညာခြင်းမပြုနိုင်သေးကြောင်း ဝန်ကြီးက ဆက်ပြောသည်။

"ရန်ကုန်သည် အခြားသော တိုင်းနဲ့ပြည်နယ်တွေထက်ကို ပိုပြီးတော့ စက်မှုဇုန်တွေလည်းပိုများပါတယ်။ လက်ရှိလည်း စက်မှုဇုန်တွေ ၂၉ ဇုန်ရှိတယ်။ သီလဝါ အထူးစီးပွားရေးဇုန်ကြီးလည်းရှိတယ်။ ပြီးခဲ့တဲ့နှစ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ ဖော်ပြခဲ့တဲ့ စည်ပင်သာယာ ပြင်ပမြို့နယ်တွေမှာ စက်မှုဇုန်အသစ်လေးတွေ ဖော်ဆောင်မယ့်ကိစ္စတွေကို ပြီးခဲ့တဲ့ဖိုရမ်မှာ ချပြခဲ့တာတွေရှိတယ်။ ဒီလိုချပြခဲ့တဲ့အတွက်ကြောင့်မို့လို့ ပြီးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကနေ ရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။ ဒီနှစ် 2019 Investment Forum မှာ ရင်းနှီးမြှုပ်နှံမှုတွေအတွက် ဒေါ်လာသန်းရာနဲ့ချီတဲ့ ၆၀၀ လောက်ရှိတဲ့ ပရောဂျက်ကြီးတခုကို MoU ရေးထိုးဖို့ အစီအစဉ်လည်းရှိပါတယ်။ ဒါသည် ပြီးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ လုပ်ဆောင်ခဲ့တဲ့ အကျိုးကျေးဇူးတခုဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ရန်ကုန်စည်ပင်ပြင်ပ ၁၁ မြို့နယ်ရှိ စက်မှုဇုန်များအနက်မှ လှည်းကူးစက်မှုဇုန်တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံရန်အတွက်လည်း City Mart Holding Co.,Ltd က စိတ်ဝင်စားနေကြောင်း သိရသည်။

**လင်းလင်းအောင်**

# စားသောက်ဆိုင်များ ဝန်ဆောင်ခကောက်ခံမှု ပွင့်လင်းမြင်သာစေရန် စားသုံးသူရေးရာဦးစီးဌာနနှင့် အခွန်ဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်နေ

စားသောက်ဆိုင်များ ဝန်ဆောင်ခကောက်ခံခြင်းနှင့် အစားအသောက်ဈေးနှုန်းများကို စားသုံးသူများသိရှိစေရန်နှင့် အများမြင်သာသည့်နေရာတွင်ဖော်ပြ၍ ပွင့်လင်းမြင်သာလုပ်ဆောင်စေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနနှင့် အခွန်ဦးစီးဌာနတို့ပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

"တချို့ဆိုင်တွေကလည်း ပွင့်လင်းမြင်သာမှုရှိတယ်။ တချို့ဆိုင်တွေကြတော့လည်း မလုပ်ကြဘူး။ ဒါကို ဆိုင်တိုင်းတိတိကျကျလုပ်နိုင်အောင် အခွန်ဦးစီးဌာနနဲ့ ကျွန်တော်တို့ ညှိနှိုင်းနေတာတွေရှိတယ်။ ကျွန်တော်တို့ကပဲ သွားပြီးလုပ်လိုက်ရင် တချို့အပိုင်းတွေမှာ သက်ဆိုင်ရာဌာနကို သွားရောက်စွက်ဖက်သလိုဖြစ်မှာစိုးပါတယ်။ အဲဒါကြောင့် ဌာနနှစ်ခုပူးပေါင်းဆောင်ရွက်ပြီး လုပ်ဆောင်ဖို့ ဆွေးနွေးနေပါတယ်"ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်က News Watch သို့ ပြောသည်။

စားသုံးသူရေးရာဦးစီးဌာနသို့ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှုအများဆုံးရှိနေခြင်းကြောင့် စားသောက်ဆိုင်များ ဝန်ဆောင်ခကောက်ခံခြင်းနှင့် အစားအစာများ၏ ဈေးနှုန်းများကိုဖော်ပြပေးရန် စားသုံးသူရေးရာဥပဒေပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမြင့်လွင်က ပြောသည်။

"စားသောက်ဆိုင်ထဲကို လူတယောက်ကဝင်လိုက်ရင် ဒီဈေးနှုန်းက ဘယ်လောက်ရှိလဲ၊ ဝန်ဆောင်မှု ဘယ်လောက်ကောက်ခံတယ်ဆိုတာကို သိအောင် ကြေညာပေးရမယ်ပေါ့။ ဥပမာ ဆားဗစ်ချားချက်ရှိမယ်၊ အခွန်ဘယ်လောက်ရာခိုင်နှုန်းပေးရတယ်။ ဒါက ပွင့်လင်းမြင်သာရှိဖို့လိုတယ်။ တချို့ကလည်း အလုပ်သမားတွေအတွက် ဝန်ဆောင်မှုဆိုပြီး ပေးရတယ်။ ဒါကလည်း သဘာဝမကျဘူး။ တကယ်တမ်းဆို သူ့စားသောက်ဆိုင်က အလုပ်သမားစားသုံးသူဆီက အမြတ်ယူပြီး အဲဒါနဲ့ သူ့အလုပ်သမား သူလခပေးရမှာလေ။ ဒါတွေကို စိစစ်နေပါတယ်။ ဒါမျိုးဆက်မလုပ်အောင်"ဟု ၎င်းကပြောသည်။

ကြိုတင်မကြေညာခြင်းနှင့် စားသောက်ဆိုင်များမှ ပွင့်လင်းမြင်သာမှုမရှိဘဲ စားသုံးသူများအပေါ် ဝန်ဆောင်ခအနေဖြင့် ငွေကြေးကောက်ခံခြင်းများကို စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် လက်ခံမည်မဟုတ်ကြောင်း ဦးမြင့်လွင်က ပြောသည်။

"အခုက စားသုံးသူရေးရာဥပဒေအသစ်လည်း ထွက်လာတဲ့အခါကျတော့ ဒီဥပဒေအရ ပိုပြီးထိထိရောက်ရောက်လုပ်သွားဖို့ရှိတယ်။ အဓိက ကျွန်တော့်ဆီကို ဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး အများဆုံးတိုင်တာပဲ။ အဲဒီဝန်ဆောင်မှုနဲ့ပတ်သက်ပြီး စားသုံးသူတွေက ကျေနပ်ချက်တော့ မရှိဘူးဗျ"ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်က ပြောသည်။




စားသောက်ဆိုင်တချို့တွင် ဝန်ဆောင်ခအနေဖြင့် ကောက်ခံမှုများရှိသော်လည်း ကြိုတင်အသိပေးမှုမရှိခြင်း၊ စားသုံးပြီးမှသာ ငွေသွင်းဘောက်ချာတွင် ထည့်သွင်းတွက်ချက်ထားခြင်းများ၊ အစားအသောက်အမျိုးအမည်များကိုသာ ရေးသားထားသော်လည်း ဈေးနှုန်းများရေးသားထားခြင်းမရှိဘဲ ငွေရှင်းချိန်တွင် သတ်မှတ်တန်ဖိုးထက် ပိုပေးနေရခြင်းများ စားသုံးသူများအကြား မကြာခဏကြုံတွေ့နေရသည်။

စားသောက်ဆိုင်များအနေဖြင့် ၎င်းတို့ရောင်းချသည့် အစားအသောက်များကို အသိပေးကြေညာ၍ ပွင့်လင်းမြင်သာစွာ ရောင်းချရန်လိုအပ်ပြီး ယင်းသို့လုပ်ဆောင်ခြင်းဖြင့် စားသုံးသူများအနေဖြင့်လည်း စိတ်ရှင်းရှင်းဖြင့် ရွေးချယ်နိုင်မည်ဖြစ်သောကြောင့် မလိုအပ်သည့်ပြဿနာများဖြစ်ပေါ်လာခြင်းမှ တားဆီးရာရောက်ကြောင်း စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတဦးက ပြောသည်။

**ကျော်သူ**

www.free4readers.com





ဂျပန်ကေရာဇ် အကီဟီတိုနှင့် မိဖုရား မိချိကိုတို့ ဧပြီ ၂၆ ရက်က ကျင်းပပြုလုပ်သည့် Midori ပညာထူးချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။ ဂျပန်ကေရာဇ် အကီဟီတိုသည် ၃၀-၄-၂၀၁၉ တွင် ထီးနန်းစွန့်လွှတ်ခဲ့ပြီး ဂျပန်သမိုင်းတွင် နှစ် ၂၀၀ အတွင်း ထီးနန်းစွန့်လွှတ်သည့် ပထမဆုံးကေရာဇ်ဖြစ်သည်။

# မင်းဆက်တခုတည်းသာရှိသော ကေရာဇ်

ကေမောင်မြင့်

ဂျပန်ကေရာဇ်သည် ကမ္ဘာ့သမိုင်းတွင် ရှေးအခါကစ၍ ယခုအချိန်အထိ မင်းဆက်တခုတည်းသာရှိသောကေရာဇ်ဖြစ်သည်။ ဂျပန်သမိုင်းတွင် နတ်ဘုရားပုံပြင်များစွာရှိသည့်အနက် အမေတာရပ်စုအိုမိကာမိခေါ် နေဘုရားမ (Amaterasu Omikami) နှင့် သူနှင့်မောင်နှမတော်သူ ဆူဆာနိုအိုနိုမိကိုတို (Susa-no-o-no-Mikoto) တို့သည် ထင်ရှားသည်။ ဤနတ်ဘုရားမနှင့် နတ်ဘုရားတို့သည် နောင်အခါတွင် ဂျပန်ပြည်ကို အုပ်ချုပ်မည့် နတ်ဘုရားမျိုးဆက်များကို ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုသည်။ ဂျပန်၏ ပထမဆုံးကေရာဇ်သည် ဂျင်မူ (Jimmu)ဖြစ်သည်ဟု ဆိုသည်။ ဂျင်မူကို ဆက်ခံသူများသည် အီဇူမို (Izumo) နှင့် အခြား ဂျပန်၏ အစိတ်အပိုင်းတချို့ကို အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။ အီဇူမိုမျိုးဆက်များတို့သည် နိုင်ငံရေးအာဏာကို ချုပ်ကိုင်ခြင်းမရှိသော်လည်း ဆူဆာနိုအိုကို ကိုးကွယ်ဆည်းကပ်မှုကို ဆက်လက်ဖြစ်ပေါ်စေခဲ့သည်။ အေဒီသုံးရာစုတွင် ရာမာတိုပြည်ထောင် (Yamato State) ကို တည်ထောင်သည်။ နေမျိုးနေနွယ်များသည် နေရာကောင်းများ၌ တွင်ကျယ်နိုင်စေရန် ကြိုးပမ်းခဲ့ကြသည်။ ကိုဂျီးကီး (Kojiki) နှင့် နီဟွန်ရှောကီး (Nihon Shoki) ကျမ်းများတွင် ရှေးဦးဘုရင်များအကြောင်း ဖော်ပြသော်လည်း ရေရာခြင်းတော့မရှိပါ။ ထိုကာလက တရုတ်ပြည် အထောက်အထားများအရလည်း တရုတ်ပြည်သို့ လက်ဆောင်ပဏ္ဏာဆက်သသော ဂျပန်ဘုရင်များရှိကြောင်း ဖော်ပြခဲ့ကြသည်။

တရုတ်ဘုရင်ကလည်း ယာမာတိုပြည်ထောင်၏ အကြီးအကဲများအား ကေရာဇ် သို့မဟုတ် ကောင်းကင်ဘုံ၏သားတော်ဟူသော ဂုဏ်ပုဒ်ကို အတည်ပြုခဲ့ကြသည်။ သက္ကရာဇ် ၆၆၈ တွင် မင်းသားနာကာသည် ကေရာဇ်တင်ချီ (Emperor Tenchi) ဟူသော အမည်ဖြင့် နန်းတက်ခဲ့သည်။ ကေရာဇ်ဟူသော ဂုဏ်ပုဒ်နှင့်အညီ ဂျပန်နိုင်ငံတခုလုံးကို ချုပ်ကိုင်နိုင်မည့် အခြေအနေများကို တည်ဆောက်နိုင်ခဲ့သည်။ အေဒီ ၆ ရာစုမှ ၉ ရာစုဝက်အထိ ကာလသည် ဂျပန်သို့ တရုတ်ယဉ်ကျေးမှု စီးဝင်သောကာလ ဖြစ်သည်။ ၁၈၆၄ မှ စတင်သော ကာလသည် ဂျပန်နိုင်ငံအား ခေတ်မီသော ဥရောပယဉ်ကျေးမှုဇုန်အတွင်းသို့ ရောက်စေသောကာလဖြစ်သည်။

ဂျပန်၏ ပဒေသရာဇ်ခေတ်သည် စစ်မှူးကြီးများကြီးစိုးခဲ့သော ရှိုဂွန်ခေတ်များဖြစ်သည်။ ကာမာကူရာ၊ အာရှိကာဂါနှင့် တိုကူဂါဝါများသည် စစ်မှူးကြီးမျိုးဆက်များဖြစ်ကြသည်။ စစ်မှူးကြီးများခေတ်ဆိုသော်လည်း ဂျပန်ရှင်ဘုရင်သည် ဂျပန်လူမျိုးတို့၏ ကိုးကွယ်ရာ ဖြစ်သည်။ မည်သည့်အာဏာရှင် စစ်မှူးကြီးကမှ ဂျပန်ရှင်ဘုရင်ကို ထိပါးခဲ့ခြင်းမရှိခဲ့ကြ။ တိုကူဂါဝါရှိုဂွန်ခေတ်တွင် မိမိအာဏာခိုင်မြဲရေးအတွက် တိုကူဂါဝါတို့သည် ဂျပန်နိုင်ငံအား တံခါးပိတ်ဝါဒကျင့်သုံး၍ တည်ငြိမ်စေခဲ့သည်။ ၁၈၅၃ တွင် အမေရိကန်ရေတပ်ဗိုလ်ချုပ်ကိုမိုဒို ပယ်ရီ (Commodore Perry) ရောက်ရှိချိန်အထိ ဖြစ်သည်။ ထိုအချိန်တွင် ရှိုဂွန်က မတတ်သာတော့ဘဲ ပိတ်ထားသော တံခါးကို ဖွင့်ပေးလိုက်ရလေသည်။

**မိဂျီဘုရင်၏ အမည်ဖြင့် ပြုပြင်ရေးများ အောင်မြင်ပြီး အင်အားကြီးနိုင်ငံဖြစ်လာသော ဂျပန်နိုင်ငံကို ကျွန်ုပ်တို့ အတုယူသင့်ပါသည်။ နိုင်ငံရေးတွင် အတ္တဝါဒများ ထွန်းကားခြင်းကို အဆုံးသတ်သင့်ပြီ ဖြစ်ပါသည် . . .**

ပယ်ရီ၏ခေတ်မီစစ်သင်္ဘောသည် တိုကူဂါဝါခေတ်ဂျပန်တို့အား အချက်ပေးခေါင်းလောင်းသံဖြစ်သွားခဲ့သည်။ ပါဝါလွန်ဆွဲပွဲများရှိခဲ့သော်လည်း ရှိုဂွန်သည် နောက်ဆုံးတွင် ရှင်ဘုရင်ထံ အညံ့ခံ၍ ရှိုဂွန်စနစ် နိဂုံးချုပ်သွားခဲ့သည်။ ခေတ်အဆက်ဆက်တွင် အာဏာမရှိခဲ့သော ဂျပန်ရှင်ဘုရင်သည် အရေးပါလာခဲ့သည်။ ဘုရင့်နန်းတော်ရုံးသည် အခွင့်ကောင်းယူ၍ ဂျပန်နိုင်ငံတခုလုံးအား ပြုပြင်ပြောင်းလဲရေးများ လုပ်ခဲ့သည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံ၏ဘုရင်မှာ မိဂျီဘုရင်ဖြစ်ခဲ့သည်။ မိဂျီဘုရင်၏ နာမည်ကိုသုံး၍ ခေတ်မီပြုပြင်ပြောင်းလဲရေးများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင် မိဂျီပြုပြင်ရေးများဟု ကျော်ကြားခဲ့သည်။ မိဂျီပြုပြင်ရေးအတွက် ဂျပန်ပဒေသရာဇ်စနစ်တွင် အရေးပါခဲ့သော ဆာမူရိုင်းခေါ် စစ်သားလူတန်းစားကို ပထမဆုံး ဖျက်သိမ်းခဲ့သည်။ ပဒေသရာဇ်များအား အစွယ်ရိုက်ချိုးလိုက်သကဲ့သို့ ဖြစ်သွားပြီး ပဒေသရာဇ်များ ချုပ်ငြိမ်းသွားတော့သည်။

မိဂျီခေတ်တွင် ဂျပန်နိုင်ငံကို စက်မှုထွန်းကားသောနိုင်ငံဖြစ်လာစေရန် အနောက်ဥရောပနိုင်ငံများသို့ ဂျပန်ပညာတော်သင် အမြောက်အမြားကို စေလွှတ်ခဲ့သည်။ ခေတ်မီသော ရေတပ်နှင့် ကြည်းတပ်မတော်များ တည်ဆောက်ရန်အတွက် ဆာမူရိုင်းဟောင်းများကို အင်္ဂလန်နှင့် ပြင်သစ်သို့ စစ်ပညာသင်စေလွှတ်ခဲ့သည်။ ဂျာမနီနှင့် ပြင်သစ်စစ်ဖြစ်၍ ဂျာမနီနိုင်သောအခါ ကြည်းတပ်ပညာတော်သင်များကို ဂျာမနီသို့ ထပ်မံ၍ စေလွှတ်ပြန်သည်။ ဆာမူရိုင်းဟောင်းများသည် ဂျပန်နိုင်ငံ ခေတ်မီရေးအတွက် အဓိက အင်အားဖြစ်ခဲ့သည်။

ဂျပန်နိုင်ငံကို ခေတ်မီနိုင်ငံဖြစ်အောင် ကြိုးပမ်းတည်ဆောက်ရာတွင် စီးပွားရေး၊ ကာကွယ်ရေးများသာမက ကျန်းမာရေး၊ လူမှုရေးစသည်ဖြင့် နေရာတိုင်းတွင် ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပြုပြင်ရေးများကို မိဂျီဘုရင်၏ အမိန့်ဖြင့် ဆောင်ရွက်စေခဲ့သည်။ ကျန်းမာရေးအတွက် ဆန်အစား ဂျုံကို အဓိကထားစားသုံးရန် ညွှန်ကြားသည်။ အရပ်ပုသော ဂျပန်လူမျိုးများအား အသားစားစေသည်။ ယင်းသို့သော အပြောင်းအလဲများကို ဆာမူရိုင်းဟောင်းများတွင် စတင်ကျင့်သုံးစေသည်။ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ အိမ်ပြင်ထွက်လျှင် ဥရောပဝတ်စုံကို ဝတ်ဆင်ရန် ညွှန်ကြားခဲ့သည်။ ရိုးရာဝတ်စုံကို အိမ်အတွင်းတွင်သာ ဝတ်ဆင်ကြရန်ဖြစ်သည်။ အခြေခံဥပဒေရေးဆွဲ၍ ပါလီမန်စနစ်ကို စတင်ကျင့်သုံးသည်။ ပါလီမန်ရွေးကောက်ပွဲများ ကျင်းပ၍ ပါလီမန်အစည်းအဝေးများ ကျင်းပသည်။ လွှတ်တော်အမတ်များသည် ဥရောပဝတ်စုံအပြည့်ဖြင့် ပါလီမန်အစည်းအဝေးသို့ တက်ရောက်ကြရသည်။

ဂျပန်ရှင်ဘုရင်သည် ဘုရားတဆူ ဂူတလုံး ကိုးကွယ်ရာဖြစ်သဖြင့် ပြည်သူလူထုနှင့် ထိတွေ့ခြင်းမရှိပေ။ သို့ရာတွင် ခေတ်ကာလပြောင်းလဲလာသည်နှင့်အညီ အပြောင်းအလဲများရှိလာခဲ့သည်။ ဂျပန်ဘုရင် ဟီရိုဟီတိုသည် ၁၉၄၈ ခုနှစ်က ကျင်းပခဲ့သော ဂျပန်ပါလီမန် အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဟီရိုဟီတိုသည် လူစုလူဝေးများသို့ တက်ရောက်လေ့ရှိလာပြီး လူထုကို လက်ဝှေ့ယမ်းနှုတ်ဆက်ခြင်းများကို ပြုလုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ရှုံးသောအခါ ယူအက်စ်အက်စ်မစ်ဇူရီအမေရိကန်စစ်သင်္ဘောပေါ်တွင် ဂျပန်တို့ လက်နက်ချခဲ့ကြသည်။

ဂျပန်ဘုရင်သည် သာမန်လူတို့နှင့် တွေ့ဆုံလေ့မရှိသဖြင့် ဂျပန်တို့လက်နက်ချကြောင်း ဘုရင်၏ အသံသွင်းထားသော ဓာတ်ပြားကိုဖွင့်ပြ၍ ၁၉၄၅ ခု ဩဂုတ် ၁၅ ရက်တွင် မစ်ဇူရီ သင်္ဘောပေါ်တွင် ဂျပန်တို့လက်နက်ချခဲ့ကြသည်။

ယခုလက်ရှိ ဂျပန်နိုင်ငံ၏ ကေရာဇ်သည် အကီဟီတို ဖြစ်ပါသည်။ မဆလခေတ်က မြန်မာနိုင်ငံ၏ သမ္မတကြီးဦးစန်းယုသည် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ဖူးသည်။ ထိုစဉ်က ဂျပန်ကေရာဇ် အကီဟီတိုက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ သမ္မတကြီးဦးစန်းယုအား ဥရောပဝတ်စုံနှင့် ဂျပန်ဘုရင်က ထည်ဝါစွာ ဧည့်ခံခဲ့ခြင်း ဖြစ်ပါသည်။ (ဘိုလိုဝတ်ဆင်ခြင်းသည် မျိုးချစ်စိတ်နှင့်မဆိုင်ကြောင်း ပုဆိုးဝတ်သည့် မြန်မာမျိုးချစ်ကြီးများ မှတ်သားထားစေလိုပါသည်။ စကားချပ်။)

ဂျပန်တမျိုးသားလုံးက ဘုရားတဆူ ဂူတလုံး ကိုးကွယ်ခြင်းခံရသော ဂျပန်ကေရာဇ်သည် ရှေးအခါက သာမန်လူများနှင့် ဆုံတွေ့လေ့မရှိ။ တော်ဝင်မျိုးနွယ်တို့သည် တော်ဝင်မျိုးနွယ်ချင်းသာ သွေးနှောလေ့ရှိကြသည်။ ယခုခေတ်တွင် အခြေအနေအရ မတတ်သာ၍ ပြောင်းလဲခြင်းများရှိသလို ဆန္ဒအရပြောင်းလဲခြင်းများလည်းရှိလာသည်။ အကီဟီတို၏ သားတော်အိမ်ရှေ့မင်းသားနာရူဟီတိုသည် အရပ်သူနှင့် လက်ထပ်ခဲ့သည်။ အကီဟီတိုသည် ၂၀၁၉ ခု ဧပြီလ ၃၀ ရက်တွင် ထီးနန်းစွန့်မည်ဖြစ်ရာ နာရူဟီတိုက ဂျပန်ကေရာဇ်အရိုက်အရာခံပေတော့မည်။ ယခင်က ဖခင်မရှိတော့မှ သားကအရိုက်အရာ ဆက်ခံလေ့ရှိသော်လည်း အကီဟီတိုသည် အသက် အရွယ်ကြီးလာသဖြင့် မသေမီပင် ထီးနန်းစွန့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**မိဂျီဘုရင်၏ အမည်ဖြင့် ပြုပြင်ရေးများ အောင်မြင်ပြီး အင်အားကြီးနိုင်ငံဖြစ်လာသော ဂျပန်နိုင်ငံကို ကျွန်ုပ်တို့အတုယူသင့်ပါသည်။ နိုင်ငံရေးတွင် အတ္တဝါဒများ ထွန်းကားခြင်းကို အဆုံးသတ်သင့်ပြီ ဖြစ်ပါသည်။** စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို စတင်လုပ်ဆောင်သင့်ကြောင်း၊ အချိန်မဖြုန်းသင့်တော့ကြောင်း ရေးသားလိုက်ရပါသည်။

*ကေမောင်မြင့်*

*ကျမ်းကိုး– Japan*
*From Prehistory to Modern Times*
*Johon Whitney Hall*



အကီဟီတိုနှင့် မိချိကိုတို့ ထိမ်းမြားမင်္ဂလာပြုပြီးနောက်တရက် ၁၉၅၉ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကေရာဇ် ဟီရိုဟီတို၊ မိဖုရား နာဂါကိုတို့နှင့်အတူ ရိုက်ကူးခဲ့သည့် အမှတ်တရဓာတ်ပုံ

# ပုသိမ်မြို့တွင် သစ်ပင်စိုက်ချင်သူများကို အခမဲ့သစ်ပင်စိုက်ပျိုးပေးလျက်ရှိ နယ်ဝေးရှိ သစ်ပင်စိုက်ပျိုးချင်သူများကိုလည်း ပျိုးပင်များ အခမဲ့ပို့ပေးမည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် သစ်ပင်စိုက်ပျိုးချင်သူများကို အိမ်တိုင်ရာရောက် အခမဲ့သစ်ပင်စိုက်ပျိုးပေးလျက်ရှိပြီး၊ နယ်ဝေးအရပ်ဒေသမှ သစ်ပင်စိုက်ပျိုးချင်သူများကိုလည်း ပျိုးပင်များ အခမဲ့ပို့ပေးလျက်ရှိကြောင်း သိရသည်။

ပုသိမ်မြို့တွင် လူငယ်တစုမှ ပျိုးခြံတခုတည်ထောင်ပြီး မြို့အတွင်းရှိ သစ်ပင်စိုက်ပျိုးချင်သည့်အိမ်များ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံများတွင် သစ်ပင်များ အခမဲ့လိုက်လံစိုက်ပျိုးပေးလျက်ရှိပြီး ပျိုးပင်များကိုလည်း အလှူခံလျက်ရှိသည်။

"အဲဒါကျွန်တော်တို့ သူငယ်ချင်းတွေနဲ့တိုင်ပင်တာပေါ့။ ကျွန်တော်သူငယ်ချင်း ကိုချစ်ကိုကိုဆိုတဲ့သူကလည်း ပျိုးပင်တွေဝယ်မယ်။ သူလည်းပါမယ်ဆိုပြီးပြောတာပေါ့။ ကျွန်တော်တို့ ပျိုးပင်ထားမယ့်နေရာရှာတယ်၊ သူက အကြံပေးတာပေါ့၊ ရာသီဥတုကပူတယ်။ အိမ်တွေ လိုက်စိုက်ချင်တယ်။ အိမ်တွေကိုလိုက်စိုက်ရင် အိမ်တွေက ရေလောင်းနိုင်တယ်။ အိမ်တိုင်းကိုတော့ လိုက်မစိုက်ဘူး။ ကျွန်တော်တို့ကို ဆက်သွယ်တဲ့အိမ်တွေကိုပဲ လိုက်စိုက်ပေးတာ။ ရာသီဥတုပူတော့ အိမ်တွေက ရေလောင်းနိုင်တယ်။ ကျွန်တော်တို့ ပျိုးပင်ကသေးသေးလေးတွေ မဟုတ်ဘူး။ ၃ ပေ၊ ၄ ပေလောက်ရှိတဲ့အပင်ကြီးတွေ ပါပါတယ်။ ကျွန်တော်တို့ ဒီလိုစစိုက်တာ ဒီနေ့ဆိုရင် ၄ ရက်ရှိပြီ။ စာရင်းပေးထားတဲ့အိမ်တွေကို ညနေအလုပ်တွေပြီးတဲ့အချိန် ၄ နာရီခွဲလောက်မှာ လူစုပြီးတော့ ဖုန်းနဲ့ဆက်သွယ်ပြီး လိုက်စိုက်ပေးတယ်"ဟု သစ်ပင်အခမဲ့ လိုက်လံစိုက်ပျိုးသူများအဖွဲ့ကို ဦးစီးတည်ထောင်သူတဦးဖြစ်သည့် ကိုသက်နောင်က ပြောသည်။

ယင်းအစီအစဉ်ကို ဧပြီ ၂၇ ရက်က စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ပုသိမ်မြို့တွင်းရှိ သစ်ပင်စိုက်ပျိုးချင်သူများထံသို့ ကံကော်ပင်၊ ခရေပင်၊ ကုက္ကိုပင်၊ တမာပင်၊ ရေတမာပင်နှင့် ကာယကံရှင်များစိုက်ပျိုးချင်သည့်သစ်ပင်များကို အခမဲ့ အိမ်တိုင်ရာရောက် စိုက်ပျိုးပေးခြင်းဖြစ်ကာ ယင်းအလေ့အထများ နိုင်ငံတဝန်းတွင် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းပရဟိတအဖွဲ့အနေနှင့်ငွေကြေးလှူဒါန်းမှုမျိုးကို လက်မခံမည်မဟုတ်ဘဲ၊ ပျိုးပင်များထည့်ဝင်လှူဒါန်းမှုကိုသာ လက်ခံကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့တော့ မဟုတ်ဘူးဗျ။ သူငယ်ချင်းအပေါင်းအသင်းတွေ အကုန်လုံးဝိုင်းလုပ်ကြတာပေါ့။ အခုဆိုရင် နယ်တွေနဲ့ အနီးနားက မြို့တွေကလည်း လှမ်းဆက်သွယ်တယ်ပေါ့နော်။ ကျောင်းကုန်းတို့၊ ငပုတောတို့၊ ကျုံပျော်တို့၊ သာပေါင်းတို့က လှမ်းဆက်သွယ်တယ်။ နယ်တွေကျတော့ ကျွန်တော်တို့က လိုက်စိုက်ပေးဖို့ခက်တယ်။ သွားတော့သွားမယ်။ သွားပြီးရင် စိုက်ပုံစိုက်နည်းပြခဲ့မယ်။ ကျွန်တော်တို့အဖွဲ့ထဲမှာ စိုက်ပျိုးရေးသမားတွေလည်းပါတယ်။ အကုန်လုံးဝိုင်းစိုက်မှလည်း ရာသီဥတုကအေးချမ်းမှာ ရန်ကုန်တို့ ဘာတို့က လှမ်းဆက်သွယ်တယ်။ အဲဒါကျတော့ခက်ခဲတယ်။ သူတို့ကိုတော့ ကျွန်တော်တို့က ပျိုးပင်အခမဲ့ပေးမယ် လာယူပေါ့။ ပုသိမ်နဲ့အနီးတဝိုက်မြို့တွေကိုဆိုရင် တကယ်သစ်ပင်စိုက်ချင်တဲ့လူငယ်တွေလာရင် ကျွန်တော်တို့က သူတို့နေရပ်မှာ အဖွဲ့ဖွဲ့ပေးတယ်။ ပျိုးပင်ကတော့ ကျွန်တော်တို့ အကုန်တာဝန်ယူတယ်။ လိုသလောက်လာယူပေါ့။ စိုက်ပုံစိုက်နည်းတွေကိုပြပေးမယ်။ ကန်ကြီးထောင့်မှာ အခုတဖွဲ့ဖွဲ့ပေးပြီးသွားပြီ၊ တကယ်လို့စိုက်တဲ့အပင်တွေသေရင် ကျွန်တော်တို့ထံ ဖုန်းဆက်အကြောင်းကြား၊ ပြီးရင် အစားပြန်စိုက်တာတွေလုပ်တယ်"ဟု ကိုသက်နောင်က ပြောသည်။



သစ်ပင်စိုက်ပျိုးချင်သူများနှင့် ပျိုးပင်လှူဒါန်းချင်သူများအနေဖြင့် ဖုန်း ၀၉ ၇၈၂၅၇၆၄၂၄ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အခမဲ့စိုက်ပျိုးပေးသည့် သစ်ပင်များ သေဆုံးမှုမရှိစေရန် အလှူခံသူများမှ အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း သိရသည်။

**TCM**

## စာ-၁၁ (သစ်တောကျူးမြေ အမှုတွဲတွေ ပိတ်သိမ်းလိုက်) မှအဆက်

၁၈။ ကုမ္ပဏီများသည် မြေယာကိုသိမ်းဆည်းခဲ့သည်ဆိုသော်လည်း ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိခဲ့ပါ။ မူလလုပ်ကိုင်ခဲ့သည့် တောင်သူများကိုလည်း ပြန်လည်သီးစားချထားခြင်းမရှိပါ။ 'အကျိုးတူ'ဆိုသည့်စကားနှင့် အကာအကွယ်ယူပြီး ယခင်က မြေယာလုပ်ကိုင်စားသောက်ခြင်းမရှိသူများကို သီးစားချထားပါသည်။

၁၉။ ကျွန်တော် ဆင်းရဲပင်ပန်းစွာ ခုတ်ထွင်ရှင်းလင်းစားသောက်ခဲ့သည့်မြေကို ပထမ ကြက်တကောင်ရွာသား မောင် ... ကို သီးစားချထားခဲ့ပါသည်။ ဒုတိယ လှည်းကူးရွာသား မောင် ... ကို လက်ဆင့်ကမ်း သီးစားချထားပါသည်။ တတိယ လှည်းကူးရွာသား မောင် ... ကို ငွေကျပ် ၁၅ သိန်း (ကျပ်တဆယ့်ငါးသိန်းတိတိ)ဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းစားခဲ့ပါသည်။

၂၀။ ထို့ပြင် တောင်သူလုပ်ကိုင်စားသောက်ခြင်းမရှိသည့် အမှုပွဲစား ကြက်တကောင်ရွာသား မောင် ... နှင့်အဖွဲ့ကို မြေဧက ၂၀၀ ခန့် ကုမ္ပဏီက လုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။ မြေသိမ်းယာသိမ်း ပြဿနာ ဒေသခံတောင်သူလယ်သမားများနှင့် ကုမ္ပဏီတို့ အချင်းဖြစ်ပွားရာတွင် ကုမ္ပဏီဘက်မှ ရည်တည်ပေးသောကြောင့်ဟု သိရသည်။ ယနေ့အထိ ထိုသူများလုပ်ကိုင်စားသောက်တာ မတွေ့ရပါ။

၂၁။ နိုင်ငံတော်က နှစ်ရှည်စာချုပ်ဖြင့် အငှားချထားပေးသည့် မြေယာများ အကောင်အထည်မဖော်နိုင်လျှင် ထိုမြေယာများကို ကုမ္ပဏီက နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဟု သိရပါသည်။ မိမိဆန္ဒအရ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သီးစားချထားခြင်း၊ ပေးကမ်းခြင်း တခြားနည်းဖြင့် လွှဲပြောင်းမလုပ်ရဟု ကျွန်တော်များ နားလည်ထားပါသည်။

၂၂။ ကျွန်တော်တို့ မိသားစု အသက်နဲ့ရင်းပြီး ဆင်းရဲပင်ပန်းစွာ ကိုယ်တိုင်ခုတ်ထွင်ရှင်းလင်းလုပ်ကိုင်ခဲ့သည့် မြေယာသည် သစ်တော၊ ကုမ္ပဏီ၊ လူပုဂ္ဂိုလ် ၃ ဦး လက်ပြောင်းလက်လွှဲလုပ်ခဲ့ပါပြီ။ မြေယာ အကျင့်ပျက်ဟုမဆိုနိုင်ဘူးလား။ နိုင်ငံတော်က သိမ်းလို့မရပေဘူးလား။

၂၃။ ယခုအခါ မြေယာဈေးတွေက ခေါင်ခိုက်နေပြီ။ အလွန်ချိုသာသောနှုန်းထားများဖြင့် ကုမ္ပဏီများလုပ်ပိုင်ခွင့်ရသည့် သစ်တောမြေသည် ပြည်ထောင်စုလမ်းမကြီး ဝဲယာမြေ တဧကလျှင် သိန်းရာဂဏန်း၊ လမ်းမကြီးနှင့်ဝေးရာမြေဆိုလျှင် သိန်းဆယ်ဂဏန်း၊ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ဝယ်နိုင်ပါမည်နည်း။ အားလုံးကုမ္ပဏီပိုင်မြေများဖြစ်ကုန်ကြပြီ။ တိုးချဲ့စရာမရှိတော့ပါ။

၂၄။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံသား အမည်ခံတွေပါဗျာ။ နေစရာလည်း မရှိ၊ လုပ်စားမြေလည်း မရှိ၊ ထိုအချိန်မှာ တိုင်းရင်းသား အရင်းရှင်အမည်ခံ ကုမ္ပဏီကြီးများက မြေဧက သိန်းထောင်ချီပြီး ပိုင်ဆိုင်ထားကြပါသည်။

၂၅။ ကျွန်တော်တို့ တောင်သူလယ်သမားဆိုတာ ဝိသမလောဘသမားတွေ မဟုတ်ကြပါဘူးဗျာ။ သဘာဝလောဘသမားတွေပါ။ ဒေသထုံးစံ တတုံးထွန် ၁၀ ဧကလောက်လုပ်ကိုင်စားသောက်ရလျှင် မိသားစု ထမင်းဝပါသည်။ ကျွန်တော်တို့မှာ လယ်လုပ်ကိုင်ရိယာ နွား၊ ထွန်၊ ထယ်၊ မျိုးရှိပြီး ဖြစ်ပါသည်။

၂၆။ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်စဉ် တောင်သူလယ်သမားများထံမှ မြေယာများ သိမ်းဆည်းခဲ့စဉ်က ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးစသည့် မက်လုံးများ ပေးခဲ့ကြပါသည်။ အခုတော့ မှန်းချက်နဲ့ နှမ်းထွက်က တခြားစီပါ။ ကုမ္ပဏီကြီးများအတွက် ဖောက်လုပ်ပေးခဲ့လေသလားဟု သံသယပွားမိပါသည်။ လမ်းမကြီးပေါ်တွင် သစ်မှောင်ခို၊ ကျွဲ၊ နွားမှောင်ခို၊ ဆန်စပါးမှောင်ခို၊ တရားမဝင် မူးယစ်ဆေးဝါးမှောင်ခိုကားများ၊ အဝေးပြေးမှန်လုံလေအိတ်ကားကြီးများ၊ လူစီးကားငယ်များ မီးထိန်ထိန်သာပြီး နေ့ရောညဉ့်ပါ ပြေးလွှားနေကြသော်လည်း တောင်သူလယ်သမားဒေသခံများနှင့် လားလားမျှမဆိုင်။ တဖက်နိုင်ငံနှင့် ကူးသန်းနေကြခြင်းသာ ဖြစ်ပါသည်။ လမ်းအနီးနားကပ်မိလျှင် ကားတိုက်လို့ပင် သေနိုင်သေးသည်။ တရားခံလုံးဝမပေါ်။

၂၇။ ကျွန်တော်တို့ မိသားစုမှာ တောင်သူလယ်သမား အမည်ခံထားသော်လည်း မြေတလက်ဝါးမျှမရှိ။ နေ့စဉ် ထမင်းပုံမှန်စားနိုင်ဖို့ များစွာအခက်အခဲရှိနေပါသည်။ သားသမီးငယ်များ ကျောင်းထုတ်ပြီး မိဘနှင့် ရင်အုပ်မကွာ ကုမ္ပဏီစိုက်ခင်း (ဒေသအခေါ် တရုတ်စိုက်ကွင်း)မှာ နေ့စားလုပ်ကြရသည်။ သားကြီးသမီးကြီးများ အတောင်အလက်စုံလင်တော့ လိုရာကို ပျံသန်းကြသည်။ မှော်ထဲ (ဖားကန့်ကျောက်စိမ်းနယ်မြေ)မှာ ရေမဆေးကျောက် ရှာဖွေကြသည်။ ကချင်ပြည်နယ် တရုတ်တစ်သျှူးငှက်ပျောခင်းမှာ ငှက်ပျောထမ်းအလုပ်သမား၊ သမီးများက နယ်စပ်မှာ ဒုတိယမယားတဲ့။ လူကုန်ကူးခံရပြန်ပါသည်။

၂၈။ သားသမီးများ အချိန်တန်လို့ အိမ်ပြန်ခဲ့ကြတော့ ငှက်ဖျားရောဂါ၊ မူးယစ်ဆေးဝါးဆေးစွဲရောဂါ၊ ကုရာနတ္ထိဆေးမရှိသည့် အေရောဂါ၊ သူတို့ရခဲ့တဲ့ငွေ အသပြာဆေးကုရတာနဲ့ ကုန်ပြီ။ ကျွန်တော်တို့ တောင်သူလယ်သမား မိသားစုများ နေ့ချင်းညချင်း လယ်ကူလီစာရင်းငှားဖြစ်ပြီး ဘဝဆုံးရှုံးခဲ့ကြရတာ အာဏာရှင်စနစ်နဲ့ အပေါင်းပါ ကုမ္ပဏီကြီးများကြောင့်ပါဗျာ။ အချုပ်ခံ ထောင်ကျခံကြရတဲ့ တောင်သူလယ်သမားတွေလည်း များလှပါပြီ။

၂၉။ ယခင်အာဏာရှင်အစိုးရလက်ထက်က ဒီလိုသာတင်ပြခဲ့ရင် ထောင်နန်းစံရမှာ သေချာပါတယ်။ ပြည်သူ့အစိုးရဆိုလို့ ပြည်သူတွေရဲ့ဘဝ ကူနိုင်ကယ်နိုင်မယ်လို့ထင်တဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးများကို အကြိမ်ကြိမ် တင်ပြခဲ့ပါတယ်ဗျာ။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်းထက်ကဲလို့ ဆိုရမလားဘဲ။ "ဒီမြို့နယ်မှာ မြေသိမ်းယာသိမ်းပြဿနာမရှိဘူး"တဲ့။ "ကုမ္ပဏီက စွန့်လွှတ်မှ မင်းတို့တောင်သူလယ်သမားတွေပြန်ရမှာ" တဲ့။ နေပူကလာတဲ့လူကို နေရိပ်ကစောင့်ပြီး ရင်ဝကို ခြေစုံပစ်ကန်လိုက်သလိုပါပဲ။ ပကတိမြေပြင် အခြေအနေနဲ့ ကင်းကွာသွားကြပြီ။ ပြည်သူကို ကျောခိုင်းသွားပြီး ဘယ်သူ့ကို မျက်နှာမူမလဲ။ ကျားသနားမှ နွားချမ်းသာရမတဲ့ဗျာ။ ကျားဟာနွားကို သနားရိုးထုံးစံမရှိပါဘူး။

၃၀။ ပြည်သူ့ကိုယ်စားလှယ်ကြီးများက ထွက်ပေါက်ပေးလိုက်တော့ ဌာနဆိုင်ရာအကြီးအကဲများ လက် ဝကွက်အပ်လိုက်သလိုပါပဲ။ သပိတ်ဝင် အိတ်ဝင်ဖြစ်သွားပါပြီ။ အကြောင်းမူ တောင်သူလယ်သမားများထံမှ ကုမ္ပဏီများအတွက် ဦးဆောင်ပြီး မြေယာသိမ်းပေးခဲ့တာ သူတို့ပါပဲ။ အခုလည်း သိမ်းဆည်းခံမြေယာပြဿနာ ဖြေရှင်းပေးရာမှာ သူတို့က တရားသူကြီး ကုမ္ပဏီနဲ့ ဆင်းရဲသား တောင်သူလယ်သမား ဘယ်သူက ငွေများသလဲ၊ ငွေများ တရားနိုင်ဆိုပါသည်။

၃၁။ ၆-၂-၂၀၁၉ ရက်စွဲနဲ့ ကျွန်တော် တင်ပြသည့် မြေသိမ်းယာသိမ်း ပြဿနာဆိုင်ရာက ပယ်ချလိုက်ကြောင်း တရားဝင်အကြောင်းကြားစာ လက်ခံရရှိပါသည်။ ကျွန်တော့် ဘဝက သေမထူး နေမထူးပါဗျာ။ ဆက်လက်ကြိုးစားနေရမှာပါ။ အမှုစရိတ် အိမ်မွေးနွားကလေး၊ ဝက်ကလေး၊ ကြက်ကလေးများလည်း ကုန်ပါပြီ။ ကျွန်တော်တို့ တောင်သူလယ်သမားဘဝ ပြန်လည်တမ်းတနေကြဆဲပါ။

ဒေသခံ တောင်သူလယ်သမားများကိုယ်စား
ဦးဆောင်တိုင်ကြားသူ

(မောင်သိန်းအောင်)

၅/ထခန(နိုင်) ၀၀၁၂၆၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀-၂-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၀၇(၁)/၈/ သမ္မတအရ ပြည်သူ့လွှတ်တော်နာယကသို့ပေးပို့စာတွင် "လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် ဆောလျင်စွာရှင်းလင်းဆောင်ရွက်ပေးရန်"ဟု ပါရှိပါသည်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၁-၂၀၁၅) ရက်စွဲပါ စာအမှတ် ၁၂/ လယ-၁၆/၀၀၂/ (၂၀၁၅) ရည်ညွှန်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတက "တောင်သူလယ်သမားများ အမှန်တကယ် စိုက်ပျိုးနေသည့် စာရင်းအရ သစ်တောမြေ၊ စားကျက်မြေများဖြစ်သည့်အတွက် နစ်နာဆုံးရှုံးမှုများ ရှိနေသည့်အပေါ်တွင် အမှန်တကယ် စိုက်ပျိုးထားရှိသည့် စိုက်ပျိုးမြေများကို တောင်သူလယ်သမား အမြန်တရားဝင်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေးလုပ်ငန်းကို အဓိက အရေးကြီးလုပ်ငန်း တာဝန်တရပ် အနေဖြင့် အောက်ခြေတွင် ပြီးပြတ်သည်အထိ မျက်ခြည်မပြတ် ဆောင်ရွက်ကြရန်"လမ်းညွှန်ခဲ့ပါသည်။

ထို့ပြင် သစ်တောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေရိုင်းတို့တွင် တောင်သူလယ်သမားများ အမှန်စိုက်ပျိုးထားသော မြေကွက်များကို တရားဝင်စိုက်ပျိုးမြေများအဖြစ် ခိုင်ခိုင်မာမာ အတည်ပြုသတ်မှတ်ပေးနိုင်ရေးအတွက် "တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ထုတ်ပေးခြင်းလုပ်ငန်းအား ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက် မတိုင်မီ ပြီးစီးအောင် အရေးကြီးလုပ်ငန်းအနေဖြင့် "အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားကြပါရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားထားပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၄-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ် ၀၃၊ ပသ၊ (ကမက-စိုက်-မွေးကျေး) ၁၁/၂၀၁၇- ၂၂၀ အရ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ပြည်သူ့လွှတ်တော်၏ တင်ပြစာ လွှဲပြောင်းပေးပို့ခြင်းတွင် -

(က) ရည်ညွှန်းပါအရ သတ်မှတ်ကာလအတွင်း စီမံကိန်းမဖော်နိုင်သော ... ကုမ္ပဏီပိုင်မြေများကို ပြန်လည်သိမ်းယူ၍ ဒေသခံပြည်သူများသို့ ဆောင်ရွက်ခွင့်ပြုပါရန်နှင့် စပ်လျဉ်း၍ မိမိတို့ ကော်မတီသို့ တင်ပြလာပါသည်။

(ခ)သို့ဖြစ်ပါ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်နေသောကြောင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် လွှဲပြောင်းပေးပို့အပ်ပါသည်။

ဗဟိုလမ်းညွှန်မှုများအတိုင်း အောက်ခြေမှာ အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်နေပါသည်။

"သစ်တောကျူးမြေ၊ အမှုတွဲတွေ ပိတ်သိမ်းလိုက်"ဟူ၍ ဖြစ်သည်။

***မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)***

www.free4readers.com

# ဒဂုန်တာရာကဗျာရင်ပြင်ပေါ်က နှစ် ၁၀၀ ပြည့်မွေးနေ့ ငြိမ်းချမ်းရေးကဗျာရွတ်ပွဲတော်

မောင်နွေထက်

- ၁ -

ခေမာရဋ္ဌသာမိုင်းခမ်း နွေဦးမှာ အောင်ပန်းမြို့ ရင်ခွင်ကလေးထဲ ကျွန်တော်ရောက်နေပါပြီ။ အေဒီ ၂၀၁၉ ဧပြီ ၂၇ ရက်၊ စနေနေ့ပေါ့။ သာမိုင်းခမ်း အောင်ပန်းရဲ့ လေနုအေးက တောစိမ်းတောင်စိမ်းမို့ အေးမြနေလိုက်တာ မန္တလေးရဲ့ နွေရက်တွေက ပူလောင်လွန်းပါဘိ။ နွေရက်မှာ တောတောင်တွေနဲ့ ပွေ့ဖက်ပြီး အောင်ပန်းမြို့ကလေးဆီ ရောက်ခဲ့ရပြန်ပါပြီ။

၁၉၄၆ ဒီဇင်ဘာလက စတင်ထုတ်ဝေပြီး ၁၉၅၀ မေလထိ ထုတ်ဝေခဲ့တဲ့ တာရာမဂ္ဂဇင်း ၂၈ အုပ်ရဲ့ ရောင်စုံမျက်နှာဖုံးတွေနဲ့ မာတိကာရယ်၊ မန္တလေးက ပန်းချီဆရာလွင်သိန်း ဖန်တီးရေးဆွဲပေးထားတဲ့ ဆရာဒဂုန်တာရာလက်အစုံက ချီးဖြူလွှတ်နေတဲ့ ပုံကလေးနဲ့အတူ

ငြိမ်းချမ်းရေးမဟာကဗျာဆရာကြီး ဒဂုန်တာရာ

နှစ် ၁၀၀ ပြည့်မွေးနေ့ပွဲတော်

၁၀-မေ-၁၉၁၉၊ ၁၀-မေ-၂၀၁၉

ဒဂုန်တာရာငြိမ်းချမ်းရေးဗိမာန်

ဒဂုန်တာရာကဗျာရင်ပြင်

မယ်ခိုတောင် ခေမာရဋ္ဌသာမိုင်းခမ်း အောင်ပန်း

၁၀-မေ-၂၀၁၉ သောကြာ

၁၁-မေ-၂၀၁၉ စနေ

စာသားတွေ ရိုက်နှိပ်ထားတဲ့ ဗီနိုင်းတွေနဲ့အတူ မဟာကဗျာဆရာကြီးကို ပူဇော်ကြပါတော့မယ်။ ဆရာ ဒဂုန်တာရာရဲ့ ဒဂုန်တာရာ ဒဿနပညာစာတမ်းရယ်၊ နိုင်ငံအရပ်ရပ်က ပေးပို့လာကြတဲ့

ဒဂုန်တာရာ

နှစ် ၁၀၀

ရာပြည့်ဂါရဝကဗျာစု

အတွက် နိုင်ငံအနှံ့က ပေးပို့ကြတဲ့ ကဗျာဆရာတွေ၊ ကဗျာဆရာမတွေရဲ့ ကဗျာတွေကိုလည်း ကျွန်တော် သယ်ဆောင်လာပါပြီ။

ငြိမ်းချမ်းရေး မဟာကဗျာဆရာကြီး ဒဂုန်တာရာ သက်ရှိထင်ရှားရှိစဉ်က ထုပေးထားတဲ့ ပန်းပုဆရာ ဆူးမြင့်သိန်းနဲ့ ပန်းပုဆရာအောင်ကျော်တို့ရဲ့ ပန်းပုတွေကို ရင်ခုန်ခံစားရင်း မဟာကဗျာဆရာကြီး ဒဂုန်တာရာ ခေါင်းချသွားရာ ငြိမ်းချမ်းရေးကဗျာအိမ်ကလေးထဲကနေ မဟာကဗျာဆရာကြီးဒဂုန်တာရာကိုယ်တိုင် ရေးသားသွားတဲ့ ရုပ်တုအကြောင်း ရုပ်ပုံလွှာစာတွေကို ကျွန်တော် သတိတရရှိနေပါတော့တယ်။

- ၂ -

'တခါက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရုပ်တုနှင့်ပတ်သက်၍ ဖဆပလအဖွဲ့ချုပ်သို့ ချဉ်းကပ်ဖူးသည်။ ဆရာကြီး၏ကြေးရုပ်မှာ သောင်းနှင့်ချီ ကုန်ကျသည့် သဘောရှိရာ ဖဆပလအဖွဲ့ချုပ်အနေဖြင့် မတည်ပေးဖို့ ပြောကြားရန် ထိုအခါက ဒုတိယဥက္ကဋ္ဌ ဦးဗဆွေထံသို့ ပန်းပုဆရာ ဦးလွင်နှင့် စာရေးသူတို့ သွားကြသည်။

"ဦးဗဆွေကို ပြည်ထောင်စုကလပ်၌ အဆင်သင့် သွားတွေ့ရလေသည်။ သူက ကဏန်းကြာဆံကြော်ဖြင့် ဧည့်ခံရင်း စကားပြောလေသည်"

"မင်းတို့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဆီ စာပို့ထားသေးလား"

"ပို့ထားတယ်။ တရားဝင်စာပို့ထားသေးတယ်။ ခုလာတာက ကျွန်တော်တို့က ခင်ဗျားဆီ လူကိုယ်တိုင် လာပြောတဲ့ သဘောပဲ။ ဘယ့်နှယ်လဲ မကောင်းဘူးလား"

"ဆရာကြီးနဲ့ပတ်သက်ပြီး ပြောစရာမရှိပါဘူး။ တို့လည်း ကြည်ညိုပါတယ်။ ဒါပေမဲ့ ကိုယ့်သဘော ပြောတာနော်။ အဖွဲ့ချုပ် သဘောမဟုတ်ဘူး။ ကိုယ့်သဘောဆိုရင် မသေခင် ကြေးရုပ်ထုတာတို့၊ ကျောက်ရုပ်ထုတာတို့ သိပ်မကြိုက်ဘူးကွာ။ လူဆိုတာ သေပြီးမှ အကဲဖြတ်နိုင်တာ"

"ဆရာကြီးကတော့ အသက် ၈၀ ရှိပါပြီဗျာ။ အကဲဖြတ်နိုင်ပါတယ်၊ ဒါကတော့"

"ဟေ့ တာရာ ဒီမှာ အသက် ၈၀ ကျော်ကော မဖောက်ပြန်ဘူး ပြောနိုင်သလား။ သဘောတရားကို ပြောတာပါ။ ဆရာကြီးကိုပြောတာ မဟုတ်ပါဘူး။ နောက်ပြီး ကိုယ်တို့ မြန်မာ့ရိုးရာကလည်း မသေခင် ပုံတူတွေ ဘာတွေလုပ်တာ သိပ်လက်မခံဘူး ထင်တယ်ကွ။ ဒို့အဘိုးဆိုရင် ဓာတ်ပုံတောင် မရှိဘူး။ ထားလည်း မထားဘူး။ ဓာတ်ပုံရိုက်တာလည်း မကြိုက်ဘူး။ မသေခင် မလုပ်ရဘူးလို့ အယူလို့ရှိတယ် ထင်တယ်ကွ။ ဒီကိစ္စကတော့ အဖွဲ့ချုပ်အနေနဲ့ စဉ်းစားပါလိမ့်မယ်။ ဆုံးဖြတ်ပြီးရင် သိရမှာပါ။

"ဤနေရာ၌ ကျွန်တော်သည် ဖဆပလ ဒုတိယဥက္ကဋ္ဌ ဦးဗဆွေနှင့် ဆွေးနွေးပုံကို တင်ပြလိုခြင်း မဟုတ်ပေ"

"ဦးဗဆွေ စကားများအနက် မသေမီ လူပုဂ္ဂိုလ်တယောက်အား အကဲဖြတ်ခြင်း၏ ပြဿနာ သဘောတရားကိုကား လေးလေးနက်နက် စဉ်းစားလာမိပေသည်။ သူပြောလိုက်သော စကားတပိုဒ်ကြောင့် ရုပ်ပုံလွှာရေးသူအား သတိပေးလိုက်သကဲ့သို့ ခံစားမိလေသည်"

"ပန်းပုဆရာ ဦးလွင်သည် ရွှံ့စေးပလာစတာ စသည်ဖြင့် ရုပ်ပုံကို ထုခြင်းဖြစ်သည်။ စာရေးသူက စကားလုံးဖြင့် ရုပ်ပုံလွှာကို စီကုံးသည်"

ဒီစာဟာ ၁၉၅၅ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့တဲ့ ရုပ်ပုံလွှာစာအုပ်အမှာစာထဲက ဆရာဒဂုန်တာရာ့ စာဖြစ်ပါတယ်။

၁၉၇၉ ခုနှစ် ဇက်တင်ဘာလက ထုတ်ဝေခဲ့တဲ့ မိုးဝေစာပေမဂ္ဂဇင်းထဲက 'လူ့ဘဝရုပ်တုဆရာ' ကဗျာခံစားခြင်း ဆောင်းပါးထဲမှာ

"၁၉၅၈ ပတ်ဝန်းကျင်လောက်က ကျွန်တော်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကြေးရုပ်ကော်မတီ၌ ပါခဲ့သည်။ ဆရာကြီးပုံကို ရုပ်တုထုကာ ကိုယ်တိုင်ကြည့်မိသည်။ ပန်းပုဆရာဦးလွင်၊ ဆရာကြီးပုံကို ဓာတ်ပုံများနှင့် ရှေ့နောက်ဝဲယာ အများကြီး ရိုက်ကူးသည်။ ဆရာကြီးကိုလည်း လူကိုယ်တိုင်ကြည့်ရသည်။ ပန်းပုဆရာပုံဖော်နေသည်ကို လေ့လာမိသည်။ ကျွန်တော်ကိုယ်တိုင် ရွှံ့ဖြူများဖြင့် စမ်းလုပ်ကြည့်ဖူးသည်။ ရုပ်တုအလုပ်က အသေးစိတ်လုပ်ရတာပါကလား"



ကဗျာဆရာ မောင်နွေထက်နှင့် ဦးခင်မောင်အေး(အောင်ပန်း)တို့၏ ဒဂုံတာရာကဗျာရင်ပြင်ရောက် အမှတ်တရ။

ဩော် အခုတော့ မဟာ့မဟာထိပ်ခေါင် မဟာကဗျာဆရာကြီး သခင်ကိုယ်တော်မှိုင်းလည်းမရှိတော့၊ ဆရာဒဂုန်တာရာပင် ကွယ်လွန်ခဲ့ရှာပါပြီ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကြေးရုပ်ကား ဒီနေ့တိုင် တူတူတန်တန် မရှိသေးပေ။ ဝမ်းနည်းဖွယ်ရာပင် ကမ္ဘာတွင် ရှိတ်စပီးယား၊ လူရွှန်း၊ မာယာကော့ဖ်စကီး၊ ပုသျှကင်တို့၏ ကိုယ်လုံးပေါ်ရုပ်တုများ ထင်ရှားရှိသော်လည်း ဗမာနိုင်ငံတွင် မဟာကဗျာဆရာကြီး သခင်ကိုယ်တော်မှိုင်းရုပ်တု တူတူတန်တန် မရှိသေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်။ ဆရာဒဂုန်တာရာ ဆုံးပါးသွားသော်လည်း အကောင်အထည်မပေါ်ခဲ့။

ကျွန်တော်ကတော့ ဆရာဒဂုန်တာရာက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရုပ်တု ထုသွန်းချင်သလို ဆရာဒဂုန်တာရာရုပ်တုကို ကျွန်တော် ဆရာသက်ရှိ ထင်ရှားရှိစဉ်က ပူဇော်ခဲ့ရပါတယ်။

မန္တလေးက ပန်းပုဆရာ ဆူးမြင့်သိန်းက ကျွန်တော်ပူဆာပြီး အပူကပ်လို့ ၂၀၀၉ ခုနှစ်က ၂ ပေခွဲ ပတ်လည်ရှိ မဟာဒဂုန်တာရာရုပ်တုကြီးကို ထုပေးခဲ့ပါတယ်။ မန္တလေးမှ အောင်ပန်းသယ်ဆောင်ပြီး ဆရာ့မွေးနေ့မှာ ရုပ်တုနဲ့ ကျွန်တော် ပူဇော်ခဲ့ပါတယ်။ ဆရာက ပြုံးလို့။

ဒါပေမဲ့ မွေးနေ့ပွဲကျင်းပတော့ ဆရာဟာ သူ့ရုပ်တုထားရာ အခမ်းအနားမှာ လုံးဝမလာပါ။ ရုပ်တု ဘေးလာမထိုင်ပါ။ အတ္တကို မထုဆစ်ဘဲ ကိုယ်ထင်ပေါ်ကျော်ကြားမှုကို ရှေ့တန်းမတင်တဲ့ ဆရာ့စိတ်ဓာတ်က လေးစားစရာပါကလား။

မွေးနေ့ပွဲ အခမ်းအနားပြီးတော့ နောက်နေ့ ကျွန်တော်နဲ့ ကျွန်တော့်တူလေး စောစစ်နိုင်ကိုတို့ ဆရာ့ကို ကန်တော့ကြတယ်။ ဆရာက ဆုတွေပေးလို့။ ပြီးတော့ ဆရာက

"ကိုနွေထက်ရေ နောက်နေ့ကျ 'မြင့်စိန်' ခေါ်ပြီး အပေါ်တက်မယ်။ ခင်ဗျား မန္တလေးက ယူလာတဲ့ ကျွန်တော့်ရုပ်တုကို ပွတ်သပ်ကြည့်ပါဦးမယ်ဗျာ"

ဩော် ကျွန်တော့်စိတ်ထဲ မကောင်းတော့ မျက်စိအာရုံ လုံးဝမကောင်းရှာတဲ့ဆရာ၊ အမြင်အာရုံချို့တဲ့လို့ လက်ကလေးနဲ့ စမ်းသပ်ကြည့်ဦးမတဲ့လေ။ ဩော် လွမ်းလိုက်တာ ဆရာရယ်။

လွမ်းတယ် ဆရာရယ်။

- ၃ -

ဟော ခုတော့ အေဒီ ၂၀၁၉ မေ ၁၀ ရက် သောကြာနေ့မှာ ကျွန်တော်တို့ ချစ်တဲ့ မဟာကဗျာ ဆရာကြီး ဒဂုန်တာရာ မွေးနေ့ အနှစ် ၁၀၀ ပြည့်ပါပြီ။

ဒီမှာ ကျွန်တော့် သူငယ်ချင်း ပန်းပုဆရာ ဦးအောင်ကျော်ကို အပူကပ် ပူဆာပြီး ဆရာဒဂုန်တာ ရာရုပ်တု ထုဆစ်ဖန်တီးပေးဖို့ အကူအညီတောင်းတော့ သူက လိုလိုချင်ချင် ထုပေးပါမယ်။ သူငယ်ချင်းရာ ကိုယ်ကတိပေးပါတယ်။ ကိုယ်က ကတိပေးပြီးရင် ပေးတဲ့အတိုင်း လုပ်ပေးမှာ စိတ်ချနော်။ သူငယ်ချင်း ဘာမှကို စိတ်မပူနဲ့'ဆိုပြီး အားရပါးရ ဝမ်းသာအားရ ပြောရှာပါတော့တယ်။ နှစ် ၁၀၀ ပြည့် ဆရာ့မွေးနေ့ပွဲမှာ ရုပ်တုနဲ့ ပူဇော်ရမှာမို့ ကျွန်တော် ပျော်လိုက်တာ။

ကျွန်တော်ဟာ မန္တလေးရဲ့ မနက်ခင်း ၅ နာရီ မှာ ကျုံးနံဘေးထိ လမ်းလျှောက် တောင်ဘက်ကျုံး ရှေ့ထိပ်က မြေနုစ်ကောင်တောင်တန်း မန္တလေးတောင်ကြီးကိုကြည့်ပြီး သူငယ်ချင်းပန်းပုဆရာ ကိုအောင်ကျော်ရှိရာ မန္တလေးတောင်ခြေက သူ့အနုပညာအိမ်ကလေးဆီ ခရီးချီခဲ့ပါပြီ။

သူငယ်ချင်းပန်းပုဆရာနဲ့ လက်ဖက်ရည်မသောက်ခင် ပန်းပုဆရာ ဦးအောင်ကျော်က သူငယ်ချင်းလာတာ အတော်ပဲ ဒီမယ်ကြည့် ကိုယ်ပုံကြမ်းတွေရပြီ။ ၄ ပုံရှိတယ်။ ဒီနောက်ဆုံးပုံကို အကြိုက်ဆုံးပဲ။ ခဏစောင့် ကိုယ်မိုပွားပေးမယ်ဆိုပြီး ၈ လက်မခန့်ရှိ တဲ့ ဒဂုန်တာရာ ရုပ်ပုံလွှာပုံတူသစ်ကို စိတ်ရှည်လက်ရှည်နဲ့ ထုဆစ်မိုပွားပေးပါတော့တယ်။ ဆရာ့ရုပ်တုကြည့်ပြီး ဆရာဒဂုန်တာရာကိုသာ လွမ်းလိုက်တာ။

သူငယ်ချင်းပန်းပုဆရာ ကိုအောင်ကျော် ဒဂုန်တာရာပန်းပုတွေ ထုမယ်ဆိုတော့ ကျွန်တော် ဓာတ်ပုံတွေယူသွားတော့ ပန်းပုဆရာက ဆရာဒဂုန်တာရာရဲ့ မျက်မှန်မပါတဲ့ပုံကို ရွေးပါတယ်။ "ကဗျာဆရာရ မျက်မှန်မပါတဲ့ပုံက ဆရာကြီးမျက်နှာကို အသေးစိတ်ဖတ်လို့ရတာဗျ။ ဒါမှ ဖန်တီးလို့ကောင်းတာ။ မျက်မှန်နဲ့ကျ ကျွန်တော် ဖန်တီးရမှာ သိပ်ခံတွင်းမတွေ့ဘူး။ မျက်မှန်မပါတဲ့ ဓာတ်ပုံသာ ထားခဲ့ပါ"ဆိုတဲ့ သူငယ်ချင်း ပန်းပုဆရာရဲ့စကားကို ကြားယောင်ရင်း ဝမ်းသာလိုက်တာ။

ဩော် အခုတော့ ပန်းပုစကက်ပုံကြမ်း သုံးခုထဲက ဆရာအောင်ကျော်က တခုကို ရွေးထုတ်ပြီး နှစ် ၁၀၀ ပြည့် မွေးနေ့အတွက် ၃ ပေခန့်ရှိတဲ့ ရုပ်တုကြီးကို ကာလာစီမင့်နည်းစနစ်နဲ့ ထုလုပ်ပြီးစီးသွားပြီ ဖြစ်ပါတယ်။

ဒဂုန်တာရာငြိမ်းချမ်းရေး ဗိမာန်ရှေ့က

'ဒဂုန်တာရာ ကဗျာရင်ပြင်'

မှာ ငြိမ်းချမ်းရေး မဟာကဗျာဆရာကြီး ဒဂုန်တာရာရဲ့ ရုပ်ပုံလွှာရုပ်တုသစ်က ကျက်သရေ မင်္ဂလာကြီးမားစွာ ပေါ်ထွန်းလာပါပကော။

ဒဂုန်တာရာ ကဗျာရင်ပြင်နဲ့ ဒဂုန်တာရာငြိမ်းချမ်းရေးဗိမာန်ရင်ခွင်ထဲမှာ ဒဂုန်တာရာ အရိုးပြာထည့်ဖို့ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးကြတယ်။

ငြိမ်းချမ်းရေး မဟာကဗျာဆရာကြီး ဒဂုန်တာရာ ခေါင်းချသွားရာ ခေမာရဋ္ဌ သာမိုင်းခမ်း အောင်ပန်းက ငြိမ်းချမ်းရေး ကဗျာအိမ်ကလေးထဲမှာ ဆရာကြီးတူမ (ဆရာဦးမြင့်သန်း၏ဇနီး) ဒေါ်မြင့်မြင့်စိန် (သင်းမြစန္ဒီ)၊ ဗိုလ်ဇေယျ၊ ဒေါ်ခင်တင့်တို့ သမီးထွေး ဒေါ်ရိုးရိုး၊ အဝကျွန်း ဦးချစ်မောင်၊ မသန္တာနေဝင်းက ဖုန်းနဲ့ တွေးနေကြပါတယ်။ ဆရာ့အရိုးပြာကို ငြိမ်းချမ်းရေး ဗိမာန်ရင်ခွင်ထဲ အရောက်ပို့ဆောင်ကြပါတော့မယ်။

ကျွန်တော် အောင်ပန်းကို ၂၇-၄-၂၀၁၉ စနေနေ့ထဲက ရောက်နေပါပြီ။ နောက်နေ့ကျ ကလောသား နိုင်မွန်အောင်သွင်နဲ့တွေ့ နှစ် ၁၀၀ မွေးနေ့ မဟာဒဂုန်တာရာအခမ်းအနားမှာ ကဗျာရွတ်ရင်း တယောထိုးပေးဖို့ကြိုးပမ်းနေရှာတဲ့ နာမည်ကျော် တယောဆရာကြီး ဦးတင်ရီကို သွားတွေ့ကြတယ်။ ကလောဆေးရုံကဆင်းလာတာ သိပ်မကြာသေးဘူးတဲ့။ ဆီးချိုတွေ မတရားတက်လို့တဲ့။ အဆုတ်မှာ စပေါ့ပြောက်သေးသေးလေးတခု တွေ့သတဲ့။

စာ (၃၁) သို့

www.free4readers.com



www.free4readers.com



# သဘာဝဘေး ခံနိုင်ရည်အတွက် စိုးရိမ်ဖွယ်ရာ

## နာဂစ်သဘာဝဘေးဒဏ်သင့် ရွာပေါင်း ၄၀ အနက် ရွာ ၆ ရွာတွင်သာ အပြည့်အဝ ပြန်လည်ထူထောင်ထားနိုင်

နာဂစ်ဒဏ်သင့်ခံရသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာ ၄၀ အနက် ရွာပေါင်း ၆ ရွာတွင်သာ ပြန်လည်ထူထောင်ရေးအပြည့်အဝလုပ်ထားနိုင်ပြီး ကျန်ကျေးရွာများတွင် ကြီးမားသည့်သဘာဝဘေး နောက်တကြိမ်ဖြစ်ပေါ်လာပါက ခံနိုင်ရည်အားရှိမည်မဟုတ်ကြောင်း ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ နာဂစ်အလွန် ဆယ်နှစ်ကျော်ကာလ လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု သုတေသနအစီရင်ခံစာအရ သိရသည်။

"အကယ်၍များ နောက်တခေါက်သာ နာဂစ်လိုမျိုး သဘာဝဘေးအန္တရာယ်ဆိုးဆိုးကြီးသာ နောက်တခေါက်ဖြစ်လာခဲ့ဦးမယ်ဆိုရင် ရွာတော်တော်များများက ဒီလိုဒဏ်ကိုခံနိုင်ဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုတာကို Research တွေအရ သိရတယ်" ဟု မေ ၂ ရက်က ရန်ကုန်မြို့ Sule Square တွင် နာဂစ်အလွန် ဆယ်နှစ်ကျော်ကာလ လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု သုတေသနအစီရင်ခံစာဖတ်ကြားပွဲတွင် EMReF ၏ Senior Researcher ဒေါ်မင်းမင်းဟန်က ပြောသည်။

လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှုစစ်တမ်း(SIM) ပြုစုရာတွင် ဘတ်ဂျက်အင်အား၊ လူအင်အားအရ နာဂစ်ဒဏ်ခံခဲ့ရသည့် လပွတ္တာ၊ ဘိုကလေး၊ ဒေးဒရဲ၊ ဖျာပုံ၊ ကွမ်းခြံကုန်း စသည့်မြို့နယ်များ ပါဝင်သည့် မြို့နယ် ၇ ခုအတွင်းရှိ ရွာများအနက်မှ ထိခိုက်ခံရမှုအများဆုံး၊ အနည်းဆုံး၊ အနည်းငယ်ထိခိုက်မှုရှိသည့် ရွာများ၊ လမ်းပန်းဆက်သွယ်ရေး၊ လူအသေအပျောက် အနည်းအများ အချက်များအပေါ်မူတည်၍ ကျေးရွာပေါင်း ၄၀ ကို ရွေးချယ်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရွာ ၄၀ မှာ ၆ ရွာလောက်ပဲ ကောင်းကောင်းကြီး နဂိုအခြေအနေထက်ကို ပိုကောင်းနေတာ။ စီးပွားရေးအခွင့်အလမ်းတွေ ပိုပြီးတော့ကောင်းနေတာ။ သဘောက စီးပွားရေးအခွင့် အလမ်းတွေရော၊ နက်ဝပ်တွေရော ပိုကောင်းနေတာတွေ့ရတယ်"ဟု ဒေါ်မင်းမင်းဟန်က ပြောသည်။

ထို့အပြင် လေ့လာဆန်းစစ်မှုစစ်တမ်းအရ ရွာပေါင်း ၄၀ ၌ ၁၀ ရွာလျှင် ၆ ရွာမှာပြန်လည်ထူထောင်နိုင်ပြီဖြစ်ကြောင်း။ ထိုသို့ ပြန်လည်ထူထောင်လာခြင်းမှာ အဆိုပါကျေးရွာများတွင် ရွှေ့ပြောင်းလုပ်သားများပြားလာခြင်းအချက်သည်လည်း အထောက်အကူတခုဖြစ်ကြောင်း ၎င်းက ပြောသည်။ သို့သော်လည်း ရွာ ၁၀ ရွာတွင် ရွာ ၆ ရွာမှာ ခံနိုင်ရည်စွမ်းအားမရှိသေးကြောင်း ၎င်းက ဆက်ပြောသည်။

"၁၀ ရွာမှာ ၆ ရွာလောက်ပဲ ပြန်လည်ထူထောင်နိုင်တယ်ဆိုတာက အရင်လို စားဖို့သောက်ဖို့ပြန်ရပြီ။ အရင်လို အိမ်လေးနဲ့နေရပြီ။ အရင်လို အလုပ်တွေရပြီလို့ပြောတယ်။ နောက်ပြီးတော့ ၁၀ ရွာမှာ ၆ ရွာလောက်က ခံနိုင်ရည်အားမရှိသေးတာက သူတို့က သဘာဝဘေးအန္တရာယ်တခုပဲဖြစ်လာ၊ ဖြစ်လာ ချက်ချင်းပြေးစရာ၊ ခိုစရာနေရာမရှိဘူး။ ဆိုင်ကလုံး Shelter ရွာတိုင်းမှာ မရှိဘူး။ နောက်တခုက ကုန်းလမ်းမပေါက်ဘူး။ ရေလမ်းပဲ။ ရေကြီးနေတဲ့အချိန်မှာ ဘယ်လိုပြေးမလဲ။ အဲဒါမျိုး ကုန်လမ်းမပေါက်တဲ့ ရွာတွေ အများကြီးရှိတယ်။ နောက်ပြီးတော့ တချို့က ရွာတရွာမှာ Boat ကြီးကြီးတွေရှိတယ်။ အဲဒီဟာက တရွာတရွာမှာ လူတိုင်းလူတိုင်းမှာ ရှိနေကြတာမဟုတ်ဘူး။ သူဌေးအိမ်တွေမှာပဲရှိတယ်။ အဲဒီသူဌေးအိမ်က Boat ကပ်ပြီး ပြေးရမှာဖြစ်လို့ အကယ်၍သာ နောက်တခေါက်သာ ဒီလိုမျိုး သဘာဝဘေးဖြစ်လာမယ်ဆိုရင် လှေကြီးကြီးမရှိဘူး။လမ်းကောင်းကောင်းပြေးဖို့မရှိဘူး။ ဆိုင်ကလုံး Shelter မရှိဘူးဆိုရင် အခြေအနေက အခုအချိန်ထိ မကောင်းသေးဘူးလို့ပြောတာ"ဟု ဒေါ်မင်းမင်းဟန်က ပြောသည်။

EMReF သည် ယင်းအစီရင်ခံစာကို ကမ္ဘာ့ဘဏ်နှင့် တကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေး ပံ့ပိုးကူညီမှုအဖွဲ့အစည်း (GFDRR) တို့၏ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း နာဂစ် ၆ လပြည့်၊ ၂ နှစ်ပြည့် ၃ နှစ်ပြည့်၊ ၅ နှစ်ပြည့်၊ ၁၀ နှစ်ပြည့်ဟူ၍ ၅ ကြိမ်တိုင်တိုင် အစီရင်ခံစာထုတ်ဝေခဲ့ကြောင်း သိရသည်။ ယခုထုတ်ပြန်သည့် ၅ ကြိမ်မြောက် အစီရင်ခံစာသည် ရွာသူရွာသားများ၏ ၂၀၁၇ ခုနှစ်အတွင်းရှိ စီးပွားရေးနှင့် လူမှုဘဝများကို ထင်ဟပ်ပြသထားပြီး နာဂစ်ပြီးနောက် ၉ နှစ်ကျော်ကာလများအတွင်း ပြောင်းလဲဖြစ်ပေါ်ခဲ့မှုများကို လေ့လာဆန်းစစ်ထားကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံ၏ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတလျှောက် တိုက်ခတ်ခဲ့သည့်အတွက် မုန်တိုင်းပြီးဆုံးချိန်တွင် လူပေါင်း ၁၄၀၀၀၀ ကျော်သေဆုံးခဲ့ပြီး မိသားစုများပြိုကွဲခြင်း၊ အိမ်ရာမဲ့နှင့် အသက်မွေးဝမ်းကျောင်းမှုများ အစိတ်စိတ်အမြွှာမြွှာ ပြိုလဲခဲ့ရပြီး ယခု ၂၀၁၉ ခုနှစ် မေလ ၂ ရက်နေ့တွင် နာဂစ်သဘာဝဘေးဖြစ်ပေါ်ခဲ့မှု ၁၁ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

***လင်းလင်းအောင်***

# ၂၀၁၉ ခုနှစ်အတွင်း အဂတိလိုက်စားမှု သိသိသာသာ လျော့ကျအောင် လုပ်ဆောင်မည် သို့သော် နောက်ကြောင်းပြန်အရေးယူ၍မရ

စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြောင့် အဂတိလိုက်စားမှုကော်မရှင်သည် လုပ်ပိုင်ခွင့်များ ပြည့်ပြည့်ဝဝရရှိလာသည့်အတွက် ၂၀၁၉ ခုနှစ်အတွင်း အဂတိလိုက်စားမှုများကို သိသိသာသာ လျော့ကျသွားအောင် လုပ်ဆောင်သွားမည်ဖြစ်သည်။ သို့သော် နောက်ကြောင်းပြန်အရေးယူရန် မရသူများကို ပြည်သူများက တိုင်ကြားလျှင်လည်း အရေးယူ၍မရကြောင်း သိရသည်။

"ဥပဒေက ခွင့်မပြုတော့ ယူလို့မရဘူးလေ။ ဥပဒေက တားမြစ်ထားတာဆိုရင် လုပ်လို့မရဘူး။ နောက်ကြောင်းပြန်ပြီး အရေးယူလို့မရဘူး။ နောက်ကြောင်းပြန် အရေးယူလို့မရတဲ့သူတွေကို ပြည်သူလူထုက တိုင်ကြားရင်တောင် ဘယ်လိုမှအရေးယူလို့ မရဘူးလေ။ (အဂတိလိုက်စားမှုကို) သိသိသာသာလျော့ကျအောင်လုပ်ဖို့ကတော့ တည်ဆဲဥပဒေအပေါ်မှာ ဖျောက်ဖျက်တဲ့လူတွေကို သတင်းပေးမယ့်လူတွေ အများကြီးလိုအပ်တာပေါ့ဗျာ။ ပြည်သူလူထုက ပူးပေါင်းကူညီပြီး ဝိုင်းသတင်းပေးဖို့ လိုအပ်တာပေါ့"ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က ပြောသည်။

ဧပြီ ၂၉ ရက်က ပြည်ထောင်စုလွှတ်တော်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ၂၀၁၈ ခုနှစ် အတွင်း လုပ်ဆောင်ချက်အစီရင်ခံစာကို တင်ပြရာတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုမှာ သိသိသာသာလျော့နည်းသွားခြင်းမရှိသေးဘဲ ယခင်အတိုင်းဆက်ရှိနေသေးကြောင်း ပြောကြားခဲ့သော်လည်း ယခုနှစ်တွင် အရေးယူမှုများကို ပိုမိုလုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"အခုစတုတ္ထအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ပြီးတဲ့အချိန်မှာ ကော်မရှင်အနေနဲ့ သိသိသာသာ ဆောင်ရွက်လို့ရလာတယ်။ နိုင်ငံ့ဘဏ္ဍာ ဆုံးရှုံးမှုတွေကိုလည်း အခုဆိုရင် ကိုင်တွယ်အရေးယူလို့ရပြီ။ အရင်တုန်းက ဥပဒေက ဒီလိုမျိုးမရသေးဘူး။ ဆိုလိုချင်တာကတော့ စတုတ္ထအကြိမ် ပြင်ဆင်တဲ့ဥပဒေကြောင့် ကျွန်တော်တို့ကော်မရှင်က လုပ်ပိုင်ခွင့် ပြည့်ပြည့်ဝဝရရှိလာပြီ ဖြစ်တဲ့အတွက်ကြောင့် အတိုင်းအတာတခုထိ ရရှိလာပြီးဖြစ်တဲ့အတွက်ကြောင့်မို့ ဒီရရှိတဲ့ အခြေအနေအရ ၂၀၁၉ မှာ ထပ်ပြီးတော့ ဒီဥပဒေနဲ့အညီ ဆက်လက် ဆောင်ရွက်သွားမယ်ဆိုရင် အဂတိလိုက်စားမှုကတော့ သိသိသာသာ လျော့ကျသွားမယ့် အနေအထားမျိုးရှိပါတယ်"ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဦးကျော်စိုးက News Watch ကို ပြောသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် NLD အစိုးရ လက်ထက်အတွင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးဟန်ထူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနညွှန်ချုပ်ဒေါက်တာ သန်းထွဋ်အောင်၊ အမှတ်(၂) သတ္တုတွင်းဦးစီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးစသည့် ထိပ်ပိုင်းပုဂ္ဂိုလ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခဲ့ပြီး ဦးအောင်ကြည် ဥက္ကဋ္ဌတာဝန်ယူပြီးခဲ့ပြီးနောက်ပိုင်း ၂ နှစ်ကျော်ကာလအတွင်း လူပေါင်း ၅၀ နီးပါးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဂတိလိုက်စားမှု သိသိသာသာ လျော့နည်းသွားခြင်းမရှိမှုနှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးက "အဂတိလိုက်စားမှုပေါ်များတာ စနစ်ကြောင့်မို့ပေါ့ဗျာ။ တိုင်းပြည်တည်ဆောက်ပုံစနစ် နှစ်ပေါင်း ၅၀ ကျော်ကြာ အံ့နဲ့ကျင်းနဲ့ အဆင့်အမျိုးမျိုး၊ အောင်ခြေပြာတာအထိ လာဘ်ပေးလာဘ်ယူ၊ ဘက်လိုက်တာ စတဲ့ဟာကြီးက အမြစ်တွယ်နေတာ။ ဦးအောင်ကြည် ဒီလောက်လုပ်နေတာ သိပ်အံ့သြစရာမရှိဘူး။ လုပ်ကိုလုပ်ရမှာလေ။ လာဘ်ပေးလာဘ်ယူက အသက် ၅၀ ကျော်နေပြီး အဂတိတိုက်ဖျက်ရေးက ၃ နှစ်ကျော် ၄ နှစ်လောက်ပဲရှိသေးတာ ဘယ်နိုင်ဦးမလဲ" ဟု မှတ်ချက်ပြုသည်။

***TCM***

## ရှေ့ဖုံး (ငါန်းဖွန်ဆေးခြောက်စိုက်ခင်းနှင့် ပတ်သက်၍ အမှုရင်ဆိုင်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ထား) မှအဆက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာစက်မှုဇုန်အနီးရှိ ဧက ၅၀ ကျော် ကျယ်ဝန်းသည့် ဆေးခြောက်စိုက်ခင်းအမှုနှင့်ပတ်သက်၍ အမှုရင်ဆိုင်ရန် III M Global Nutracetical ကုမ္ပဏီမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ထားကြောင်း တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးက ပြောသည်။

အဆိုပါစိုက်ခင်းတွင် စိုက်ပျိုးထားသောအပင်များမှာ ဆေးခြောက်အနွယ်ဝင်ဖြစ်သော်လည်း မူးယစ်ဆေးဝါးမထုတ်လုပ်နိုင်သော အပင်များဖြစ်ကြောင်း၊ ယင်းအပင်များမှ လျှော်ကိုရယူကာ နူးညံ့သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်ကြောင်း၊ အဆိုပါဆေးခြောက်ပင်များမှာ ကမ္ဘာ့ဈေးကွက်တွင် အလွန်ဈေးကောင်းသည့် စက်မှုကုန်ကြမ်းပစ္စည်းများဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များမှ ဆေးခြောက်ပင်များဟုဆိုကာ ယင်းခြံတွင် အလုပ်လုပ်ကိုင်သည့် ရှိန်းလတ် (၃၇)နှစ်၊ မရွှန်းလဲ့မြတ်နိုး(၂၃)နှစ်၊ အမေရိကန်နိုင်ငံသားများဖြစ်ကြသော Mr. John Fredric Todoroki (၆၃)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားခြင်းဖြစ်ကြောင်း ဦးသိန်းသန်းဦးက ပြောသည်။

"ဒီလျှော်ပင်တွေက မြန်မာပြည်မှာတော့ တိတိကျကျ လေ့လာထားတာမရှိသေးဘူးပေါ့။ သူတို့က ဆေးခြောက်ပင်လို့ စွပ်စွဲတာပေါ့။ ဆေးခြောက်တော့မဟုတ်ပါဘူး။ အဖမ်းခံထားရတာလည်း ကုမ္ပဏီက တာဝန်ရှိသူမဟုတ်ဘူး။ ဂျပန်လူမျိုး အမေရိကန်နိုင်ငံသား စိုက်ခင်းသုတေသီ အင်ဂျင်နီယာပေါ့။ သူနဲ့ မြန်မာနိုင်ငံသားနှစ်ယောက်ကို ဖမ်းထားတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့ကတရားစွဲတင်မှာပဲ။ ဒါကို ကျွန်တော်က သူ့ရဲ့ရှေ့နေအဖြစ်ခုခံမယ်။ ကုမ္ပဏီက တာဝန်ရှိသူတွေကိုလည်း အမှုနဲ့ပတ်သက်ပြီး ဖြေရှင်းပေးဖို့ ဖိတ်ခေါ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ (မန္တလေး)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့ခွဲ(၁) မန္တလေးမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဆေးခြောက်စိုက်ခင်းဟု နာမည်ကြီးနေသည့် III M Global Nutracetical Company စိုက်ခင်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် စိုက်ခင်းဧက ၂၀ တွင် ဆေးခြောက်အပင်ပေါင်း ၃၄၉,၂၉၀ ခန့်၊ ပျိုးပင် ၅၂၀၀ ခန့်ရှိပြီး ဆာလာအိတ် ၁၉ အိတ်အတွင်းမှ ဆေးခြောက်အစေ့ (မျိုးစေ့) ၃၈၀ ကီလို၊ ဖန်ပုလင်းအတွင်းမှ ဆေးခြောက်အဆီ ၁,၈၀၄ ဂရမ်၊ Formic Acid ၁ လီတာ၊ အက်သနောအရည် ၇၅ ဒသမ ၆ လီတာ၊ အယ်ကိုဟောအရည် ၂၂ ဒသမ ၈ လီတာ၊ Bio Maxs အစိမ်းရောင်အရည် ၆ လီတာ၊ Acetone အရည် ၅ လီတာ၊ Acetonitrile အရည် ၅ လီတာ၊ Concort Water ၃ လီတာ၊ Methonal အရည် ၁၂ ဒသမ ၅ လီတာ၊ အမိုနီယမ်ဖော့စဖိတ် ၅၀၀ ဂရမ်ပါ မော်တော်ယာဉ် ၂ စီး၊ ဆေးခြောက် ၂၇၀ ဒသမ ၅ ကီလိုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

***ကျော်သူ***

## ရှေ့ဖုံး (ကျပ်ငွေသိန်းပေါင်း ၁၃၀၀၀ ကျော်ကို ပြန်လည်ရလိုမှုဖြင့် Carlsberg ဘီယာကုမ္ပဏီကို မြတ်မွှေးကုမ္ပဏီကအမှုဖွင့်) မှအဆက်

ကျပ်ငွေသိန်းပေါင်း ၁၃၀၀၀ ကျော်ကို ပြန်လည်ရလိုမှုဖြင့် ဘီယာထုတ်လုပ်ရောင်းချသောကုမ္ပဏီဖြစ်သည့် မြန်မာကားလ်စ်ဘတ်ကုမ္ပဏီ (Myanmar Carlsberg Company Limited-MCCL) ကို မြတ်မွှေးကုမ္ပဏီ (Myat Hmwei Trading Co., Ltd) က သယ်န်းကျွန်းမြို့ မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း မြတ်မွှေးကုမ္ပဏီပိုင်ရှင် ဦးရဲထွန်းထံမှ သိရသည်။

သိန်းပေါင်း ၁၃၀၀၀ ကျော်မှာ ပစ္စည်းဝယ်ယူရန်အတွက် ငွေကြိုသွင်းစနစ်ဖြင့် သွင်းထားသည့်ငွေဖြစ်ကြောင်း ဦးရဲထွန်းက ပြောသည်။ ယင်းငွေအတွက် ပစ္စည်းချမပေးသည့်အပြင် ငွေကိုပြန်လည်ပေးအပ်ရန် အကြိမ်ကြိမ်ညှိနှိုင်းတောင်းခံခဲ့သော်လည်း မရရှိခြင်းကြောင့် အမှုဖွင့်ခြင်းဖြစ်ကြောင်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ ဖြင့် အမှု ဖွင့်ထားကြောင်း ဦးရဲထွန်းက ပြောသည်။

"သိန်းပေါင်း ၁၃၀၀၀ လောက်ရှိမယ်ခင်ဗျ။ အစ၊ အဆုံးဆိုလို့ရှိရင် ၁၅၀၀၀ လောက်တောင် ရှိနိုင်ပါတယ်။ လက်ရှိတော့ ကျွန်တော်တို့ရဲစခန်းမှာ အမှုဖွင့်ထားပါတယ်၊ ၄၂၀ နဲ့ အမှုစစ်ဆေးနေဆဲပါ။ တရားခံဘက်ကို စစ်ဆေးနေတုန်းပေါ့နော်။ ကျွန်တော်တို့လည်း ရှေ့ပိုင်းမှာအများကြီးတောင်းခဲ့ပါတယ်။ ညှိနှိုင်းမရတဲ့အဆုံးမှာ တရားစွဲရတာပါ"ဟု ဦးရဲထွန်းက ပြောသည်။

ယင်းငွေကိစ္စနှင့်ပတ်သက်၍ ဧပြီ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အသိပေးကြော်ငြာစာတစောင်ထည့်သွင်းထားခဲ့ကြောင်း သိရသည်။ MCCL ၏ Promotion ကာလအတွင်း CBD စနစ်ဖြင့် ငွေကြိုတင်သွင်း၍ဝယ်ယူခဲ့ရာ Promotion ကာလအတွင်း FOC ကုန်ပစ္စည်းများ ပါကင်စာရင်း ၃၄၀၀၂ ဒသမ ၇ နှင့် သယ်ယူပို့ဆောင်ရာတွင် ပျက်စီးပါကင် ၅၀၀၀ အား ၁၁ လကျော်ကြာအောင် ယနေ့အချိန်ထိပေးပို့ခြင်းမရှိသဖြင့် လုပ်ငန်းရှင်ကျင့်ဝတ်နှင့် လူမှုရေးကျင့်ဝတ်များအရ ယဉ်ကျေးစွာအကြိမ်ကြိမ်ညှိနှိုင်းတောင်းဆိုခဲ့သော်လည်း အကြောင်းအမျိုးမျိုးပြကာ ပေးရန်ရှိသော ကုန်ပစ္စည်းများပေးပို့ခြင်းမရှိခဲ့ကြောင်း ယင်းအသိပေးစာတွင် ရေးသားထားသည်။

၂၂-၃-၂၀၁၉ နေ့တွင် ရှေ့နေများဖြင့် တရားဝင်အကြောင်းကြားစာပေးပို့သော်လည်း သတ်မှတ်ရက်အတွင်း တရားဝင်အကြောင်းပြန်ကြားခြင်းနှင့် အတိအကျလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းလည်း ယင်းအသိပေးစာတွင် ရေးသားဖော်ပြထားသည်။

မြတ်မွှေး ကုမ္ပဏီသည် MCCL ၏ ပစ္စည်းများကို ဝယ်ယူဖြန့်ချိသည့် ကိုယ်စားလှယ်အဖြစ် ၂၀၁၅ ခုနှစ်ကတည်းက လုပ်ကိုင်လာခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်သွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

***မင်းထင်***

www.free4readers.com



# အရှုံးလည်းကျေစေ မီးလည်းမှန်စေ

ခင်အောင်ထွန်း(ဟသ်ာတ)



ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်နှင့် အဖွဲ့ဝင်များ ၁၈-၈-၂၀၁၉ ရက်က ၂၃၀ ကေဗွီ တောင်ငူပင်မဓာတ်အားခွဲရုံကို စစ်ဆေးစဉ်

နိုင်ငံတနိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် လျှပ်စစ်မီးဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ လျှပ်စစ်မီးဟာ စက်ယန္တရားအသီးသီးကို စရိုက်သက်သာစွာဖြင့် လည်ပတ်စေနိုင်ပါတယ်၊ လျှပ်စစ်မီးရှိထားရင် အလင်းရောင်အတွက်သာမက ထမင်းဟင်း အလွယ်တကူချက်လို့ရပါတယ်။ ရေနွေးကျိုလို့ရပါတယ်။ ရေတင်လို့ရပါတယ်။ မီးပူတိုက်လို့ရပါတယ်။ တီဗွီ၊ ကွန်ပျူတာ၊ ပန်ကာ၊ အဲယားကွန်း စသည်ဖြင့်အကြီးအသေးကိစ္စအဝဝကို ပြီးမြောက်စေပါတယ်။ လျှပ်စစ်နဲ့ကင်းလွတ်တဲ့အရာဟူ၍ မရှိသလောက်ပါဘဲ။

ကျွန်တော်ဟာ ဟသ်ာတမြို့နယ်တွင်းက ကျေးရွာတရွာမှာ မွေးဖွားခဲ့ပြီး ရန်ကုန်မြို့ကြီးမှာ ပညာသင်ယူခဲ့ရပါတယ်၊ ရန်ကုန်မှာ အစ်ကိုကရှိနေတော့ အစ်ကို့အိမ်မှာ နှစ်အတော်ကြာနေပြီး ကျောင်းနေခဲ့ရပါတယ်၊ ဒီတော့ တောရွာမှာမွေးဖွားခဲ့ပေမဲ့လည်း လျှပ်စစ်မီးနဲ့ အကျွမ်းတဝင် နေထိုင်ခဲ့ရပါတယ်။ လျှပ်စစ်မီးရဲ့အသုံးဝင်မှုကိုလည်း ပိုပြီးသိလာရပါတယ်။ လျှပ်စစ်ဓာတ်ရဲ့ အသုံးဝင်မှုကတော့ အံ့မခန်းပါပဲ၊ ဒါကြောင့် လျှပ်စစ်မီး တီထွင်သူ အက်ဒီဆင်ကိုတွေးမိတိုင်း စိတ်ထဲကချီးကျူးဂုဏ်ပြုမိပါတယ်။ ယခု ကျွန်တော်စာရေးနေတဲ့ အချိန်မှာပင် လေပန်ကာဖွင့်ပြီး အပူဒဏ်ကိုလျော့အောင်လုပ်နေရပါတယ်။ တတ်နိုင်ရင်တော့ အဲယားကွန်းတပ်ပြီး အအေးဓာတ်ကို ဖန်တီးယူနိုင်မှာဖြစ်ပါတယ်။ လျှပ်စစ်မီးကို အမှီပြုပြီး လျှပ်စစ်နဲ့ဆက်စပ်ပစ္စည်းများမှာလည်း အများအပြားတီထွင်လာကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့စိတ်ကူးနဲ့လိုက်လို့မမီနိုင်အောင်ပါဘဲ။ ထွက်သမျှ အကုန်လိုက်ပြီးတော့လည်း မဝယ်နိုင်ပါဘူး။

ကျွန်တော်တို့ရွာဟာ ဟသ်ာတနဲ့ ၁၂ မိုင်ခန့်ဝေးပါတယ်။ ရေမြုပ်ကွင်းဒေသဖြစ်လို့ လမ်းပန်းဆက်သွယ်ရေးညံ့ပါတယ်။ ကောင်းအောင်လုပ်ဖို့လည်း မလွယ်ပါဘူး။ ထို့အတူ လျှပ်စစ်မီးရရန်လည်း မလွယ်ပါဘူး။ မိုးတွင်းရေမြုပ်ခြင်းက အဓိကပြဿနာဖြစ်ပါတယ်။ လျှပ်စစ်မီးတိုင်များနဲ့လည်း ဝေးကွာလွန်းပါတယ်။ လမ်းများကောင်းအောင်လုပ်ပေမဲ့ ရေမြုပ်တဲ့အခါ ရွှံ့နွံများတင်ပြီး ဗွက်များဖြစ်ပြီးလမ်းပျက်ပါတယ်၊ ပုဂ္ဂလိကမီးစက်မောင်းပြီး မီးပေးကြပေမဲ့ အဆင်မပြေလို့ဆက်မပေးဖြစ်ကြတော့ပါ။ အခြားရွာများမှလည်း ရွာဘုံမီးစက်၊ ပုဂ္ဂလိကမီးစက် စသည်ဖြင့် ကျေးရွာများ မီးလင်းရေးအတွက် ကြိုးစားကြည့်ကြပါတယ်၊ ဒါပေမဲ့ မရပါဘူး။ မီးဖိုးဈေးမြင့်တဲ့အတွက် မီးယူတဲ့လူလည်း နည်းသွားပါတယ်။ မီးယူသူလျော့သွားတဲ့အတွက် မီးမောင်းသူကလည်း ဆီဖိုးနဲ့မကိုက်တော့ မီးပေးတဲ့အလုပ်ကို ရပ်လိုက်ကြရပါတယ်။ မီးစက်သမားများကလည်း ကျေးရွာမီးလင်းစေလိုတဲ့စေတနာများပါကြပေမဲ့ အရှုံးခံပြီးတော့ မလုပ်နိုင်ကြပါဘူး။ ဒါကြောင့် ရေမြုပ်ကွင်းဒေသ ကျေးရွာများ လမ်းပန်းကောင်းရေး၊ မီးလင်းရေးတို့မှာ မျှော်လင့်ချက်မဲ့သလို ဖြစ်နေခဲ့ကြပါတယ်၊

ဝန်ကြီးတပါးတော့ကြွလာခဲ့ဖူးပါတယ်။ အိုးစည်ဗုံမောင်းတွေနဲ့ ခြိမ့်ခြိမ့်သဲကြိုခဲ့ကြပါတယ်၊ ကျေးလက်ဆိုတာကတော့ ဝန်ကြီးကြွတယ်ဆိုတာ နယ်နယ်ရရမှ မဟုတ်တာ။ အကုန်အကျတွေခံ အကျွေးအမွေးတွေနဲ့ ကြိုကြတာပေါ့။ အဲဒီမှာ မီးလင်းရေးစီမံကိန်းကြီး စပါတော့တယ်။ နွားချေးနဲ့ ဓာတ်ခဲခြောက်နဲ့ရောပြီး LED မီးလုံးလေးတွေကို လင်းပြစေတယ်။ အဲဒီနည်းကိုလုပ်ကြဖို့လည်း အကြံပြုခဲ့တော့ တရွာလုံးနွားချေးတွေ ကျုံးကြ၊ ဓာတ်ခဲတွေရှာကြ၊ ဆားတွေနဲ့နယ်ကြ၊ ဓာတ်ကြိုးနဲ့သွယ်ကြပေါ့။ ဖယောင်းတိုင်မီးလောက်လင်းဖို့ လုပ်လိုက်ကြရတာ။ ညှော်ခန်းထဲလည်း နွားချေးစော်ကိုနံလို့။ ကျေးလက်ဆိုတော့လည်း နွားချေးနဲ့ပဲတန်တယ်ထင်ပါရဲ့။ နောက်တော့လည်း ဖယောင်းတိုင်မီး၊ ဘက်ထရီမီးပဲ သုံးကြတော့တယ်။ နွားချေးနံ့တော့ သက်သာသွားတာပေါ့။ ကျွန်တော်လည်း ဇာတိရွာကို ကျောခိုင်းပြီး လျှပ်စစ်မီးများရှိရာ ဟသ်ာတမြို့ကို မိသားစုလိုက် ပြောင်းရွှေ့နေပါတော့တယ်။ ကျွန်တော်တို့မိသားစု ဟသ်ာတမြို့ကို ပြောင်းရွှေ့လာကြတာ ဆယ်စုနှစ်ပင်ပြည့်ပါတော့မယ်၊ ရောက်ရောက်ချင်းနှစ်မှာ အိမ်မဝယ်နိုင်သေးလို့ အိမ်ငှားနေရပါတယ်။ အိမ်ငှားဘဝကလည်း အောက်ကျလှပါတယ်။ လျှပ်စစ်မီးအတွက် မီတာခက ကိုယ်ကပေးရပေမဲ့ ရေအတွက်ကတော့ အိမ်ရှင်ကခံရပါတယ်။ ရေကြိုက်သလောက်သုံးပြန်ရင်လည်း အိမ်ရှင်က မျက်စောင်းထိုးပါတယ်။ ဒါ့အတွက်လည်း အိမ်ရှင်ကို အားနာရပြန်ပါတယ်။

တနှစ် ရန်ကုန်က သူငယ်ချင်းတယောက်ရောက်လာပါတယ်၊ ငယ်သူငယ်ချင်းပါ။ ထောင်နန်းစံတော့လည်း အတူတူ။ ပြန်လွတ်ကြတော့လည်း အဆက်အသွယ်မပြတ်ကြ၊ တနှစ်တခေါက်တော့ အလည်ရောက်လာတတ်ပါတယ်။ "သူငယ်ချင်းရေ ထမင်းဟင်းကတော့ ကြိုက်သလောက်စားကွာ ရေကတော့ ခပ်တခွက် (ထောင်အခေါ်)သာသာပေါ့ကွာ"ဟု ကျွန်တော်က ဆီးပြီး နောက်သလိုပြောင်သလို ပြောထားပါတယ်။ တကယ်လည်း ပြောချင်တာပါ။ ဒါပေမဲ့ သူငယ်ချင်းကလည်းသဘောပေါက်ပါတယ်။ ရေကိုကြိုက်သလောက် မချိုးတော့ပါဘူး။ သူငယ်ချင်းက ရေတအားကြိုက်ပါတယ်။ ငယ်ငယ်ကတည်းက ရေကိုတဝုန်းဝုန်းချိုးတာဝချိုးတတ်ပါတယ်။ တနေ့ကို ရေသုံးခါချိုးလေ့ရှိပါတယ်။ အဲဒီအချိန်က မီးအားကလည်းမကောင်းတော့ အိမ်ရှင်မှာ မနက်မိုးမလင်းခင်အစောကြီး ရေစက်ထမောင်းရတာကလည်း တဒုက္ခ။

ယခုတော့ ကျွန်တော်တို့ အိမ်ဝယ်လိုက်တော့ ကိုယ့်အိမ်နဲ့ကိုယ်ဆိုတော့ အစစအဆင်ပြေပါပြီ။ ရေလည်း အားမနာတမ်း ချိုးလို့ရပါပြီ။ မီးအားလည်းကောင်းပါပြီ။ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး လွှတ်တော်ကဏ္ဍမှာ ကြည့်လိုက်ရပါတယ်။ **စာ (၃၇) သို့**

"လျှပ်စစ် ကဏ္ဍကိုကောင်းမွန်အောင် မီးမှန်အောင် မပေးနိုင်တဲ့အတွက် တိုင်းပြည်ရဲ့လုပ်ငန်းအသီးသီးကို ထိခိုက်စေပါတယ်။ ဒါကြောင့် လျှပ်စစ်မီးအတွက် အရှုံးမခံသင့်ပါ။ ပြီးရင် မီးမှန်အောင်ပေးပါ။ လျှပ်စစ်မီးမရောက်သေးတဲ့ နေရာတွေကိုလည်း မီးရောက်အောင်ပို့ပေးပါ။ မီးသုံးသူတွေကလည်း အရှုံးပေါ်လို့ စိုက်ထည့်ငွေတွေဟာ ငါတို့ငွေတွေပါပဲဆိုတာ သိဖို့လိုပါတယ်။ မီးမှန်ရင် ငါတို့ရဲ့လူနေမှုဘဝ မြင့်တက်မယ် ဆိုတာလည်း ယုံကြည်ပါ . . ."



ရသစုံမဂ္ဂဇင်း

၁။ ဆရာဒဂုန်တာရာ၏ စာပေလက်ရာများ
၂။ ဒဂုန်တာရာကို ဂုဏ်ပြုအမှတ်တရ ရေးကြသော စာရေးဆရာ၊ ကဗျာဆရာများ၏ ဆောင်းပါး၊ ကဗျာများ
၃။ စန္ဒရားဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာ၊ စာပေဝေဖန်ရေးနှင့် အတွေးအခေါ်သမား၊ ငြိမ်းချမ်းရေးသမား၊ ဒဂုန်တာရာ၏ စာပေလက်ရာများကို အမှတ်တရ သိမ်းဆည်းထားလိုသော မျိုးဆက်သစ်စာပေသမားများအတွက် အထူးအမှတ်တရ တင်ဆက်ထားပါသည်။

"စာပေသည် အပျင်းပြေဖျော်ဖြေရေးမဟုတ် အသိဉာဏ်ပညာအတွက် ဖြစ်သည်"

ဒဂုန်တာရာ ရာပြည့် အထူးထုတ်

ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း
၂၀၁၉၊ မေလ
ထွက်ပြီ

www.free4readers.com



# မချစ်ရင် နေပါ ပစ်တော့ မပစ်လိုက်ပါနဲ့

ကိုသောင်း(ပညာရေး)

"ပြည်ပနိုင်ငံတွေမှာ အိမ်မွေးတိရစ္ဆာန်လေးတွေကို အကြင်နာမဲ့စွာ စွန့်ပစ်ရင်တောင် ဥပဒေအရ ထိထိမိမိအရေးယူနေတာကို သိရတော့။ ကျုပ်တို့နိုင်ငံမှာ မွေးကင်းစကလေးတွေကို စွန့်ပစ်တဲ့အမှုတွေက ဖောဖောသီသီရှိနေပြီး စုံစမ်း၊ ဖော်ထုတ်၊ အရေးယူမှုတွေ အားနည်းနေသလားလို့ထင်မိတယ် ....."

ဩော် ... ဒါနဲ့စကားမစပ်။

တရက်သားမတော့။ နေ့စဉ်ထုတ်သတင်းစာတစောင်မှာ လူသားမဆန်ဘဲ အကြင်နာမဲ့တဲ့သတင်းတပုဒ်ကိုဖတ်လိုက်ရတယ်။ နိုင်ငံရပ်ခြားသတင်းတပုဒ်ပါ။

အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ်သားအမျိုးသားတဦးဟာ ခွေးပေါက်စလေး ရှစ်ကောင်ကိုအမှိုက်အိတ်ထဲထည့်ပြီး လွှင့်ပစ်ခဲ့တာမို့ အဖမ်းခံခဲ့ရတယ်တဲ့။ အသက် ၅၆ နှစ်အရွယ်အမျိုးသားရောဘတ်ပိုင်းကို မက်ရှီဖီးရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူထားတယ်လို့ ဆိုတယ်။

အမှိုက်ပုံးထဲက ခွေးပေါက်စလေးတွေရဲ့ အော်သံကိုကြားနေရတာမို့ အာဏာပိုင်တွေဆီကို ဒေသခံတွေကဖုန်းခေါ်ပြီး အကြောင်းကြားခဲ့ကြတာပါ။

အဲဒီနောက် တာဝန်ရှိသူတွေက စစ်ဆေးလိုက်တဲ့အခါမှာတော့ အမှိုက်ပုံးထဲမှာရှိတဲ့ ပလတ်စတစ်အိတ်ထဲကနေ ခွေးပေါက်စလေးရှစ်ကောင် ထွက်လာပါလေရောလား။ အခုခါမှာတော့ အဆိုပါခွေးလေးတွေကို တိရစ္ဆာန်စောင့်ရှောက်ရေးဂေဟာကိုပို့ထားပြီး ကယ်ဆယ်ထားတယ်လို့ သတင်းတွေက ဆိုပါတယ်။ ဒါ့အပြင် ကျူးလွန်သူကိုစစ်ဆေးဖော်ထုတ်ပြီး တိရစ္ဆာန်ညှဉ်းဆဲမှုနဲ့ အရေးယူထားတယ်လို့ သိရတာပေါ့။ (၁၇-၃-၂၀၁၉-The Voice Daily)

ဒီသတင်းကိုဖတ်ပြီး ကျုပ်စိတ်ထဲမှာခိုးလိုးခုလုဖြစ်နေတာမို့ ဒီဆောင်းပါးကိုရေးချင်စိတ် ပေါက်လာမိတယ်။

ကျုပ်တို့နိုင်ငံမှာကတော့ အိမ်မွေးတိရစ္ဆာန်လေးတွေကိုစွန့်ပစ်တဲ့သတင်း သိပ်မကြားရဘဲ မွေးကင်းစကလေးငယ်တွေ မကြာခဏစွန့်ပစ်ခြင်းခံရတဲ့သတင်းတွေကိုဆက်တိုက်ဆိုသလို ကြားနေရတော့ အင်မတန်မှ စိတ်မချမ်းမသာဖြစ်ရတယ်။ ဟိုနားမှာ တယောက်၊ ဒီနားမှာ တယောက်ဆိုသလို ပစ်ထားတာကို မကြာမကြာတွေ့နေရတာပဲ။ အသေတွေ့လိုက်၊ အရှင်တွေ့လိုက်ပေါ့။

ပစ်ထားတဲ့နေရာတွေကိုလည်း ကြည့်ကြဦး။ အမှိုက်ပုံတွေမှာ။ ချောင်းစပ်မြောင်းစပ်တွေမှာ။ ချုံပုတ်တွေထဲမှာ။ ကျိုးထိုးထိုး၊ လင်းတစားစား၊ ခွေးဆွဲဆွဲ ပြီးပြီးရောဆိုပြီး ပစ်ထားလိုက်ကြတယ်။ ဒီလိုဖြစ်ရပ်တွေကိုသုံးသပ်ကြည့်ရင် လူ့ယဉ်ကျေးမှုတွေက အသက်ငင်နေပြီလို့ ဆိုရမလောက်ဘဲ။ လူ့စိတ်တွေအငွေ့ပျံပြီး အကြင်နာတရားခေါင်းပါး နေလိုက်ကြတာ ကြားလို့မှမတော်ဘူး။

စိတ်ဓာတ်လူစဉ်မီတဲ့လူတွေမှ ဟုတ်ပါရဲ့လားလို့ ပျစ်ပျစ်နှစ်နှစ် စွပ်စွဲပြစ်တင်လိုက်ချင်တယ်။ ဖခင်၊ မိခင်နေရာယူထားပြီး ရက်စက်လိုက်ကြတာ ကမ်းကုန်ရော။ တချို့ကလည်း အတိတ်အကျိုးပေးကြောင့် စွန့်ပစ်ခြင်းခံရတာလို့ ကံကိုအပြစ်ပုံချနေမယ့်အစား လက်ရှိဘဝမှာ လူသားချင်းစာနာစိတ်နဲ့ ကူညီလို့ရနေတာပဲ။

နားနဲ့မနာ ဖဝါးနဲ့နာကြပါ။ ကျုပ်ကတော့ တည့်တည့်ပဲပြောပါရစေ။ တချို့မိန်းကလေးတွေကျတော့လည်း လူစိတ်ကင်းမဲ့နေတဲ့ ကာမအကြမ်းဖက်သမားတွေရဲ့အနိုင်ကျင့်ခြင်းခံရလို့ ရလာတဲ့သောကဝေဒနာတွေက သောက်သောက်လဲ။ **တော်တော်များများက သွေးသားဆန္ဒအရ လိုချင်မှုတွေနောက်ကိုလိုက်နေတုန်းကတော့ မိုးမမြင် လေမမြင်။ ကျူးတဲ့သူက ကျူး၊ လွန်တဲ့သူကလွန်။ ကိုယ်ကျင့်တရားဆိုတဲ့ဂုဏ်ပုဒ်ကိုမှ မထောက်။ ဖြစ်ချင်တိုင်း ဖြစ်နေလိုက်ကြတာများ ကြားလို့တောင်မကောင်းဘူး။**

**မထွေးနိုင် မအန်နိုင်ဖြစ်ခါမှ အမေကယ်ပါ၊ အဖေကယ်ပါ၊ အဘကယ်ပါ လုပ်ရော။ အမေရော၊ အဖေရော၊ အဘရော မကယ်နိုင်လို့ကတော့ မွေးကင်းစကလေးလည်း အမှိုက်ပုံထဲအမှုန်တရားတွေနဲ့အတူ ရေစုန်မျောရရောပေါ့။** ဒီလုပ်ရပ်တွေဟာ ကလေးငယ်တွေကို ငရဲတွင်းထဲတွန်းပို့နေသလိုပဲ။

ပြောချင်တာက မြန်မာ့လူ့အသိုင်းအဝန်းမှာ လူ့အသိတရားနဲ့ လူ့ကျင့်ဝတ်ရေချိန်အမှတ်တွေ တစတစ ခန်းခြောက်နိမ့်ကျလာသလားလို့ ထောက်ပြချင်တာပါ။ ခေတ်ကိုပဲအပြစ်တင်ရမလား။ စနစ်ကိုပဲအပြစ်တင်ရမလား။ အချစ်ကိုပဲ အပြစ်တင်ရမလား ဆိုတာ ပြောမပြတတ်အောင်ဖြစ်နေပြီပဲ။

ခေတ်က အိုင်တီခေတ်။ တယောက်နဲ့ တယောက်တွေ့ချင်ရင် တနေရာမှာချိန်းပြီး အချိန်ကုန်ခံကာ လူချင်းတွေ့စရာမလို။ လွယ်လိုက်တာမှ လွန်ရော။ လူမှုကွန်ရက်ကနေတွေ့ကြ။ စကားတွေပြောကြ။ ရင်းနှီးမှုယူကြ။ ဆိုတော့ကာ ယောကျ်ားလေးတွေကလည်း အပြောကောင်း၊ အဆိုကောင်း၊ ကွေ့အကောက် အလိမ်အညာတွေကကောင်း။ မိန်းကလေးတွေကလည်း အိပ်မက်ချိုချိုလေးတွေမက်ရင်ပြီးရောဆိုပြီး အပြန်အလှန်ညှိကြ။ ခရာတာတာလုပ်ကြ။ သူတို့က အချစ်ကိုရိုးရှင်းတယ်လို့ ထင်နေကြတယ်။

ဂလိုနဲ့ မကြာမတင်မှာ လူချင်းလည်း တွေ့ကြရော အချစ်တွေပေးတဲ့သူကပေး။ ယုံမှတ်လို့ ပုံအပ်တဲ့သူကလည်း အပ်ကြ။ အချစ်မှာ နစ်မြောနေလိုက်ကြတာ။ ပုံသေနည်းမရှိတဲ့ အချစ်ရေးမှာ အချိန်ကြာလာတာနဲ့အမျှ မရှုနိုင် မကယ်နိုင်လည်းဖြစ်လာရောမိခင်၊ ဖခင်စိတ်တွေပျောက်ပြီး လူသားမဆန်တဲ့ ပြဿနာတွေက ဖြောင်းဆန်အောင် ဖြစ်လာတော့တာပေါ့။ အချစ်ကစားပွဲ နောက်ကွယ်က အမှန်တရားကို ဖုံးဖိချင်လာကြတယ်။

စနစ်က ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီစနစ်။ ပွင့်လင်းရမယ်၊ မြင်သာရမယ်၊ ကျား၊ မ ခွဲခြားမှုမရှိစေရ။ လူအချင်းချင်းတန်းတူ ဆက်ဆံရမယ်ဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို လူငယ်တွေရော လူကြီးတွေရော လက်ကိုင်တုတ်လို ကိုင်စွဲလာကြတယ်။

ခေတ်အခြေအနေအရ ယောကျ်ားလေး၊ မိန်းကလေးတန်းတူဆက်ဆံတာ၊ အခွင့်အရေးပေးတာကို လူ့အခွင့်အရေးတရပ်လို့မြင်နိုင်ပေမဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာစည်းကိုတော့ စောင့်ထိန်းရပေလိမ့်မယ်။ လူ့အခွင့်အရေးဆိုတဲ့ ပြဋ္ဌာန်းချက်ကို ခုတုံးလုပ်ပြီး ယောကျ်ားလေး၊ မိန်းကလေးဆက်ဆံရေးကိစ္စတွေမှာပွင့်လင်းမြင်သာစွာ အထိန်းအကွပ်မဲ့ကျင့်သုံးလာကြတော့ တုတ်ထိုးအိုးပေါက်ဖြစ်ကုန်ကြတော့တာပေါ့။

ကျုပ်တို့အငယ်တုန်းကတော့ ယောကျ်ားလေး၊ မိန်းကလေးချစ်ကြ၊ ကြိုက်ကြတယ်ဆိုတာ လွယ်တာမှတ်လို့။ ပိုးပန်းနေရတာကိုက အကြာကြီး။ ချစ်ပြီးကြိုက်ပြီးရင်တောင် တဘက်နဲ့တဘက် သုံးနှစ်သုံးမိုးစောင့်ကြရသေးတာ။ ဒါတောင် မမျှော်လင့်ဘဲ လွဲကြရတာရှိသေးတယ်။ တယောက်နဲ့တယောက် အကဲခတ်ကာလကြာလေတော့ မဖြစ်သင့်တာမဖြစ်ဘဲ အမှားနည်းကြတာပေါ့။ အခုလို မွေးကင်းစကလေးစွန့်ပစ်တယ်ဆိုတဲ့သတင်းတွေဆိုတာ မကြားဖူးသလောက်ပဲ။

ဆိုရရင် ... **ပြည်ပနိုင်ငံတွေမှာ အိမ်မွေးတိရစ္ဆာန်လေးတွေကို အကြင်နာမဲ့စွာ စွန့်ပစ်ရင်တောင် ဥပဒေအရ ထိထိမိမိအရေးယူနေတာကို သိရတော့။ ကျုပ်တို့နိုင်ငံမှာ မွေးကင်းစကလေးတွေကိုစွန့်ပစ်တဲ့အမှုတွေက ဖောဖောသီသီရှိနေပြီး စုံစမ်း၊ ဖော်ထုတ်၊ အရေးယူမှုတွေ အားနည်းနေသလားလို့ ထင်မိတယ်။**

ဒီလိုဖြစ်မှုကျူးလွန်သူတွေကို အရေးယူရာမှာ ပြည်သူတွေသိအောင် ထင်ထင်ရှားရှားချပြတဲ့ အကြောင်းအရာက မရှိသလောက်ဖြစ်နေတော့ သင်ခန်းစာအဖြစ် မှတ်မှတ်သားသားမယူကြဘဲ နောက်ထပ်ကျူးလွန်သူတွေကလည်း ဖောခြင်းသောခြင်း ဖြစ်နေတယ်လို့ ယူဆမိတာပဲ။

မွေးကင်းစ ကလေးပဲဖြစ်ဖြစ်၊ လသားအရွယ်ကလေးပဲဖြစ်ဖြစ် အသက်ရှင်လျက် စွန့်ပစ်ခြင်းခံရရင် ညှဉ်းပန်းနှိပ်စက်ရာရောက်သလို သေသွားခဲ့ရင်တော့ လူသတ်မှုကျူးလွန်ရာရောက်မယ်လို့ ထင်တာပဲ။

ကျုပ်ကတော့ ကျူးလွန်သူတွေကို တိတိကျကျ ဖော်ထုတ်နိုင်အောင် တာဝန်ရှိသူတွေနဲ့အတူ တာဝန်သိပြည်သူတွေကပါ ဝိုင်းကြဝန်းကြဖို့လိုမယ်လို့ တွေးမိတယ်။ တရားခံကိုဖော်ထုတ်ရာမှာလည်း စွန့်ပစ်တဲ့ မိခင်တယောက်တည်းမဟုတ်ဘဲ တာဝန်ရှိသူ ဖခင်ကိုပါ ခေတ်မီနည်းပညာတွေနဲ့မရရအောင် ဖော်ထုတ်သင့်တယ်။ သူတို့နှစ်ယောက်စလုံးမှာ တာဝန်ရှိတယ်။

နောက်လူတွေမလုပ်ရဲအောင် နောင်ကြဉ်သွားအောင် ကြီးမားတဲ့အပြစ်ဒဏ်တွေပေးသင့်တယ်။ ကျုပ်က ဥပဒေပညာရှင်မဟုတ်လေတော့ ဘယ်ပုဒ်မနဲ့ တရားစွဲရမယ်လို့တော်၏၊ မတော်၏ မပြောနိုင်ပေမဲ့ လူသတ်မှုနဲ့တရားစွဲသင့်တယ်လို့ ပြောချင်တယ်။

ဒါ့အပြင် တကယ်လို့ ကလေးမွေးပြီးကာမှ အကြောင်းအမျိုးမျိုးကြောင့် မမွေးနိုင်ရင်လည်း ဘာရှက်စရာရှိလဲ။ ဟိုတုန်းကတော့ နေချင်သလို နေခဲ့ကြပြီး အခုချိန်မှာမရှက်မကြောက်ပြောကြပါ။ မိဘလိုတွေးပြီးကူကယ်မယ့်အဖွဲ့အစည်းတွေကို ဆက်သွယ်၊ အသိပေးကြပါ။

သိမ်ငယ်စရာ မလိုပါဘူး။ အသက်ရှင်ပြီး လူ့လောကကြီးထဲရောက်လာတဲ့ ကိုယ့်ကလေးရဲ့ မျက်နှာကိုကြည့်ပြီး လူသားချင်းစာနာ၊ ထောက်ထားကြပါ။ ပွင့်လင်းမြင်သာတဲ့ ခေတ်ကြီးပဲ။ မွေးကင်းစကလေးကနေ အရွယ်ရောက်နေတဲ့ကလေးအထိ စောင့်ရှောက်နေတဲ့ဂေဟာတွေအများကြီးပါ။ မိဘတာဝန်ကျေပွန်အောင် လုပ်ပေးကြပါ။

ဒါတင်ကရှိုးလား။ ကလေးရော၊ မိခင်ရော မှီခိုလို့ရတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေလည်း ပေါမှပေါ။ ပရဟိတကိုဖောင်းပေးနေတဲ့ ခေတ်ကြီးဖြစ်တာမို့ အထီးမကျန်အောင် အကူအညီပေးမယ့်သူတွေကလည်း အဆင်သင့်။ ဘဝကိုတစ်ကနေ ပြန်စလိုက်ကြပါ။

သဟာကြောင့် ... အထိန်းအကွပ်မဲ့ခဲ့တဲ့ စိတ်ရိုင်းကြောင့် ရလာခဲ့တဲ့ဒဏ်ရာတွေကို ပြေပျောက်ချင်လို့ မွေးလာမယ့်ကလေးတွေကို စွန့်ပစ်နေမယ့်အစား မိခင်တွေရော၊ ဖခင်တွေရော မိမိကိုးကွယ်ရာဘာသာတရားရဲ့အဆုံးအမအောက်မှာ လူသားဆန်ဆန်စာနာစိတ်နဲ့ တွေးကြ၊ ဆုံးဖြတ်ကြပါလို့ ဒီနေရာကနေ တိုက်တွန်းချင်ပါတယ်။ အသိဉာဏ်နည်းခြင်းဟာ လမ်းမှားကိုရောက်စေနိုင်တယ်။ ဦးနှောက်ထဲမှာ အသိပညာတံခါးဖွင့်ပြီးနေရင် ဘဝဆိုတဲ့အိမ်လေးက အေးချမ်းနေမှာ အမှန်ပါ။

နော့ဖြင့် ... စွန့်ပစ်ခြင်းခံရတဲ့ မွေးကင်းစကလေးငယ်တွေသာ စကားပြောတတ်မယ်ဆိုရင် အဖေ၊ အမေတို့ရေ ကျွန်တော်၊ ကျွန်မတို့ကို "မချစ်ရင်နေပါ၊ ပစ်တော့မပစ်လိုက်ပါနဲ့"လို့ အသနားခံတောင်းပန်စကားဆိုနေလိမ့်မယ်လို့ ကျုပ်ကတွေးမိကြောင်းပါခင်ဗျား။

**ကိုသောင်း(ပညာရေး)**



မိခင်များက မွေးဖွားပြီးနောက် ထားရစ်ခဲ့သော ကလေးငယ်အချို့ကို 'မာမီကွတ်' မှီခိုရာမဲ့ ကိုယ်ဝန်ဆောင်များ ကူညီရေးနေရာ၌ တွေ့မြင်ရပုံ (Photo-Kyaw Kyaw)

www.free4readers.com



# တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ အခန်းပေါင်း ၄၀၀၀ .ကျော်ကို လစဉ်အလှည့်ကျစနစ်ဖြင့် မဲနှိုက်ရောင်းချပေးသွားမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးပြီ ဖြစ်သည်။ လှိုင်သာယာကျွန်စစ်မင်းအိမ်ရာ၊ ရွှေလင်ဗန်းအိမ်ရာနှင့် ယုဇနဥယျာဉ်မြို့တော်တို့ရှိ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ အခန်း ၄၄၅၂ ခန်းအား လစဉ်အလှည့်ကျစနစ်ဖြင့် မဲနှိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ရောင်းချပေးရာတွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာဝယ်ယူရန် အိမ်ရာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်တွင် ငွေစုသူနှစ်သောင်းကျော်ခန့်ရှိပြီး အိမ်ရာဝယ်ယူရန် ဘဏ်စုငွေ ကျပ်သိန်း ၃၀ ကျော်ပြည့်မီသူ ၃၃၀၀ ခန့်ရှိကာ ၎င်းတို့ထဲမှ ဆောက်လုပ်ပြီးအခန်းများကို မဲနှိုက်ရောင်းချပေးခြင်းဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က News Watch သို့ ပြောသည်။

"လက်ရှိဘဏ်မှာ စုငွေ ၃၀ ရာခိုင်နှုန်းပြည့်မီတဲ့ အိမ်ရာလျှောက်ထားသူ ၃၃၀၀ ကို ကျွန်တော်တို့က ဘယ်အိမ်ရာဝယ်ယူချင်တာလဲလို့ မေးလိုက်တဲ့အခါမှာ လှိုင်သာယာကျွန်စစ်မင်းအိမ်ရာ ဝယ်ယူချင်တဲ့သူနဲ့၊ ရွှေလင်ဗန်းအိမ်ရာဝယ်ယူချင်တဲ့သူနဲ့ ဒဂုံဆိပ်ကမ်းယုဇနဥယျာဉ်မြို့တော်ကိုပဲ ကြိုက်ပါတယ်ဆိုတဲ့လူနဲ့ အဲဒီလိုကွဲထွက်သွားပါတယ်။ အဲလိုဖြစ်တဲ့အခါကြတော့ လှိုင်သာယာကျွန်စစ်မင်းအိမ်ရာ ကြိုက်တဲ့သူက ၃၃၀၀ ထဲကမှ လူ ၅၀၀ ကျော်လောက်ပဲရှိတယ်။ ကျန်တဲ့ ၂၀၀၀ ကျော်က ယုဇနကြိုက်တယ်ဆိုပြီး စာရင်းပေးတာလေ။ အဲဒါကြောင့် စာရင်းမှာပါတဲ့လူဦးရေက အဆင့်ဆင့်ကွဲထွက်သွားတယ်"ဟု ၎င်းကပြောသည်။

ဆောက်လုပ်ပြီး တန်ဖိုးနည်း၊ တန်ဖိုးသင့်အခန်းများကို မဲနှိုက်ရောင်းချပေးရာတွင် ဒုတိယအကြိမ်အနေဖြင့် လှိုင်သာယာကျွန်စစ်မင်းအိမ်ရာတွင် ဆောက်လုပ်ပြီးစီးသည့် အခန်းပေါင်း ၁၈၀ ကို ဝယ်ယူချင်သူ ၁၀၂ ဦးအား မေလ ၃ ရက်နေ့တွင် မဲနှိုက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"လူ ၅၀၀ ကျော်ထဲက ဒီတသုတ်မှာ ၂၇၅ ဦးက ဘဏ်ချေးငွေနဲ့ဝယ်ချင်ပါတယ်လို့ စာရင်းတင်အဆိုပြုလာပြီး အဲဒီထဲကမှ သူတို့ဝယ်ချင်တဲ့အခန်းအမျိုးအစားနဲ့ ဒီဘက်ကရောင်းဖို့အခန်းနဲ့ ပြန်တိုက်ဆိုင်လိုက်တဲ့အခါ တချို့အခန်းတွေက အဆင်သင့်မဖြစ်သေးတဲ့အတွက် မဲနှိုက်ဖို့အဆိုပြုသော်လည်း ထပ်ပြီးစောင့်ရတဲ့သူက ၁၇၅ ယောက်ရှိသွားတယ်။ အဲဒီလူတွေကို ရွှေ့လတသုတ်မှာ ဦးစားပေးအနေနဲ့ မဲနှိုက်ပေးမယ်"ဟု ဦးဝင်းနိုင်က ပြောသည်။

တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကို တလတကြိမ်ရောင်းချပေးသွားမည်ဖြစ်ပြီး အခန်းပေါင်းရာနှင့်ချီ၍ရောင်းချလာပြီဖြစ်ခြင်းကြောင့် စာရင်းစစ်သည့်အပိုင်းများ၊ အခန်းဝယ်ယူသူများ ဘဏ်ချေးငွေကို လစဉ်ပေးသွင်းနိုင်ခြင်းရှိ၊ မရှိတို့ကို ၅ ပတ်အတွင်း အပြီးစိစစ်ရန်ညွှန်ကြားထားကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ရာရောင်းချရေးကော်မတီမှ ပထမအသုတ်အနေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ အခန်းပေါင်း ၈၆၄ ခန်းကို မဲနှိုက်ရောင်းချခဲ့ပြီး မဲပေါက်၍ လာရောက်ဆက်သွယ်သည့် ၇၂၂ ခန်းမှ ၄၈၆ ခန်းသာ လက်ရှိဝယ်ယူနေထိုင်လျက်ရှိပြီး ကျန်အခန်း ၃၀၀ ကျော်မှာ ဆက်သွယ်ဝယ်ယူခြင်းမရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ပထမအသုတ်အနေဖြင့် ရောင်းချပြီးသည့်အိမ်ရာများမှာ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ယုဇနတန်းဖိုးနည်းအိမ်ရာ အပိုင်း (၁)၊ (၂)၊ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ဗန်း တန်ဖိုးနည်းအိမ်ရာအပိုင်း(၁)၊ (၂)၊ မြောက်ဥက္ကလာမြို့နယ်ရှိ ရွှေပေါက်ကံအိမ်ရာ စသည့် အိမ်ရာများနှင့် ထပ်မံရောင်းချနေသော လှိုင်သာယာမြို့နယ်မှ ကျွန်စစ်မင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်များ ဖြစ်သည်။



ရောင်းချပြီးဖြစ်သည့် တန်ဖိုးနည်းတိုက်ခန်းများ၏ ပျမ်းမျှတန်ဖိုးများမှာ အပေါ်ဆုံးထပ် ၁ ခန်းလျှင် ကျပ် ၉၈ သိန်း၊ အောက်ဆုံးထပ် ၁ ခန်းလျှင် ကျပ်သိန်း ၁၂၀ နှင့် ကျပ် ၁၂၅ သိန်းအထိ ရှိပြီး၊ အလယ်ထပ်များရှိ အခန်းမှာအောက်ဆုံးထပ်အခန်းနှင့် ကျပ် ၄၊ ၅ သိန်းခန့်ကွာကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

တိုက်ခန်းများမှာ ၆ ခန်းတွဲ လေးထပ်တိုက်ခန်းများပြီး တန်ဖိုးသင့်အိမ်ရာများမှာ အိမ်ခန်းအနည်းငယ်ပိုကျယ်မည်ဖြစ်ကာ တန်ဖိုးအားဖြင့် အောက်ဆုံးထပ် ၁ ခန်းလျှင် ကျပ်သိန်း ၂၀၀ ကျော်မှ ကျပ်သိန်း ၄၀၀ ကျော်အထိရှိသည်။

တိုက်ခန်းဝယ်ယူသည့်အခါ ပေးသွင်းရသည့် ကနဦးပေးသွင်းငွေ ၃၀ ရာခိုင်နှုန်းကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ပြီး ပေးသွင်းသောနှစ်ကို ယခင် ၁၀ နှစ် အရစ်ကျပေးသွင်းရာမှ ယခုအခါ နှစ်ရှည်အနေနှင့် ၁၅ နှစ်အထိ အရစ်ကျပေးသွင်းနိုင်ကြောင်း သိရသည်။

**ကျော်သူ**

စာ-၃၅ (အရှုံးလည်းကျေစေ မီးလည်းမှန်စေ) မှအဆက်

ယခင်က တနှစ်ကို ကျေးရွာပေါင်း ၅၀ သာ မီးလင်းအောင်လုပ်နိုင်ပါတယ်။ ယခု အစိုးရလက်ထက်မှာ တနှစ်ကို ကျေးရွာပေါင်း ၅၀၀ ခန့် မီးလင်းရေးလုပ်နိုင်ခဲ့ပါတယ်လို့ ကျေးရွာများ မီးလင်းရေးနှင့်ပတ်သက်ပြီး ရှင်းလင်းသွားတာကို ကြည့်လိုက်ရပါတယ်။ ကျွန်တော် အလွန်ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ကျေးရွာတွေမှာ ရေနံဆီမီးခွက်တွေ၊ ဖယောင်းတိုင်မီးတွေ မှုန်ဝါးဝါးထွန်းခဲ့ရတဲ့ ညပေါင်းများစွာ ဖြတ်သန်းခဲ့ရတာကြာခဲ့ပါပြီ။ နောက်ပိုင်း ဘက်ထရီအိုးများနဲ့ မီးထွန်းခဲ့ကြ၊ တီဗွီကြည့်ခဲ့ကြ ရပါတယ်။ ဒါပေမဲ့ အားသွင်းခကများ၊ ဘက်ထရီအိုး ပျက်တာနဲ့ဆို မခံသာကြပါဘူး။ ယခု လျှပ်စစ်မီးကြိုးမရောက်တဲ့ ကျေးရွာတွေမှာ ဆိုလာမီးများသုံးနေကြတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ကျေးရွာတွေမှာ ဆိုလာလမ်းမီးဓာတ်တိုင်များပင် တညလုံးလင်းနေကြပါပြီ။ တနေ့ရွာက ကျွန်တော့်ဦးလေးတော်သူ အလည်လာတဲ့အချိန် မီးပြတ်တာနဲ့တိုးနေပါတယ်။ "တို့ရွာမီးက တညလုံး မပြတ်ဘူးကွ"လို့ ကျွန်တော့်ကို ခနဲ့ပါတယ်။ ဟုတ်ပါတယ် ကျွန်တော်တို့မြို့တွေမှာ ယခု ပူပြင်းတဲ့နွေရာသီဆို မီးခဏခဏပျက်နေပါတယ်။ ယခင်ခေတ်များအတိုင်း ပြန်ဖြစ်နေပါတယ်။ အလှည့်ကျပေးနေတယ်လို့ သိရပါတယ်။ မီးဘာကြောင့် ခဏခဏ ပျက်နေတယ်ဆိုတာကို စာရေးသူ သိချင်စိတ်စောနေမိပါတယ်။ ခါတိုင်းဆိုလျှင် ဖေ့စ်ဘုတ်ဖွင့်ကြည့်လိုက်ရင် သစ်ကိုင်းဓာတ်ကြိုးပေါ်ကျိုးကျပြီး မီးလိုင်းပြတ်တာတို့၊ ၁၂ ဘီးကားက ဓာတ်တိုင်ဝင်တိုက်တာတို့၊ အားကောင်းတဲ့ transformer အသစ်လဲတာတို့၊ လိုင်းသစ်တွေတိုးချဲ့လို့ ခေတ္တမီးလိုင်းဖြတ်တာတို့ စသည်ဖြင့် ဖတ်ရပါတယ်။ အကျိုးအကြောင်းသိတော့ ပြည်သူတို့စိတ်သက်သာရာရတာပေါ့။

ယခုတော့ ဖေ့စ်ဘုတ်ပေါ် EPC ကလည်း မတင်၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း မတင်၊ ပြည်သူများကလည်း ဘာမှုမသိရလေတော့ ရိုးတိုးရွတာဖြစ်နေကြပြီလေ။ လွှတ်တော်ကိုယ်စားလှယ်အချို့တို့ကတော့ ဘယ်ကိုသွားတယ်။ ဘယ်ကပြန်လာပါပြီ၊ ထမင်းစားနေပါပြီ၊ ထမင်းစားပြီးပါပြီ၊ ရေသောက်ပြီးပါပြီ စသည်ဖြင့် ထမင်းစားရေသောက် ကိစ္စလေးတွေတော့ လိုင်းပေါ်တက်လာတာများ တွေ့မိပါတယ်ဗျာ။ နောက်လျှပ်စစ်မီးနဲ့ပတ်သက်ပြီး ကြားဖူးနားဝတခုရှိပါသေးတယ်။ အစိုးရက လျှပ်စစ်မီးပေးတာ အရှုံးခံပေးရတာပါတဲ့၊ တကယ်တော့ အရှုံးမခံသင့်ဘူးလို့ မြင်ပါတယ်။ သင့်လျော်တဲ့နှုန်းထားယူပြီး မီးမှန်အောင်ပေးမယ်။ မီးအား ကောင်းအောင်ပေးမယ်။ မီးလိုင်းတွေတိုးချဲ့ပေးရင် ကျေနပ်ရမှာပါ။ တန်ရာတန်ဖိုးတော့ပေးရမှာပေါ့။ အရှုံးခံတဲ့ငွေကလည်း ပြည်သူ့ဘဏ္ဍာထဲကပဲ စိုက်ပေးရတာဖြစ်တဲ့အတွက် မထူးပါဘူး။ ယခင်အဆက်ဆက်က ရေတိုကုထုံးပါ။ ရေရှည်မှာတော့ အဖြေကထွက်လာပါပြီ။ လျှပ်စစ်ကဏ္ဍကိုကောင်းမွန်အောင် မီးမှန်အောင်မပေးနိုင်တဲ့အတွက် တိုင်းပြည်ရဲ့လုပ်ငန်းအသီးသီးကို ထိခိုက်စေပါတယ်။

ဒါကြောင့် လျှပ်စစ်မီးအတွက် အရှုံးမခံသင့်ပါ။ ပြီးရင် မီးမှန်အောင်ပေးပါ။ လျှပ်စစ်မီး မရောက်သေးတဲ့နေရာတွေကိုလည်း မီးရောက်အောင်ပို့ပေးပါ။ မီးသုံးသူတွေကလည်း အရှုံးပေါ်လို့ စိုက်ထည့်ငွေတွေဟာ ငါတို့ငွေတွေပါပဲဆိုတာ သိဖို့လိုပါတယ်။ မီးမှန်ရင် ငါတို့ရဲ့ လူနေမှုဘဝ မြင့်တက်မယ်ဆိုတာလည်း ယုံကြည်ပါ။ ပြောချင်တာတခု ရှိပါသေးတယ်။ နေ့ခင်းကြောင်တောင် လမ်းမီးတွေ လင်းနေတဲ့ကိစ္စပါ။ အလဟဿဖြစ်တာ အလွန်နှမြောစရာပါ။ စာရေးသူကတော့ လမ်းမီး အဖွင့်အပိတ်နေရာ သိသွားတော့ နေ့ခင်းဖက်မီးလင်းနေတာတွေ့ရင်သွား ပိတ်လိုက်ပါတယ်။ ညဖက်မီးမလင်းသေးရင် သွားဖွင့်လိုက်ပါတယ်။ လျှပ်စစ်ဝန်ထမ်းတွေအနေနဲ့ ကိုယ်မပိတ်နိုင်ရင်လည်း နီးစပ်တဲ့အိမ်တအိမ်ကို အဖွင့်အပိတ်လုပ်ခိုင်းရင်လည်း ရနိုင်ပါတယ်။ ခက်ခဲတဲ့အလုပ်မှ မဟုတ်တာ။

ယခုတလော အပူပြင်းချိန်မှာ ကြေညာပြီးပြတ်တဲ့အခါရှိတယ်။ မကြေညာဘဲပြတ်တဲ့အခါ ရှိတယ်။ ခဏပြတ်တာရှိတယ်။ အကြာကြီးပြတ်တာရှိတယ်။ ခုခေတ်ဓာခုထူးတာကတော့ မီးအားကောင်းတယ်။ တချို့ဆို မီးအားမြင့်စက်တွေ အလကားဖြစ်ကုန်တယ်။ သိပ်လည်း မချီးကျူးရဲသေးပါဘူး။ မြန်မာတွေဟာ သိပ်အချီးကျူးမခံဘူးဗျ။ ဒီလက်ဖက်ရည်ဆိုင်အဖျော်ကောင်းတယ် နာမည်ရလာလို့ လက်ဖက်ရည်သောက်သူတော်တော်လိုက်လာပြီဆိုရင် နို့ဆီနို့စိမ်းလျှော့ထည့်တော့တယ်။ အခြားကုန်ပစ္စည်းတွေလည်း ဒီလိုပဲ အစပိုင်းလေး ကောင်းအောင်လုပ်ပြတယ်။ အဝယ်လိုက်လာပြီဆို အရည်အသွေးခိုပစ်လိုက်တယ်။ အစကောင်းပြီး အနှောင်းမသေချာဆိုတာ မြန်မာတွေပဲ။ ဒီလိုပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ စတက်တော့ မြို့အသီးသီးမှာ ပါတီဝင်တွေကောက်လိုက်ကြတဲ့အမှိုက်။ ခုများအမှိုက်တွေမရှိတော့လို့ မကောက်ကြလေရော့သလား။ မကောက်နိုင်းတော့လို့လား။ တကယ်တော့ တပတ်တခါ၊ ဒါမှမဟုတ် တလတခါလောက်တော့ ကောက်ပြသင့်တာပေါ့။ ဘယ်သူဘာပြောပြော အမှိုက်ကောက်တာအကျိုးရှိတယ်လို့မြင်ပါတယ်။ ဒါမှအတု ယူသင့်တဲ့သူတွေအတုယူ။ စည်းကမ်းမဲ့သူတွေလည်း သတိရှိဆင်ခြင်သွားနိုင်တာပေါ့။ ခုတော့ လိုမ့်မယ်ကြဲရုံရှိသေး အရှိန်ကသေသွားသလိုဖြစ်နေပါတယ်။

လျှပ်စစ်မီးလည်း ဒီလိုပါပဲ။ NLD အစိုးရတက်လာပြီး လျှပ်စစ်မီးများတိုးချဲ့ပေးလာတာ မီးအားတွေကောင်းလာတာတွေကြည့်ပြီး ကျေနပ်အားရနေချိန် သက်တမ်းလေးနှစ်မြောက် ယခုနွေခေါင်ခေါင်မှာ မီးတွေ ခဏခဏပြတ်လာတယ်။ ဘာကြောင့်ပြတ်မှန်းမသိ။ စာရေးသူတို့ကလည်း သက်ဆိုင်ရာလူကြီးသူကြီးတွေနဲ့လည်း အလှမ်းကဝေးတော့ facebook တွေမှာ ဘယ်လိုတင်လာမလဲ ကြည့်တော့လည်းမတွေ့ရ။ လွှတ်တော်ကိုယ်စားလှယ်တဦးရဲ့ပို့စ်မှာ သိရလိုသိငြားဝင်ရေးတော့လည်း တုံ့ပြန်မလာ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း နယ်တွေဆင်း၊ အလုပ်တွေများလို့ မီးပြတ်တာတောင်မသိရရှာတာနေမှာလို့ ဖြေသိမ့်လိုက်ရပါတယ်ဗျာ။ ကိုယ်က ရွေးထားတဲ့သူဆိုတော့လည်း ဖြေကြည့်ရတော့မှာပေါ့နော်။ ငါးနှစ်ကလည်း ပြည့်တော့မှာပဲ။

စာရေးသူလည်း မီးခဏခဏဘာကြောင့်ပြတ်တာလဲဆိုတာသိချင်စိတ်တွေ တဖွားဖွားပေါ်နေချိန် တီဗွီသတင်းတခုမှာ စာရေးသူသိချင်တာပါလာတယ်။ မီးမမှန်ရတဲ့အကြောင်းက ယခုနှစ် အပူရှိန်ပြင်းထန်လို့ ဆည်ရေများခန်းခြောက်မှုကြောင့် တာဘိုင်များလည်ပတ်အားနည်းတာရယ်၊ အပူရှိန်များလို့ အဲယားကွန်းအသုံးပြုမှုများတဲ့အတွက် မီးများအလှည့်ကျပေးနေရကြောင်း၊ ဇွန်လလောက်မှသာ မီးပုံမှန်ရမယ်ဆိုတဲ့အကြောင်း တာဝန်ရှိသူတယောက်ဖြေကြားသွားတာတွေ့ရပါတယ်။ ဒီလိုသိရတော့ ကျေနပ်ရတာပေါ့။ မကျေနပ်လို့လည်း မီးက မှန်နေမှာမှမဟုတ်တာ။ တာဝန်ရှိသူတွေအနေနဲ့လည်း ဒီရာသီမှာ ဒီလိုဖြစ်တတ်ရင် နောက်နှစ်တွေအတွက် ကြိုတင်ပြင်ဆင်မှုတွေတော့ လုပ်ထားသင့်ပါတယ်။ ဒါမှနောင်နှစ်တွေ မီးသိပ်မပြတ်တော့မှာ။ ပြည်သူတွေလည်း မိမိတို့ရွေးချယ်တဲ့ အစိုးရတင်ရကျိုးနပ်မှာပါ။ ပြည်သူကတော့ တက်လာတဲ့အစိုးရတိုင်းကို မျက်လုံးဒေါက်ထောက်ကြည့်နေမှာအမှန်ပါ။ လောလောဆယ်မှာတော့ အရှုံးလည်းကျေပါစေ မီးလည်းမှန်ပါစေလို့ဆုတောင်း ယင်းမိုးရွာတော့မယ့် ဇွန်လကို စိတ်ရှည်စွာစောင့်မျှော်နေရုံသာ ရှိပါတော့တယ်။

**ခင်အောင်ထွန်း(ဟသ်ာတ)**

www.free4readers.com



# ဗိုလ်ချုပ်ကြီးတဦး သူ၏သားနှင့် ဖယ်ရှားခံအာဏာရှင်တဦး

S.M



ဆူဒန်စစ်ဌာနချုပ်၏ ရှေ့ဘက်ရှိ လမ်းပေါ်အုပ်မိုးနေသော ကြော်ငြာဆိုင်းဘုတ်တခုပေါ်သို့ ဆန္ဒပြလူငယ်တဦး တက်ရောက်နေသည်ကိုတွေ့မြင်ရစဉ်

အိုမာဟက်ဆန်အာမက်အယ်လ်ဘရှားသည် ၁၉၈၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ဆူဒန်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာ အုပ်ချုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဆူဒန်စစ်တပ်မှ ဗိုလ်မှူးချုပ်တဦးဖြစ်သူ အယ်လ်ဘရှားသည် ဝန်ကြီးချုပ်ဆာဒစ်အယ်လ်မဟာဒီ၏ ဒီမိုကရေစီအရ ရွေးကောက်ခံအစိုးရကို ဖယ်ရှားခဲ့သည့် စစ်အာဏာသိမ်းမှုတရပ်ကို ဦးဆောင်ခဲ့သည်။ ယင်းအချိန်မှစပြီး အယ်လ်ဘရှားသည် သမ္မတအဖြစ် သုံးကြိမ်တိုင် ရွေးချယ်ခံရသည်။ ရွေးကောက်ပွဲ သုံးခုစလုံးတွင် မသမာမှုများရှိခဲ့သည်ဟု သူ၏ နိုင်ငံရေးရန်သူများက စွပ်စွဲကြသည်။ ၂၀၀၉ ခုနှစ် မတ်လတွင် အယ်လ်ဘရှားသည် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (ICC) ၏ တရားစွဲဆိုခြင်းခံရသည့် ပထမဆုံး ရာထူး လက်ရှိသမ္မတဖြစ်လာခဲ့သည်။ ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် အရပ်သားများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လုယက်ဖျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ဆင်ရေးတရပ်ကို အယ်လ်ဘရှားက ညွှန်ကြားခဲ့သည်ဟု စွပ်စွဲပြီး အိုင်စီစီ (ICC) မှ တရားစွဲခြင်း ဖြစ်သည်။

ဒါဖာဒေသစစ်ပွဲတွင် လူ ၁၀၀၀၀ ခန့် သေဆုံးခဲ့သည်ဟု ဆူဒန်အစိုးရက ထုတ်ပြန်သည်။ သို့သော် သတင်းရင်းမြစ်အများစုက လူ ၂၀၀,၀၀၀ နှင့် ၄၀၀,၀၀၀ ကြား သေဆုံးခဲ့သည်ဟု ဆိုကြသည်။ ပြည်တွင်းစစ်ကြောင့် လူဦးရေ ၆ ဒသမ ၂ သန်းရှိသော ဒါဖာဒေသတွင် လူ ၂ ဒသမ ၅ သန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစပြီး သမ္မတဘရှားသည် ကြီးမားကျယ်ပြန့်သော ကန့်ကွက်ဆန္ဒပြမှုများနှင့် ကြုံတွေ့လာရသည်။ ဆန္ဒပြသူများက သမ္မတကို ရာထူးမှ ဖယ်ရှားရန် တောင်းဆိုခဲ့ကြသည်။ သမ္မတက ယင်းတောင်းဆိုမှုများကိုပယ်ချခဲ့သဖြင့် ကန့်ကွက်ဆန္ဒပြမှု အရှိန်အဟုန် ပိုပြီးမြင့်တက်လာခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီလသို့ရောက်ချိန်တွင် သမ္မတ၏ အခြေအနေသည် မရေရာ မသေချာ ဖြစ်လာသည်။

ကန့်ကွက်ဆန္ဒပြသူများသည် ဆူဒန်စစ်ဌာနချုပ်၏ ဂိတ်ပေါက်ဝများတွင် စုဝေးပြီး သမ္မတအယ်လ်ဘရှားကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြသည်။ လေတပ်ဦးစီးချုပ်က ဌာနချုပ်ထဲမှ ထွက်လာပြီး ကန့်ကွက်ဆန္ဒပြသူများကို မိန့်ခွန်းပြောကြားသည်။ ဒုတိယဗိုလ်ချုပ်ကြီး ဆာလာအဗ္ဗဒယ်ခါလစ်သည် ဆူဒန်နိုင်ငံ၏ စစ်ပွဲပေါင်းများစွာတွင် ပါဝင်ဆင်နွှဲခဲ့ပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး ဆာလာအဗ္ဗဒယ်ခါလစ်က ဆန္ဒပြသူများအနေနှင့် စစ်တပ်ကို ကြောက်စရာမလိုဟု ပြောသည်။ "ဒီစစ်တပ်ဟာ ခင်ဗျားတို့ရဲ့ စစ်တပ်ဖြစ်တယ်။ ကျွန်ုပ်တို့ဟာ ခင်ဗျားတို့ကို တိုက်ခိုက်မှာ မဟုတ်ဘူး"ဟု ၎င်းက ပြောသည်။

ကန့်ကွက်ဆန္ဒပြနေကြသည့် လူအုပ်ကြီးထဲတွင် ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ခါလစ်၏သား အဗ္ဗဒယ်ခါလစ်ဆာလာ ၂၈ နှစ်လည်း ပါဝင်သည်။ သူသည် ခရီးသည်တင်လေကြောင်းလိုင်းမှ လေယာဉ်မှူးတဦးဖြစ်သည်။ သမ္မတအယ်လ်ဘရှားလက်ထက် ဆယ်စုနှစ်များစွာကြာ တိုင်းပြည်ဆုတ်ယုတ်ကျဆင်းနေမှုအပေါ် သူ့အနေနှင့် စိတ်ကုန်ခန်းလျက်ရှိသည်။ ထို့ကြောင့် သူသည် သူ့ဖခင်၏ ရုံးရှေ့ကန့်ကွက်ဆန္ဒပြပွဲ၌ ပါဝင်ခဲ့ခြင်း ဖြစ်သည်။ "အများနဲ့ဆိုင်တဲ့ အရေးကိစ္စဆိုတော့ ပါဝင်ရတာပေါ့ဗျာ"ဟု ခါလစ်ဆာလာက ပြောသည်။

ဗိုလ်ချုပ်ကြီးက သားဖြစ်သူ၏ ပြောစကားအပေါ် ခေါင်းညိတ်သည်။ "ပထမတော့ ကျွန်တော် သဘောမတူဘူး။ ဒါပေမဲ့ လူငယ်လူရွယ်တွေလိုလားတဲ့ အပြောင်းအလဲ ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ဗိုလ်ချုပ်ကြီးနှင့်သားဖြစ်သူတို့၏ အကွဲအပြဲက ဆူဒန်နိုင်ငံတွင် ပိုမိုကျယ်ပြန့်သော တင်းမာမှုများ ဖြစ်ပေါ်နေကြောင်း ထင်ဟပ်ဖော်ပြရာရောက်သည်။ ဆူဒန်တွင် တိုင်းပြည်၏ အနာဂတ်နှင့်ပတ်သက်ပြီး အရပ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များ အကြိတ်အနယ် စေ့စပ်ဆွေးနွေးနေကြသည်။ နှစ်ဘက်စလုံးက တိုင်းပြည်အာဏာကိုထိန်းချုပ်ရန် အားပြိုင်နေကြသည်။ နှစ်ဘက်စလုံးက အာဏာရှင် မစ္စတာအယ်လ်ဘရှား၏ နှစ်ပေါင်း ၃၀ ကြာ မတော်မတရား အုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲမည်ဟု ကတိပြုသည်။ သို့သော် ဧပြီ ၂၁ ရက်တွင် စစ်ဘက်ခေါင်းဆောင်နှင့် ဆန္ဒပြခေါင်းဆောင်များအကြား ဆွေးနွေးပွဲများ ပျက်ပြားသွားပြီး တင်းမာမှုများ မြင့်တက်လာခဲ့သည်။

ဗိုလ်ချုပ်ကြီးအဗ္ဗဒယ်ခါလစ်နှင့် အခြားစီနီယာဗိုလ်ချုပ်ကြီးများသည် ဧပြီလ ၁၁ ရက် အရုဏ်တက်အချိန်သွေးထွက်သံယိုမရှိသော အာဏာသိမ်းပိုက်မှုတခုတွင် သမ္မတအယ်လ်ဘရှားကို ဖယ်ရှားခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးများသည် အယ်လ်ဘရှား၏ ဆယ်လူလာဖုန်းများကို ပိတ်ဆို့ရန် အသံလိုင်းဖျက်ကိရိယာများကို အသုံးပြုခဲ့ကြသည်။ သမ္မတဘရှားသည် ဆက်သွယ်ရေးများ ဖြတ်တောက်ခံရသည်ကို သတိပြုမိသောအခါ အံ့အားသင့်ပြီး ဒေါသထွက်ခဲ့သည်ဟု ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ခါလစ်က ပြောပြသည်။

ယခုအခါ ဗိုလ်ချုပ်ကြီးအဗ္ဗဒယ်ခါလစ်သည် အဖွဲ့ဝင် ၁၀ ဦးပါသော စစ်ဘက်အသွင်ကူးပြောင်းရေးကောင်စီ၏ အဖွဲ့ဝင်တဦးဖြစ်လာသည်။ တိုင်းပြည်တွင် သြဇာတိက္ကမ အရှိဆုံး အမျိုးသားများအနက် တဦးဖြစ်သည်။ သမ္မတဟောင်း အယ်လ်ဘရှားကို နာမည်ဆိုးဖြင့် ကျော်ကြားသည့် ခါတွန်အကျဉ်းထောင်တခုတွင် ထိန်းသိမ်းထားသည်။ သူ့ကို ငွေကြေးခဝါချမှု၊ အခြားဘဏ္ဍာရေးဆိုင်ပြစ်မှုများဖြင့် စုံစမ်းစစ်ဆေးနေသည်။ အစိုးရရှေ့နေများသည် မစ္စတာဘရှား၏ နေအိမ် တအိမ်ကို စီးနင်းရှာဖွေရာတွင် ဒေါ်လာ ၁၁၂ သန်းတန်ဖိုးရှိငွေကြေးများကို သိမ်းဆည်းမိခဲ့သည်ဟု ဗိုလ် ချုပ်ကြီးအဗ္ဗဒယ်ခါလစ်က ပြောကြားခဲ့သည်။

ဆူဒန်စစ်တပ်မှ ဗိုလ်ချုပ်ကြီးများသည် သမ္မတ အယ်လ်ဘရှားကို အလွယ်တကူ ဖယ်ရှားနိုင်ခဲ့သော်လည်း ပြည်သူလူထု၏ ဆန့်ကျင်ကန့်ကွက်မှုနှင့် ဆက်လက်ကြုံတွေ့နေရသည်။ ပြည်သူလူထုက ၎င်းတို့၏ အာဏာရှင်စနစ်ဆန့်ကျင်သည့် တော်လှန်ရေးကို စစ်ဗိုလ်ချုပ်ကြီးများက လုယူသွားခဲ့သည်ဟု ယူဆသည်။ စစ်တပ်အနေနှင့် အာဏာကို အရပ်သားအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်လည်း ဆန္ဒပြသူများက တောင်းဆိုကြသည်။ လူငယ်လူရွယ် ကန့်ကွက်ဆန္ဒပြသူထောင်ပေါင်းများစွာတို့သည် ဆူဒန်စစ်ဌာနချုပ် အပြင်ဘက်၌ ဆက်လက်ပြီး ဆန္ဒပြနေကြသည်။ အရပ်ဘက်အုပ်ချုပ်ရေးသို့ အမြန်ဆုံး အာဏာလွှဲပြောင်းပေးရန် ၎င်းတို့၏တောင်းဆိုမှုကို စစ်တပ်က အာမခံချက်မပေးမချင်း နေရာမှထွက်ခွာမည် မဟုတ်ဟု ကြွေးဆိုကြသည်။ ယခုချိန်ထိ ကန့်ကွက်ဆန္ဒပြမှုများသည် ငြိမ်းငြိမ်းချမ်းချမ်းရှိပြီး လူငယ်ထုကို အကြီးအကျယ် ဆွဲဆောင်နိုင်လျက်ရှိသည်။ မစ္စတာဘရှား၏ ရက်စက်ယုတ်မာဆိုးသွမ်းသည့် အုပ်ချုပ်မှု ပြီးဆုံးသွားပြီဆိုသော ပေါ့ပါးလွတ်လပ်သည့်စိတ်ဖြင့် ကန့်ကွက်ဆန္ဒပြသူများသည် သီချင်းဆိုကြ၊ ကခုန်ကြ၊ မိန့်ခွန်းပြောကြ၊ ပပလွှားလွှားလုပ်နေကြသည်။



ဆူဒန်အာဏာသိမ်းစစ်ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဆာလာအဗ္ဗဒယ်ခါလစ်

ဧပြီ ၂၁ တွင် ထောင်ပေါင်းများစွာသော လူများသည် အကြီးကျယ်ဆုံး ဆန္ဒပြမှုများအနက်တခုအတွက် စုဝေးခဲ့ကြသည်။ ရူးရူလင်းထိန်သော အလင်းရောင်ပင်လယ်ကြီးတခုကို ဖန်တီးရန် ၎င်းတို့၏ ဆယ်လူလာဖုန်းများကို မြှောက်ကိုင်ထားကြသည်။ မီးရထားတံတားတစင်း၏ အစွန်းပေါ်တွင်ထိုင်လျက် သံပေါင်ကို ကျောက်တုံးများဖြင့်ထုကာ ကြွေးကြော်သံများကို သံပြိုင်သီဆိုကြသည်။ အချို့က တိုင်းပြည်၏ ကြားဖြတ်ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ဖက်တား အယ်လ်ဘာဟန်ကို အရိုင်းအစိုင်းကောင်တဦးဟု ဝေဖန်ရှုတ်ချကြသည်။

ဧပြီ ၂၂ တွင် ဗိုလ်ချုပ်ကြီးအယ်လ်ဘာဟန်က ဆန္ဒပြသူများကို ၎င်းတို့ ထိုင်သပိတ်မှောက်သည့် နေရာများမှ ထွက်ခွာကြရန် တိုက်တွန်းသည်။ လုံခြုံရေးသည် စစ်ဘက်၏တာဝန်ဖြစ်သည်ဟု ၎င်းကပြောကြားသည်။ အယ်လ်ဘာဟန်၏ ကြေညာချက်က ငြိမ်းချမ်းစွာဆန္ဒပြမှုအခြေအနေပျက်ပြားပြီး အဆုံးသတ်သွားမည်ကို ဆန္ဒပြသူများက စိုးရိမ်နေကြသည်။

အင်တာဗျူးတခုတွင် ဗိုလ်ချုပ်ကြီးအဗ္ဗဒယ်ခါလစ်က သူ့အနေနှင့် အရပ်ဘက်အုပ်ချုပ်ရေးဖြစ်ပေါ်လာရေးကို ထောက်ခံကြောင်း၊ သို့ရာတွင် အရပ်ဘက်ခေါင်းဆောင်များထံ စစ်တပ်က အမြန်ဆုံး အာဏာလွှဲပြောင်းရန် ဆန္ဒပြခေါင်းဆောင်များအနေနှင့် ဆက်လက်ဖိအားပေးနေပါက ဆိုးရွားသည့်အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးသည်။

"ဒီအယူအဆက ကျွန်တော်တို့ကို ပြည်တွင်းစစ်ထဲတွန်းပို့ရာရောက်တယ်"ဟု ဗိုလ်ချုပ်ကြီးက ဆိုသည်။

ဗိုလ်ချုပ်ကြီး အဗ္ဗဒူခါလစ်သည် သမ္မတအယ်လ်ဘရှားအပေါ် နှစ်ရှည်လများသစ္စာခံခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကန့်ကွက်ဆန္ဒပြမှုများ အရှိန်ရလာစဉ် မစ္စတာအယ်လ်ဘရှားသည် သူ့ကို လေတပ်ဦးစီးချုပ်အဖြစ် ရာထူးတိုးမြှင့်ပေးခဲ့သည်။ ဗိုလ်ချုပ်ကြီးခါလစ်၏နေအိမ် ဧည့်ခန်းမထဲ၌ မစ္စတာဘရှားနှင့်ခါလစ်တို့ နှစ်ယောက်တွဲဓာတ်ပုံကို ချိတ်ဆွဲထားတုန်း တွေ့မြင်ရသည်။ သို့ရာတွင် ဧပြီ ၆ ရက်နေ့က ဆူဒန်စစ်ဌာနချုပ်၏ ဂိတ်ပေါက်ဝများ၌ ကန့်ကွက်ဆန္ဒပြသူများ

စာ (၃၃) သို့

www.free4readers.com

